ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday 7 September 2018 ၉၄၀၂

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပ

အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ ဥပဒေကြမ်းနှစ်ခုနှင့် စပ်လျဉ်းသည့် မူသဘောအကြောင်းအရာများနှင့် မူနှင့်အခြေခံသဘော ဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း၊ ချေးငွေနှစ်ခု ရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ ဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်းသည့် မူသဘောအကြောင်းအရာများနှင့် မူနှင့်အခြေခံသဘော ဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း၊ ချေးငွေနှစ်ခုရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာတို့၏ အသံကိုလည်း နားထောင်သင့်

စာမျက်နှာ » ၇

သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေး စကားဝိုင်းကျင်းပ

စာမျက်နှာ » ၁၀

ကလေးစာပေပွဲတော်(အင်းစိန်)ဖွင့်ပွဲသို့ လာရောက်လေ့လာသူများဖြင့် စည်ကား

စာမျက်နှာ » ၁၁

တောင်ကိုရီးယားသမ္မတဟောင်း လီမြောင်ဘတ်အား ထောင်ဒဏ်နှစ် ၂၀ ချမှတ်ရန် အစိုးရရှေ့နေများ တောင်းဆို

စာမျက်နှာ » ၁၂

မြန်မာ့ပင်လယ်ပြင်တွင် သောင်တင်နေသည့် ကုန်တင်သင်္ဘောဖြစ်စဉ်အပေါ် ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမ္မစိတ္တကျေးရွာအပြင်ဘက် ရေမိုင် ခုနစ်မိုင်ခန့်အကွာ စစ်တောင်းမြစ်ဝအနီး မြန်မာ့ပင်လယ်ပြင်တွင် သောင်တင်နေသည့် MV Sam Ratulangi ကုန်တင်သင်္ဘောဖြစ်စဉ်အပေါ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လက်ရှိဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က "သောင်တင်နေတဲ့နေရာဟာ ကျွန်တော်တို့ နိုင်ငံသားတွေ ငါးဖမ်းတဲ့ ငါးဖမ်းကွက်လည်းဖြစ်ပါတယ်။ ဒီနေရာကနေ သင်္ဘောပျက်ကို ဖယ်ပေးဖို့အတွက် အဓိကထားပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ သင်္ဘောပျက်က ဒီနေရာမှာရှိလို့ မရပါဘူး။ ကျွန်တော်တို့ ရေပိုင်နက်ထဲက ဖယ်ရပါမယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

Independence ဆွဲသင်္ဘောအား တွေ့ရစဉ်။

ကြေးမုံ

တိုင်းရင်းသားပြည်သူများကျန်းမာရေး

ကျန်းမာရေးဝန်ထမ်းများသည် ဆေးကုသမှုခံယူကြမည့် တိုင်းရင်းသားပြည်သူများအတွက် အားကိုးအားထားပြုရသူများဖြစ်သည်။ အထူးသဖြင့် အဓိကဆေးကုသပေးမည့် ဆရာဝန်များကို ပိုမိုမျှော်လင့်ကြသည်။ မြို့ပြများတွင် ဆရာဝန်များနှင့် ထိတွေ့ကုသရန် မခဲယဉ်းသော်လည်း ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင်မူ ဆရာဝန်များနှင့် ထိတွေ့ကုသရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။

နိုင်ငံ၏လူဦးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆရာဝန်အချိုးအစား မျှတမှုမရှိသောကြောင့် ဆရာဝန်ဆိုသည်မှာ အဖိုးတန်ရှားပါးသော အရာဖြစ်နေသည်။ ထိုဒေသများတွင်မူ ရှာဖွေမရနိုင်သောပုဂ္ဂိုလ်များဖြစ်သည်။ ကျန်းမာရေးကဏ္ဍ၌ လိုအပ်လျက်ရှိသည့် ဆရာဝန်များကို နိုင်ငံတော်က နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသော်လည်း ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် လိုအပ်မှုများရှိနေသည်ကို မြင်တွေ့ကြားသိရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် အစဉ်အဆက်လိုအပ်ချက်ဖြစ်နေသော ကျန်းမာရေးကဏ္ဍအတွက် ဝန်ထမ်းများကို နှစ်စဉ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိနှစ်နှစ်တာကာလအတွင်း ကျန်းမာရေးဝန်ထမ်းအသစ် နှစ်သောင်းကျော်ကို ခန့်ထားပေးခဲ့သည်။ ယင်းတွင် ဆရာဝန် ၂၇၂၈ ဦး၊ သူနာပြု ၃၆၅၄ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၄၃၄ ဦး၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၁၁၀၆ ဦး၊ ကျန်းမာရေးမှူး ၃၀၀၊ ကျန်းမာရေးကြီးကြပ် ၃၀၀၀ နှင့် အခြားကျန်းမာရေးဝန်ထမ်းများကို ဒေသအလိုက်ခန့်ထားပေးခဲ့သည်။

နိုင်ငံတော်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနေသော်လည်း ဝေးလံသောဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေဆဲဖြစ်သည်။ အထူးသဖြင့် ထိုဒေသများတွင် ဆရာဝန်မရှိသဖြင့် ပြည်သူများအတွက် ကျန်းမာရေးအခက်တွေ့လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် နေထိုင်မှုဘဝ ခက်ခဲသောထိုဒေသများ၌ ကျွမ်းကျင်ပညာရှင် ဆရာဝန်များမှာ ရေရှည်မနေထိုင်နိုင်သောကြောင့် နိုင်ငံတော်က ဆရာဝန်များကို အလှည့်ကျစေလွှတ်ပေးနေရသည်။

ကျန်းမာရေးကဏ္ဍရှိ ဆရာဝန်လိုအပ်ချက်မှာ လူဦးရေများပြားသော အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများတွင်လည်း လိုအပ်ချက်မြင့်မားနေပြီး ထိုနိုင်ငံများနှင့်နှိုင်းစာလျှင် မြန်မာနိုင်ငံသည် သင့်တင့်သည်ဟု ဆိုနိုင်သည်။ နိုင်ငံ၏လူဦးရေ တစ်သောင်းတွင် ဂျပန်နိုင်ငံ၌ ဆရာဝန် ၂၃ ဦး၊ စင်ကာပူ၌ ၁၉ ဒသမ ၅ ဦး၊ ဗီယက်နမ်၌ ၁၁ ဒသမ ၉ ဦးရှိပြီး မြန်မာနိုင်ငံ၌ ၆ ဒသမ ၁ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံ၌ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ဆရာဝန်လိုအပ်ချက်မှာ အစဉ်အဆက်ဖြစ်ပေါ်လျက်ရှိရာ ယင်းကို ကုစားနိုင်ရန်အတွက် မကြာသေးမီက ဆောင်ရွက်လိုက်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုမိသည်။ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုဖြစ်သည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ‘ဝ’ ဒေသတို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။ အဆင့်မြင့်ပညာအဆင့်တွင် အမြင့်ဆုံးဖြစ်သည့် ဆေးတက္ကသိုလ်သို့ ထိုဒေသမှတိုင်းရင်းသားများအား အထူးအခွင့်အရေးပေးလိုက်ခြင်းသည် ကျန်းမာရေးကဏ္ဍအတွက် တိုးတက်မှုလက္ခဏာဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ လိုအပ်မှုရှိနေသော ဆရာဝန်ကဏ္ဍအတွက် ရရှိလာမည့်အခွင့်အရေးကို ဒေသခံတိုင်းရင်းသားများ လက်လွှတ်မခံဘဲ ဆေးပညာများကို သင်ကြားပြီး မိမိတို့၏ဒေသ၊ မိမိတို့၏ တိုင်းရင်းသားမိဘပြည်သူများအား ထာဝရကျန်းမာရေးစောင့်ရှောက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
DigitalNews
Presented by NPE
www.mdn.gov.mm

ဒုတိယဝန်ကြီး ဦးစိုးအောင် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် သဘာဝဘေး စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးဟောင်းဖြစ်သူ H.E Mr. Masaharu NAKAGAWA နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှု၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဂျပန်အစိုးရက ကူညီပေးနေမှုများ၊ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လက်ရှိအခြေအနေများ၊ ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပဋိပက္ခကင်းဝေးပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် နိုင်ငံတော်အဆင့် ပြည်ထောင်စုစီမံကိန်း (UEHRD) ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများ၊ National Verification Card (NVC) ကတ် ထုတ်ပေးခြင်းနှင့် ယင်းကတ် ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့်အခွင့်အရေးများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေများ၊ IDP Camp များ ပိတ်သိမ်းမှုအခြေအနေများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ နေရပ်စွန့်ခွာသူများအတွက် လွတ်လပ်စွာသွားလာခွင့်၊ အသက်မွေးဝမ်းကျောင်းနှင့်ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများရရှိစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အသျှင်ဦးဥတ္တမနေ့ အခမ်းအနားကျင်းပရေး သတင်းစာရှင်းလင်းပွဲ ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် အာရှနေဝန်း ဆရာတော် အသျှင်ဦးဥတ္တမ၏ (၇၉)နှစ်မြောက် အသျှင်ဦးဥတ္တမနေ့ ဂုဏ်ပြုအခမ်းအနားကို စက်တင်ဘာ ၉ ရက်တွင် ရွှေတိဂုံတောင်ဘက်မုခ်ရှိ ဦးဥတ္တမပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံ လာရောက် ဂုဏ်ပြုစေချင်ကြောင်း ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ယမန်နေ့ မွန်းလွဲပိုင်းက ရွှေတိဂုံအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသော အသျှင်ဦးဥတ္တမနေ့ အခမ်းအနားနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

“အဓိကလုပ်ရတဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့တဲ့ ဆရာတော်ကြီး တစ်ပါး မထင်မရှား ပျံလွန်တော်မူသွားတယ်။ အဲဒီဆရာတော်ကြီး ပျံလွန်တော်မူသွားတာ ၇၉ နှစ်ရှိပြီ။ ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီးတော့ ဆရာတော်ကြီး ပျံလွန်တော်မူတဲ့နေ့မှာ ဂုဏ်ပြုတဲ့ အနေနဲ့ လုပ်တဲ့ပွဲ ဖြစ်ပါတယ်။ အဲဒီနေ့မှာလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံ လာရောက်စေချင်ပါတယ်” ဟု ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ပြောသည်။

အဆိုပါပွဲနှင့်ပတ်သက်၍ အစီအစဉ်များအနေဖြင့် ဆရာတော်ကြီးအား ရည်စူး၍ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် သံဃာတော်များကို ပင့်ဖိတ်ကာ ဓညဝတီကျောင်းတိုက်၌ ဆွမ်းကပ်ခြင်း၊ သင်္ကန်းကပ်ခြင်းနှင့် အမျှပေးဝေခြင်း ကုသိုလ်ကောင်းမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် အသျှင်ဦးဥတ္တမနေ့ အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ရခိုင်စည်တော်များရွှမ်းပြီး အခမ်းအနားအတွင်းသို့ ဝင်ရောက်ခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ် အနေဖြင့် ပန်းခြင်းများချခြင်း၊ ဆရာတော်၏ ထေရုပ္ပတ္တိအား လူပုဂ္ဂိုလ်သုံးဦးက ဟောပြောခြင်းနှင့် ဆရာတော်အကြောင်းအား ကဗျာရွတ်ဆို ဂုဏ်ပြုခြင်းစသည့် အစီအစဉ်များ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမင်းသူ၊ ဇာနည်မောင်၊ စောနိုင်ဝင်း

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၆

ရန်ကုန်(ရွှေဈေး) ၉၈၂၀၀၀ - ၉၈၂၀၀၀ မန္တလေး(ရွှေဈေး) ၉၈၂၀၀၀ - ၉၈၂၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၉၈၅/၁၀၁၀ ကျပ်၊	၁၀၅၀/၁၀၆၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၁၀၀၅/၁၀၃၀ ကျပ်၊	၁၁၀၀/၁၁၁၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၉၉၅/၉၈၀ ကျပ်၊	၁၀၅၀/၁၀၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၉၅/၁၀၂၀ ကျပ်၊	၁၀၆၀/၁၀၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၉၈၅/၁၀၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၀၀/၁၀၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၅၀/၉၆၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၅၃၀.၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၇၈၂.၁
(ဂ)	တရုတ်	တစ်ယွမ်	=	၂၂၄.၀၀
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၆.၆၈၉
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၆၉.၁၆
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁.၃၂၃
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၃၇၄.၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၆.၆၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၁၀၀.၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၁၂.၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ... တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၁၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၉၄၄၂၇

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်

ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယခင်က အရှုံးမရှိခဲ့ဘဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကုန်ကျစရိတ်များတိုးသည့်တိုင် အရှုံးပမာဏများပြားမှုမရှိစေရေးနှင့် အများပြည်သူတို့ သက်သာချောင်ချိစွာ သတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် လတ်တလောတွင် သတင်းစာဈေးနှုန်း တိုးမြှင့်ရောင်းချခြင်းအစား တင်ပြခဲ့သည့်နည်းလမ်းများနှင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်

☆ **ရှေ့ဖုံးမှ**

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

နျူကလီးယားလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်း

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အထက်ပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၁၈-၂၀၁၉ ခုနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီနှစ်ရပ်၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာပါ မူသဘောအကြောင်းအရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘော ဆွေးနွေးခြင်းများ**အပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးသည့်အချက်များအနက်မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်အချက်များကို အတတ်နိုင်ဆုံး အကျဉ်းချုံးပြီး ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း၊ ပထမအချက်ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် ဝင်ငွေအနေဖြင့် ၂၀ ဒသမ ၃၇၄ ဘီလီယံ၊ အသုံးစရိတ်အနေဖြင့် ၂၁ ဒသမ ၅၃၇ ဘီလီယံဖြစ်ပါကြောင်း၊ အရှုံးအနေဖြင့် ၁ ဒသမ ၁၅၈ ဘီလီယံဖြစ်ပေါ်နေမှုအပေါ် နိုင်ငံတော်၏အရင်းအမြစ်များကိုသုံးထားကြောင်း၊ ဝန်ထမ်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့်ခန့်ထားကြောင်း၊ ဈေးကွက်ဝေစုအကြီးမားဆုံးလည်း ရရှိထားကြောင်း၊ ကြော်ငြာများလည်း အများကြီးရရှိထားပါလျက်ဖြင့် အရှုံးဖြစ်ပေါ်ရမှုအပေါ် မေးမြန်းထားခြင်းဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနတွင် ဌာနကြီး(၄)ခုရှိသည့်အနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတစ်ခုသာ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းထဲတွင် ပါဝင်ပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်လျာထားချက်တွင် ဝင်ငွေကျပ် ၂၀ ဒသမ ၃၇၄ ဘီလီယံခန့်ဖြစ်ပြီး အသုံးစရိတ်မှာ ၂၁ ဒသမ ၅၃၇ ဘီလီယံ မဟုတ်ဘဲ ၂၁ ဒသမ ၅၃၁ ဘီလီယံခန့်ဖြစ်ပါကြောင်း။

ဘတ်ဂျက်သုံးစွဲမှုကို အကျဉ်းမျှ ရှင်းလင်းတင်ပြလိုပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် နိုင်ငံတော်၏ ဘတ်ဂျက်ထဲက ငွေလုံးငွေရင်းအသုံးစရိတ်၊ စီမံခန့်ခွဲမှုစရိတ်၊ လစာပင်စင်နှင့် ရောင်းချဖြန့်ဖြူးစရိတ်များသာ ကျခံသုံးစွဲခဲ့ခြင်းဖြစ်ပြီး သာမန်အသုံးစရိတ်များထဲက ကုန်ကြမ်းပစ္စည်းများဖြစ်သည့် စက္ကူ၊ မင်၊ ပုံနှိပ်ရေးပစ္စည်းနှင့် စက်အရန်ပစ္စည်း၊ စက်သုံးဆီဝယ်ယူမှု၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေတို့အား မိမိဘဏ္ဍာရန်ပုံငွေ Other Account(OA) မှ သုံးစွဲခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး ဝန်ထမ်းများ၏ လစာငွေ၊ ပင်စင်လစာငွေများအပါအဝင် သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်း အသုံးစရိတ်များအားလုံးကို ဌာန၏ OA စာရင်းကပင် ကျခံသုံးစွဲလျက်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်များအားလုံးကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ OA စာရင်းမှသုံးစွဲပြီး ငွေလုံးငွေရင်းအသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး နိုင်ငံတော်၏ဘတ်ဂျက်ကို တောင်းခံသုံးစွဲမှုမရှိဘဲ ဝန်ထမ်းများ၏ လစာငွေ၊ အငြိမ်းစားဝန်ထမ်း (၈၄၇) ဦး၏ ပင်စင်လစာငွေများအပါအဝင် သာမန်အသုံးစရိတ်များအားလုံးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအားလုံးကို ဌာန၏ OA စာရင်းကပင် ကျခံသုံးစွဲလျက်ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်သတင်းစာများကို ရောင်းချရာတွင် ငွေကြေးအမြတ်အစွန်းရရှိရေးထက် ပြည်သူလူထုထံ သတင်းစာများ ဈေးနှုန်းချိုသာစွာဖြင့် ရောက်ရှိရေး၊ အများပြည်သူတို့ သတင်းအချက်အလက်များပြည့်ဝစွာရရှိရေးတို့ကို အလေးထားပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စာမျက်နှာ (၃၂) မျက်နှာပါ သတင်းစာတစ်စောင်၏ ထုတ်လုပ်မှုတန်ဖိုးမှာ(၁၁၅) ကျပ်ခန့်ဖြစ်သော်လည်း ၅၀ ကျပ်ဖြင့်သာ ဈေးနှုန်းလျှော့ချပြီး ရောင်းချပေးနေခြင်း ဖြစ်ပါကြောင်း။

ယင်းသို့ရောင်းချနေသော်လည်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယနေ့အထိ အရှုံးဖြစ်ပေါ်ခဲ့ခြင်းမျိုးမရှိခဲ့ကြောင်းကို ၂၀၁၁-၂၀၁၂ မှ ၂၀၁၈ ခုနှစ်၊ ပထမ ၆ လ စာရင်းများအရတွေ့ရှိရပါကြောင်း၊ သို့သော်လည်းယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းတွက်ချက် တင်ပြရာတွင် စာရင်းအရ ဝင်ငွေထက်ပိုသည့် အသုံးစရိတ်ဖြစ်ပေါ်သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများမှာ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရာတွင် သုံးစွဲရသည့်နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာခြင်း၊ သတင်းစာရိုက်နှိပ်သည့် စက္ကူ၊ မင်အပါအဝင် ကုန်ကြမ်းဈေးနှုန်းများ တိုးမြှင့်လာခြင်း၊ ပြောင်းလဲတိုးတက်လာသည့် နည်းပညာအရ Online Media အသုံးပြုမှုများလာပြီး ပုံနှိပ်မီဒီယာများတွင် ကြော်ငြာထည့်သွင်းမှုများ လျော့နည်းလာသည့်အတွက် ယခင်နှစ်များကထက် ကြော်ငြာဝင်ငွေလျော့နည်းလာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ထို့အတွက် ငွေကျပ်သန်း ၁၁၅၇ ဒသမ ၅၇၇ သန်းခန့် အရှုံးဖြစ်ပေါ်နိုင်ကြောင်း တွက်ချက်တင်ပြခဲ့ရခြင်းဖြစ်ပါကြောင်း။

တစ်ဖက်ကစာရင်းသဘောအရ ယခုကဲ့သို့ အရှုံးဖြစ်ပေါ်နိုင်မှုအခြေအနေကို တင်ပြခဲ့သော်လည်း တစ်ဖက်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် တတ်နိုင်သမျှ အရှုံးနည်းနိုင်သမျှ နည်းရလေအောင် နည်းလမ်းများရှာဖွေပြီး ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းနည်းလမ်းများမှာ ကျေးလက်ဒေသများသို့ သတင်းစာရောက်ရှိရေးအပါအဝင် စောင်ရေတိုးမြှင့်ရေးဆောင်ရွက်ခြင်း၊ အသုံးစရိတ်များ လျော့နိုင်သမျှ လျော့နည်းစေရန် စိစစ်ဆောင်ရွက်ခြင်း၊ ကြော်ငြာဝင်ငွေအတိုင်းအတာတစ်ခုအထိ တိုးတက်ရရှိစေရန် ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ကြော်ငြာဝင်ငွေကိုတိုးတက်ရရှိရေး ဆောင်ရွက်နေသော်လည်း တစ်ဖက်မှာရှိနေသည့် ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်၊ စာစောင်များ၏ ကြော်ငြာဈေးကွက်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်နေရခြင်းမျိုးလည်းရှိပါကြောင်း၊ အထင်ရှားဆုံးသာဓကကိုပြရလျှင် ယခင်ကဆောင်ရွက်နေသည့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့တွင် ကြားညှပ်ပြီး ထည့်သွင်းဖြန့်ချိနေသည့် ကြော်ငြာအချပ်ပို (၈)မျက်နှာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ရက်မှစပြီး ရပ်ဆိုင်းပေးခဲ့ခြင်းမျိုးဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ လျှော့ပေါ့ပေးခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် အကောက်ခွန် ၃ ရာခိုင်နှုန်း သက်သာခွင့်များရရှိမည်ဖြစ်သည့်အတွက် မူလခန့်မှန်းထားသည်ထက် အရှုံးပမာဏများစွာ ကျဆင်းသွားရန်ရှိမည်ဖြစ်ပါကြောင်း။

ခြုံပြီးတင်ပြရလျှင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယခင်ကအရှုံးမရှိခဲ့ဘဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကုန်ကျစရိတ်များတိုးသည့်တိုင် အရှုံးပမာဏများပြားမှုမရှိစေရေးနှင့် အများပြည်သူတို့ သက်သာချောင်ချိစွာ သတင်းအချက်အလက်များရရှိနိုင်ရေးအတွက် လတ်တလောတွင် သတင်းစာဈေးနှုန်းတိုးမြှင့်ရောင်းချခြင်းအစား တင်ပြခဲ့သည့် နည်းလမ်းများနှင့် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံပိုင်မီဒီယာများသည် ရခိုင်ဒေသ၏ ဖြစ်စဉ်အမှန်များကို နိုင်ငံတကာမှသိရှိစေရန်အတွက် ရှိသမျှစွမ်းအားများကို အသုံးပြုပြီး ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိ

ဒုတိယအချက်အနေဖြင့် ယနေ့ကမ္ဘာပေါ်တွင် တစ်ဖက်သတ်အတိုက်ခိုက်ခံနေရသည့် ရခိုင်အရေးတွင် နိုင်ငံပိုင်မီဒီယာများ၏ စွမ်းဆောင်ရည်သည် များစွာလိုအပ်ချက်ရှိနေကြောင်း၊ ကမ္ဘာ့မီဒီယာများ၏ဖော်ပြချက်ကို ပြန်လည်ဖျက်ပေးနိုင်ခြင်းမရှိခြင်းမှာ အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်ပါကြောင်း ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမည်ဖြစ်ပါကြောင်း။

ပထမဆုံးတင်ပြလိုသည်မှာ ယခုဖြစ်နေသည်မှာ နိုင်ငံရေးစစ်ပွဲဖြစ်သည်ဆိုသည့်အချက်ဖြစ်ပါကြောင်း၊ နိုင်ငံရေးစစ်ပွဲက မီဒီယာမျက်နှာစာတွင် ထင်ဟပ်လာခြင်းဖြစ်ပါကြောင်း၊ ယင်းကို မီဒီယာစစ်ပွဲဟု မှတ်ယူပါက အရင်းခံပြဿနာနှင့် လွဲချော်သွားနိုင်ပါကြောင်း၊ နောက်တစ်ခုတင်ပြလိုသည်မှာ ကမ္ဘာ့မီဒီယာသည် ကြီးကျယ်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာ(သို့မဟုတ်) မြန်မာ့မီဒီယာသည် အင်အားသေးငယ်ပါကြောင်း။

အင်အားသေးငယ်ရခြင်း အကြောင်းအရင်းမှာ နိုင်ငံပိုင်မီဒီယာသည် မူလဘူတ တည်ဆောက်လာစဉ်ကပင် အစိုးရနှင့်ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ကမ္ဘာကိုထိုးဖောက်ရန်ဆိုလျှင် မီဒီယာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လူသားရင်းမြစ်များဖြည့်တင်းရန်လိုပါကြောင်း၊ ယင်းအတွက် ငွေကြေးနှင့် အချိန်ကာလပါ ရင်းနှီးမြှုပ်နှံရန်လိုပါကြောင်း။

သို့သော် ယခုအခြေအနေတွင် နိုင်ငံပိုင်မီဒီယာများသည် ရခိုင်ဒေသ၏ ဖြစ်စဉ်အမှန်များကို နိုင်ငံတကာမှ သိရှိစေရန်အတွက် ရှိသမျှစွမ်းအားများကိုအသုံးပြုပြီး ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၊ မောင်တောဒေသ ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်စွဲဖြင့် “သတင်းထုတ်ပြန်ရေးကော်မတီ”ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၈၈/၂၀၁၇)ဖြင့် “ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သတင်းမှန်ထုတ်ပြန်ရေးကော်မတီ”ကို ထပ်မံဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့ ဖွဲ့စည်းသည့်နေ့မှာပင် သတင်းရယူရေးနှင့် ထုတ်ပြန်ရေးဆိုင်ရာ လုပ်ငန်းရပ်များအား အထောက်အကူပြုနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦး ဦးစီးပြီး နိုင်ငံပိုင်မီဒီယာအဖွဲ့အား ပြည်နယ်အစိုးရသို့ တွဲဖက်ပေးခဲ့ပါကြောင်း။

အဆိုပါ ကော်မတီများ၏ သတင်းထုတ်ပြန်မှုများအပြင် “ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီ” နှင့် “ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ” တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအရပ်ရပ်ကိုလည်း နိုင်ငံပိုင်မီဒီယာများမှ ထုတ်လွှင့်ဖော်ပြလျက်ရှိပါကြောင်း။

ယခုကဲ့သို့ နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ပေးခြင်းများအပြင် ယင်းထုတ်ပြန်မှုများကို အစိုးရအဖွဲ့အစည်း(၂၂)ခု ၊ ပြည်တွင်းအခြေပြု မြန်မာနိုင်ငံဆိုင်ရာ သံရုံး(၄၁)ရုံး၊ ပြည်တွင်း၊ ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာဂျာနယ်(၁၃၇)စောင် စုစုပေါင်းလိပ်စာ (၂၀၀)ထံသို့ အခမဲ့ အသုံးပြုနိုင်ကြောင်း ဖော်ပြပြီး အီးမေးလ်မှတစ်ဆင့် ပေးပို့လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ အကြမ်းဖက်ဖြစ်စဉ်နောက်ပိုင်း နိုင်ငံတော်အစိုးရမှ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေမှုများကို မီဒီယာများမှတစ်ဆင့် ပြည်တွင်း၊ ပြည်ပကကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ပုဂ္ဂလိကပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့များကို ၂၀၁၆ ခုနှစ်မှစ၍ ယနေ့အထိ(၂၅)ကြိမ် စေလွှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် မောင်တောဖြစ်စဉ်များနှင့်ပတ်သက်၍ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ယခုအချိန်ထိဆောင်ရွက်ခဲ့သည့် သတင်းစာရှင်းလင်းပွဲစုစုပေါင်း (၁၇)ကြိမ်ခန့် ရှိပြီးဖြစ်ပါကြောင်း၊ ခြုံပြီးပြောရလျှင် နိုင်ငံပိုင်မီဒီယာ၏ စွမ်းဆောင်ရည်မှာ လိုအပ်ချက်များ ရှိနေသေးသည်ဆိုသည်မှာ မှန်သော်လည်း ရခိုင်ပြည်နယ် မောင်တောဒေသ ဖြစ်စဉ်အပါအဝင် သတင်းများကို အတတ်နိုင်ဆုံး အချိန်နှင့်တစ်ပြေးညီ ဖော်ပြနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတကာမီဒီယာများပါ ပျံ့နှံ့နိုင်ရေးကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွဋ်၏ ဆွေးနွေးချက်ထဲတွင်ပါဝင်သည့် ဒီမိုကရေစီနိုင်ငံများမှာ အစိုးရပိုင်သတင်းစာများ၊ မီဒီယာများဆိုသည်မှာ မရှိပါကြောင်း၊ အစိုးရပိုင်မီဒီယာတွေအားလုံးကို (Privatization) ပုဂ္ဂလိကပိုင်အဖြစ် လုပ်သင့်ပါသည်ဆိုသည့်အချက်ကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

သတင်းစာများ၊ မီဒီယာများဆိုသည်မှာ လူထုဆက်သွယ်ရေးယန္တရားများဖြစ်ပါကြောင်း၊ အများပြည်သူနှင့်ဆက်ဆံရသည့်လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များအနေဖြင့် မိမိတို့၏ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်များမှအစ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ Online မီဒီယာ အသီးသီးရှိသည့်အထဲက မိမိနှင့်ဆီလျော်ရာ လက်လှမ်းမီရာများကို အသုံးပြုရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထုက ရွေးချယ်တာဝန်ပေးမှုအရ တာဝန်ထမ်းဆောင်နေသည့်အခါတွင် မိမိ၏ လုပ်ဆောင်မှုအရပ်ရပ်ကို ဆက်သွယ်ရေးယန္တရားများအသုံးပြုပြီး ပြည်သူလူထုထံ အစီရင်ခံတင်ပြရန် တာဝန်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူကို သတင်းအချက်အလက်ပေးရန်၊ အသိပညာတိုးပွားအောင် အထောက်အကူပေးရန် တာဝန်များရှိသည့်အတွက် ယင်းတာဝန်များကို ထမ်းဆောင်ရာတွင် အသုံးဝင်တန်ဖိုးရှိသည့် သတင်းစာများသည်လည်း မီဒီယာပစ္စည်းတစ်ခုအနေဖြင့် လိုအပ်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၂၀၁၇ ခုနှစ်တွင် ဖြူးချောင်းစက်ရုံ မီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သောကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြား ဆုံးရှုံးနစ်နာခဲ့ရခြင်းနှင့်စပ်လျဉ်း၍ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေရရှိမှု အခြေအနေအရ တည်ဆောက်ရေးလုပ်ငန်းများတွင် သတ်မှတ်ကာလအတွင်း ပြီးစီးမှုမရှိဘဲ ဘဏ္ဍာရေးနှစ်များ ခွဲဝေဆောင်ရွက်ခဲ့ရခြင်းကြောင့်လည်းကောင်း၊ ဘဏ္ဍာရန်ပုံငွေရရှိစဉ်က ဝယ်ယူထားသော စက်ပစ္စည်းများမှာလည်း အချိန်ကြာမြင့်စွာ သိုလှောင်ခဲ့ရသဖြင့် ခံနိုင်ဝန်အားနည်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ High Voltage Room မှ Flashover ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နောင်ဆောင်ရွက်မည့်စီမံကိန်းများတွင် အလားတူဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် အပြစ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ချက်ချင်းကာကွယ်တားဆီးနိုင်သည့် ကောင်းမွန်တိကျခေတ်မီသော ကိရိယာများ ဝယ်ယူတပ်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ *

✻ စာမျက်နှာ ၃ မှ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစီရင်ခံစာအပိုဒ် ၅၁ ပါ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ အရှုံးသက်သာစေရန်နှင့် စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းလေ့လာတင်ပြရန် လမ်းညွှန်ထားပါသဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘတ်ဂျက်လိုငွေကို လျှော့ချနိုင်ရန်အတွက် ရငွေတိုးမြှင့်ရရှိလာစေရန် တစ်ဖက်မှ ဆောင်ရွက်လျက်ရှိပြီး အခြားတစ်ဖက်ဖြစ်သည့် အသုံးစရိတ်ပိုင်းတွင်လည်း နှစ်လတ်ဘဏ္ဍာရေးမူဘောင် ရေးဆွဲ၍ အရင်းအမြစ် ခွဲဝေမှုဆိုင်ရာ မဟာဗျူဟာ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ထောက်ပြအကြံပြုဆွေးနွေးချက်များအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် သက်ဆိုင်ရာဌာနများသို့ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန် လိုအပ်သည်များကို တင်ပြဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ(နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက်)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD)ထံမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၈၄ သန်း ချေးငွေရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချလာနိုင်ပြီး ဒေသဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယခုချေးငွေရယူ အကောင်အထည်ဖော်မည့် စီမံကိန်းသည် ဖွံ့ဖြိုးမှုနည်းပါးပြီး ဆင်းရဲနွမ်းပါးသော ဒေသများရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းဆောင်ရွက်မည့် အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့(IFAD)မှ ချေးငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၈၄ သန်းချေးယူရန်ကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြု၊ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အလားတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ EXIM Bank of Korea ထံမှ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၁၆ သန်းချေး ငွေရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စက်မှုဇုန်ပြင်ပ အခြေခံအဆောက်အအုံများအတွက် ရေ၊ မီး၊ လမ်း လုပ်ငန်း၏ လုပ်ငန်းပိုင်းအလိုက် တည်ဆောက်ရေးကုန်ကျစရိတ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၁၆ သန်းဖြစ်ပါကြောင်း၊ ရေရရှိရေးအတွက် ကလီထော်ဆည်မှ ရေကို ပိုက်လိုင်း ၁၈ ဒသမ ၂၇ ကီလိုမီတာအရှည်ဖြင့် Pumping Station မှတစ်ဆင့် Water Treatment Plant သို့ ရယူသွားမည်ဖြစ်ပြီး တည်ဆောက်ရေးကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၁၃ သန်းဖြစ်ပါကြောင်း၊ အဆင့်မြှင့်ဖောက်လုပ်သွားမည့် လမ်းအကျယ်မှာ ၂၂ မီတာဖြစ်ပြီး ၉ ဒသမ ၄၅ ကီလိုမီတာအရှည်၊ လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၈၀၅ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မြောင်းတကာနှင့် ကမာနတ်ဓာတ်အားခွဲရုံများမှ သွယ်တန်းရယူ၍ 230 KV ဓာတ်အားခွဲရုံနှင့် 100 MVA Transformer ၂ လုံးတို့ဖြင့် ပြန်လည်ဖြန့်ဖြူးသွားမည်ဖြစ်ပြီး တည်ဆောက်ရေးကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၀၉၈ သန်းဖြစ်ပါကြောင်း၊ ရရှိလာနိုင်မည့် အခွန်အခရငွေအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဆယ်သန်းခန့်ကို တည်ဆောက်ရေးကာလ ၃နှစ်နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ၅နှစ်၊ စုစုပေါင်း ၈ နှစ်အကြာတွင် အပြည့်အဝ စတင်ရရှိမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန် တည်ဆောက်ရေးကာလ သုံးနှစ်ပြီးဆုံးသည့်အချိန်တွင် စက်မှုမြေကွက်များအား ရင်းနှီးမြှုပ်နှံသူများထံသို့ ငှားရမ်းသည့်အပေါ်တွင် တံဆိပ်ခေါင်းခွန်အဖြစ် ငွေကျပ် ၉၅၀ သန်းခန့်နှင့် နှစ်စဉ် မြေခွန်အဖြစ် အမေရိကန် ဒေါ်လာ ၂၅၀၀၀၀ ခန့် ကောက်ခံရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းအလုပ်သမားများနှင့် ပြည်ပကျွမ်းကျင်လုပ်သားများထံမှ ဝင်ငွေခွန်နှင့် KMIC ရှိ ရင်းနှီးမြှုပ်နှံသူများသို့ ရေရောင်းချပေးခြင်းနှင့် လျှပ်စစ်မီးအသုံးပြုခြင်းတို့အတွက် ဝင်ငွေရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ချေးငွေများ ရယူခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြင့်၊ အောင်ရဲသွင်(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူကို သတင်းအချက်အလက် ပေးရန်၊ အသိပညာတိုးပွားအောင် အထောက်အကူပေးရန် တာဝန်များရှိသည့်အတွက် ယင်းတာဝန်များကို ထမ်းဆောင်ရာတွင် အသုံးဝင်တန်ဖိုးရှိသည့် သတင်းစာများသည်လည်း မီဒီယာပစ္စည်းတစ်ခုအနေဖြင့် လိုအပ်နေပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း မလေးရှားဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးကိုယ်စားလှယ်အဖြစ် စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ မလေးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမဟာသီယာဘင်မိုဟာမက်အား စက်တင်ဘာ ၅ ရက်တွင် ပူထရာဂျာရားရှိ ဝန်ကြီးချုပ်၏ဧည့်ခန်းမဆောင်တွင် သွားရောက်ဂါရဝပြုတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံခြားရေးဝန်ကြီး ဒါတိုဆိုင်ဖဒ္ဒ် ဒင် အဗဒူလာနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ချုပ်ဆိုထားသော သဘောတူစာချုပ်များနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ အနေဖြင့်လည်း မလေးရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး မလေးရှားလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် ဖိတ်ခေါ်ခဲ့ရာ ၎င်းတို့က မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လိုကြောင်း ဖော်ပြခဲ့ကြသည်ဟု သတင်းရရှိသည်။

သတင်းစဉ်

ASEM Global Ageing Center နှင့် သက်ကြီးရွယ်အိုဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၆

အာရှ-ဥရောပနိုင်ငံများ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ညီလာခံ ဒုတိယနေ့ကို ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Four Seasons ဟိုတယ်တွင် ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ပါဝင်ဆွေးနွေးသည်။

အစည်းအဝေးတွင် အာရှ-ဥရောပ အဖွဲ့ဝင်နိုင်ငံများအတွင်း သက်ကြီးရွယ်အိုများအား ရေရှည်စောင့်ရှောက်မှု၊ နိုင်ငံအလိုက်အရည်အသွေး၊ နည်းပညာ၊ နည်းစနစ်များ ပိုမိုကောင်းမွန်စေရေး၊ သက်ကြီးရွယ်အိုများအား လူမှုစီးပွားရေး၊ နိုင်ငံရေး၊ အလုပ်အကိုင်ရရှိရေးတို့တွင် လျစ်လျူရှုခြင်းနှင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရေး၊ သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သက်ကြီးရွယ်အိုများ ကိုယ်တိုင်နှင့် စောင့်ရှောက်ကူညီပေးသူများ သိရှိနားလည်စေရေး၊ ASEM အဖွဲ့ဝင်နိုင်ငံများအချင်းချင်း သက်ကြီးရွယ်အို အခွင့်အရေးမြှင့်တင်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သတင်းအချက်အလက်များ မျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာများ သုတေသနပြု အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများ အခွင့်အရေး အပြည့်အဝရရှိရေး၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးတို့ကို ဦးတည်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး ဆုံးဖြတ်ချက်များချမှတ်ကာ ညနေပိုင်းတွင် အစည်းအဝေး ပိတ်ပွဲအခမ်းအနားကျင်းပသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း သက်ကြီးရွယ်အိုများ လူ့ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး၊ အခွင့်အရေးအပြည့်အဝရရှိနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ကြီးရွယ်အိုများအား ပစ်ပယ်ခြင်း၊ အသုံးချစေခိုင်းခြင်း၊ ဆင်းရဲနွမ်းပါးခြင်းဆိုင်ရာများနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို ASEM Global Ageing Center နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် လျှပ်စစ်ဓာတ်အားရရှိမှုကဏ္ဍသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍအနေဖြင့် ပါဝင်ကြောင်း၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် တိုင်းပြည်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံအကြောင်းအရင်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အချိန်တိုတိုနှင့် မြန်မြန်ရရှိမည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရန်လိုအပ်ကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုအပိုင်းများတွင် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ ဖြစ်ပေါ်နေခြင်းသည် အားလုံးနှင့်သက်ဆိုင်မှုရှိ၍ နည်းပညာပိုင်းအရအားနည်းချက်များ၊ Losses များ၊ စွမ်းဆောင်ရည်များကို စိစစ်၍ ထုတ်လုပ်မှုစွမ်းရည်များကို ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူရသည့် ဒေသရှိ မြို့နယ်ရုံးများ၊ ဓာတ်အားခွဲရုံများသို့ သွားရောက်၍ သေချာစွာကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအား စစ်ဆေးပြုပြင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများအနေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားလိုင်းများ သွယ်တန်းရာတွင် အဓိကဖြစ်သည့် မြေယာကိစ္စများအား သေချာစွာညှိနှိုင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်ဧရိယာအတွင်းရှိ ပြည်သူများ လျှပ်စစ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်အခက်အခဲများ၊ လိုအပ်ချက်များရှိလာပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန် Call Center များ ထားရှိပေးရန်လိုအပ်ကြောင်း၊ ကျေးလက်လျှပ်စစ်မီးရရှိရေးကော်မတီများအတွက် အထောက်အကူပြုစေရန် လျှပ်စစ်ပိုင်းဆိုင်ရာ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် စေတနာထား၍အနစ်နာခံပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပြည်သူလူထုအတွက် သင့်တော်သော ဈေးနှုန်းဖြင့် ဝန်ဆောင်မှုကောင်း၍ အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ဒေသအလိုက် လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ဖြန့်ဖြူးပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဓာတ်အားပြတ်တောက်မှုအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်က ဆက်လက်ဆောင်ရွက်မည့် ၂၃၀ ကေဗွီနှင့် ၅၀၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်သည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က သုံးသပ်ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

သတင်းစဉ်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၆

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်ဇူနယ်မြေရဲစခန်းမှ ဒုတိယရဲမှူး ထွန်းထွန်းစိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Chakdhala ကင်းစခန်းမှ Naib Subedar Md. Wares Sarkar ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ယမန်နေ့က နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၃)မှ (၄၄)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၆

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၅ ရှိ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးညီညီ ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တာချီလိတ်၌ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်

တာချီလိတ် စက်တင်ဘာ ၆

၂၀၁၇-၂၀၁၈ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ အောင်မြတ်ခန်းမတွင် ကျင်းပရာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး

ဦးမြင့်နိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်သင်းက လူရည်ချွန် ရွေးချယ်မှုစနစ်နှင့် စနစ်သစ်ပညာရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နှစ်ထပ်ကွမ်းလူရည်ချွန်မောင်မယ်နှစ်ဦးအပါအဝင် တာချီလိတ်မြို့နယ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရွေးချယ်ချီးမြှင့်ခံရသည့် လူရည်ချွန်မောင်မယ် ခြောက်ဦးနှင့် ကျောင်းအုပ်ဆရာကြီးများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုငွေသားများအား ချီးမြှင့်ခဲ့ကြသည်။

မောင်ယဉ်ကျေး

❍ မြန်မာ့ပင်လယ်မှ

ထို့အတူပဲ သင်္ဘောပျက် ဒီနေရာမှာ သောင်တင်ပြီး ကျန်နေခဲ့အောင် ဆောင်ရွက်ခဲ့တဲ့ တွဲသင်္ဘောမှာရှိတဲ့ သင်္ဘောသားတွေကိုလည်း ကော့သောင်းမှာ စစ်ဆေးနေပါတယ်။ စစ်ဆေးနေတဲ့အပေါ်မှာ ဒီမတော်တဆမှုဖြစ်ပွားခြင်းဟာ တမင်တကာဖြစ်အောင် ဆောင်ရွက်ခဲ့တာလား၊ မတော်တဆဖြစ်ပြီး ဆောင်ရွက်ခဲ့တာလားဆိုတာ စစ်ဆေးနေပါတယ်။ သင်္ဘောသားတွေ ထွက်ဆိုချက် သက်သေခံအထောက်အထား အားလုံးနဲ့ သူတို့ရဲ့အချက်အလက်တွေကို ဌာနမှာရှိတဲ့ ကျွမ်းကျင်သူတွေ သွားရောက်ပြီး စစ်ဆေးနေပါတယ်။ ဒီစစ်ဆေးတွေ့ရှိချက်တွေအပေါ်မူတည်ပြီးတော့ အချက်အလက်တွေနဲ့ နိုင်ငံတော်ရှေ့နေချုပ်ရုံးကိုတင်ပြပြီး ဥပဒေကြောင်းအရ ဆွဲသင်္ဘောနဲ့ပတ်သက်တာကို ဆက်ပြီး ဆောင်ရွက်သွားမှာပါ” ဟု ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာကုန်သည်သင်္ဘောအက်ဥပဒေအရ ရေယာဉ်ပျက်တစ်ခုတွေ့ရှိပါက သင်္ဘောအက်ဥပဒေ ၂၇၃ အရ သင်္ဘောပျက်လက်ခံရေးထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းရပြီး ရေယာဉ်ပျက် ထိန်းသိမ်းရေးကိစ္စများကို ဆောင်ရွက်ရကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

“သင်္ဘောပျက်လက်ခံရေး ထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့ထားပြီးပါပြီ။ ဒီအဖွဲ့ကနေ ရေယာဉ်ပျက်ထိန်းသိမ်းပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စတွေကို နိုင်ငံတော်ကိုယ်စား ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာကုန်သည်သင်္ဘောအက်ဥပဒေမှာ သတ်မှတ်ထားတာရှိပါတယ်။ မြန်မာကုန်သည်သင်္ဘောအက်ဥပဒေ ၂၇၂ ကနေ ၂၇၉ မှာ ရေယာဉ်ပျက်တစ်စင်းကို ရေပိုင်နက်ထဲမှာတွေ့ရှိရင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ အတိအကျဥပဒေမှာ သတ်မှတ်ထားပါတယ်။ ဥပဒေမှာ သတ်မှတ်ထားတဲ့အတိုင်း သင်္ဘောပျက်လက်ခံရေး ထိန်းသိမ်းရေးအဖွဲ့က တစ်ဆင့်ပြီးတစ်ဆင့် ရေယာဉ်ပျက်ကို ရှိနေတဲ့နေရာကနေပြီးတော့ နိုင်ငံရေပိုင်နက်ကနေ ထွက်ပေးဖို့အတွက် အာမခံကုမ္ပဏီနဲ့ ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုမ္ပဏီက တိုက်ရိုက်မဆက်သွယ်လာဘူးဆိုရင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ဥပဒေထဲမှာ အတိအကျပါပါတယ်။ ဥပဒေအရ ရေယာဉ်ပျက်ဖယ်ရှားရေးကို ဆက်လက်ဆောင်ရွက်သွားမှာပါ” ဟု ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က ပြောကြားသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကော့သောင်းတွင် ထိန်းသိမ်းထားသည့် Independence ဆွဲသင်္ဘောမှ သင်္ဘောသားများအား သောက်သုံးရေနှင့် စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရန် သက်ဆိုင်ရာကုမ္ပဏီကို အကြောင်းကြားပေးပြီး သောက်သုံးရေနှင့် စားနပ်ရိက္ခာ ထောက်ပံ့ပေးရန် စီစဉ်နေကြောင်း သိရသည်။ ထို့အတူ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်သည့် အဆိုပါ သင်္ဘောသားများအား အင်ဒိုနီးရှားသံရုံးက တွေ့ဆုံခွင့်ရရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ဆက်သွယ်လာကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

“အင်ဒိုနီးရှားသံရုံးက သူ့နိုင်ငံသားတွေကို တွေ့ဆုံဖို့ ဆက်သွယ်လာပါတယ်။ စစ်ဆေးမှုပြီးရင်တော့ တွေ့ခွင့်ပေးပါမယ်။ အင်ဒိုနီးရှားသံရုံးအနေနဲ့ မြန်မာနိုင်ငံခြားရေးရုံးကို အကြောင်းကြားပြီး နိုင်ငံခြားရေးရုံးက ခွင့်ပြုရင် စစ်ဆေးမှုပြီးတာနဲ့ တွေ့ခွင့်ပေးမယ်လို့ အကြောင်းပြန်ထားပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က ပြောသည်။

သောင်တင်နေသည့် MV Sam Ratulangi ကုန်တင်သင်္ဘောအား ဆယ်ယူရန်အတွက် အဆိုပါသင်္ဘော၏ အာမခံကုမ္ပဏီ ဖြစ်သည့် စင်ကာပူအခြေစိုက် First Capital ကုမ္ပဏီက ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားလာကြောင်း၊ ရေယာဉ်ပျက်ဖယ်ရှားမည့် ကျွမ်းကျင်အဖွဲ့များ စက်တင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

“MV Sam Ratulangi ကုန်တင်သင်္ဘောက အာမခံထားတာဆိုတော့ သူ့ရဲ့ပိုင်ရှင်ကတော့ မဆက်သွယ်ပါဘူး။ ဒါပေမယ့် ကုန်တင်သင်္ဘောနဲ့ပတ်သက်ပြီး ဆောင်ရွက်ရန်ရှိတာတွေကို အာမခံကုမ္ပဏီဖြစ်တဲ့ စင်ကာပူအခြေစိုက် First Capital ကုမ္ပဏီက သင်္ဘောဆယ်ယူရေးနဲ့ပတ်သက်ပြီး သူတို့ကိုယ်စားဆောင်ရွက်ဖို့ spica services pteltd (Myanmar branch office)က ဆောင်ရွက်ပါမယ်ဆိုပြီး အကြောင်းကြားပါတယ်။ First Capital အာမခံကုမ္ပဏီက ရေယာဉ်ပျက်ဖယ်ရှားဖို့ ရေယာဉ်ပျက်ဖယ်ရှားတဲ့ ကုမ္ပဏီတွေနဲ့ ဆွေးနွေးမှုတွေ လုပ်နေပါတယ်။ ကျွမ်းကျင်အဖွဲ့တွေ မနက်ဖြန် မြန်မာနိုင်ငံကိုလာပါမယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က ပြောသည်။

သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အီတလီသံအမတ်ကြီးအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mrs. Alessandra SCHIAVO အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီတလီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လယ်ယာသားငါးကဏ္ဍဆိုင်ရာ စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံတက္ကသိုလ်များအကြား သင်ကြားမှုသင်ယူမှုဆိုင်ရာများတွင် နည်းပညာဖလှယ်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏သဘာဝဘေးသင့်ဒေသများအတွက် မွေးမြူရေးဆိုင်ရာ တိရစ္ဆာန်အစားအစာများဖူလုံစေရေး၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာများတွင် ကူညီပံ့ပိုးပေးနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် သားငါးကဏ္ဍထုတ်ကုန်များ၏ ထုတ်လုပ်မှုအရည်အသွေးတိုးတက်ရေးနှင့် ယင်းထုတ်ကုန်များအား နိုင်ငံတကာ စံချိန်စံညွှန်းမီ ထောက်ခံချက်လက်မှတ်များ ဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပခုက္ကူစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့်ရက် ကြေညာ

ရန်ကုန် စက်တင်ဘာ ၆

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုနှင့် ပခုက္ကူပညာရည်ချွန်ဆု ဆုရရှိသူများကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ပခုက္ကူစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ အခမ်းအနားဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ဆုရရှိသူများအနေဖြင့် အစမ်းလေ့ကျင့်ခြင်းကို စက်တင်ဘာ ၁၄ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

ဆုရရှိသူများအနေဖြင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်နိုင်ရေးအတွက် စီမံရေးရာဌာန ဖုန်း-၀၁-၃၈၁၄၄၉ သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်၊ တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်၊ တမံများအနက် အချို့သော ဆည်၊ တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်အမှတ်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ဆည်၊ တမံ ၆၁ ခုရှိပြီး ၎င်းဆည်၊ တမံ ၆၁ ခုမှာ အောက်ပါအတိုင်း ဖြစ်သည်-

၆-၉-၂၀၁၈ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ဆည်ကန်များစာရင်း

နေ့စွဲ -၆ . ၉ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့်(ပေ) ကန်ရေအသေ(ပေ)	ရေလှောင်ပမာဏ (ဧကပေ)	ရေအနက် (ပေ)	ရေလှောင်ပမာဏ (ဧကပေ)	မိုးရေချိန် (လက်မ)	မှတ်ချက်
		နေပြည်တော်တိုင်း						
၁	ပေါင်းလောင်းရေလှောင်တမံ	နေပြည်တော်တိုင်း/ဥတ္တရခရိုင်	၃၇၇.၃၃	၅၇၉၄၂၀	[illegible]	[illegible]	-	[illegible]
		ဇေယျာသီရိမြို့	၂၉၅.၂၉	၂၇၃၆၅၆				[illegible]
၂	ချောင်းမငယ်ရေလှောင်တမံ	နေပြည်တော်တိုင်း/ဒက္ခိဏခရိုင်	၈၆	၉၁၇၇၀	[illegible]	[illegible]	[illegible]	[illegible]
		လယ်ဝေးမြို့	၄၆	၁၅၃၀၀				[illegible]
		ကရင်ပြည်နယ်						
၃	ရေသွတ်ရေလှောင်တမံ	ဘားအံခရိုင်	၃၆	၂၈၄၇၄	[illegible]	[illegible]	[illegible]	[illegible]
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				[illegible]
		ချင်းပြည်နယ်						
၄	လိုင်ဇားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၈၀	၁၈၈၀	[illegible]	[illegible]	[illegible]	[illegible]
		ဖလမ်းမြို့	၂၆	၁၀၃				[illegible]
၅	သီကီရ်ရေလှောင်တမံ	ဟားခါးခရိုင်/	၆၅	၁၃၆၅	[illegible]	[illegible]	[illegible]	[illegible]
		ထန်တလန်မြို့	၁၅	၇၅				[illegible]
		စစ်ကိုင်းတိုင်းဒေသကြီး						
၆	မဟာနန္ဒာကန်	ရွှေဘိုခရိုင်/	၆	၁၀၉၅	[illegible]	[illegible]	[illegible]	[illegible]
		ရွှေဘိုမြို့	၀	၁၂၂				[illegible]
၇	မြောက်ယမားရေလှောင်တမံ	ယင်းမာပင်ခရိုင်/	၅၄	၁၄၀၅၇	[illegible]	[illegible]	[illegible]	[illegible]
		ပုလဲမြို့	၂၉	၂၈၃၆				[illegible]
၈	မြောက်ယမားရေကူ ရေလှောင်တမံ	ယင်းမာပင်ခရိုင်/	၁၂၀	၁၂၂၉၀၀	[illegible]	[illegible]	[illegible]	[illegible]
		ပုလဲမြို့	၇၉	၂၀၂၄၀				[illegible]
၉	ကန်ဒေါင့်ရေလှောင်တမံ	မုံရွာခရိုင်/	၇၃	၇၁၉	[illegible]	[illegible]	[illegible]	[illegible]
		ပုလဲမြို့	၆၂	၁၈၀				[illegible]
၁၀	ရာဇကြိုလ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		ကလေးမြို့	၈၅	၈၀၀၀				[illegible]
		ပဲခူးတိုင်းဒေသကြီး (အရှေ့)						
၁၁	ပသိရေလှောင်တမံ	တောင်ငူခရိုင်/	၈၀	၃၀၅၀၀	[illegible]	[illegible]	[illegible]	[illegible]
		တောင်ငူမြို့	၂၅.၆	၁၅၀၅				[illegible]
၁၂	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၄၅၀	[illegible]	[illegible]	[illegible]	[illegible]
		အုတ်တွင်းမြို့	၂၅	၅၀၀				[illegible]
၁၃	ငမြဲရေလှောင်တမံ	တောင်ငူခရိုင်/	၄၆	၂၃၈၀	[illegible]	[illegible]	[illegible]	[illegible]
		ဖြူးမြို့	၂၇.၅	၃၅၀				[illegible]
၁၄	ဖြူးချောင်းရေလှောင်တမံ	တောင်ငူခရိုင်/	၂၁၉	၆၃၂၅၃၃	[illegible]	[illegible]	[illegible]	[illegible]
		ဖြူးမြို့	၁၁၆.၆	၂၀၀၄၉				[illegible]
၁၅	ရဲနွယ်ရေလှောင်တမံ	ပဲခူးခရိုင်/	၂၀၅	၉၃၁၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တံခါးမြို့	၈၈.၂	၃၄၉၀၀				[illegible]
၁၆	ဘောနီရေလှောင်တမံ	ပဲခူးခရိုင်/	၇၃	၃၅၂၀၀	[illegible]	[illegible]	[illegible]	[illegible]
		ဒိုက်ဦးမြို့	၃၃	၂၄၀၀				[illegible]
၁၇	ပျဉ်ပုံကြီးရေလှောင်တမံ	ပဲခူးခရိုင်/	၄၀	၁၁၁၃၀	[illegible]	[illegible]	[illegible]	[illegible]
		ဒိုက်ဦးမြို့	၈	၁၄၂၈				[illegible]
၁၈	မခင်းရေလှောင်တမံ	ပဲခူးခရိုင်/	၅၂	၂၆၁၈၆	[illegible]	[illegible]	[illegible]	[illegible]
		ပဲခူးမြို့	၂၅	၂၄၇၆				[illegible]
၁၉	စလက်ထော်ရေလှောင်တမံ	ပဲခူးခရိုင်/	၃၉.၅	၁၈၉၁၂	[illegible]	[illegible]	[illegible]	[illegible]
		ပဲခူးမြို့	၁၂.၅	၇၅၀				[illegible]
၂၀	ရွှေပြည်(၃)ရေလှောင်တမံ	ပဲခူးခရိုင်/	၂၈	၃၇၀၀	[illegible]	[illegible]	[illegible]	[illegible]
		ပဲခူးမြို့	၈	၄၀				[illegible]
၂၁	ကိုဒုက္ခဲရေလှောင်တမံ	ပဲခူးခရိုင်/	၈၀	၁၄၈၃၆၄	[illegible]	[illegible]	[illegible]	[illegible]
		ပဲခူးမြို့	၃၅	၁၀၁၈၅				[illegible]
		ပဲခူးတိုင်းဒေသကြီး (အနောက်)						
၂၂	တောင်နဝင်းရေထိန်းတမံ	ပြည်ခရိုင်/	၃၆	၂၁၀၉၆	[illegible]	[illegible]	[illegible]	[illegible]
		ပေါက်ခေါင်းမြို့	၂၉.၄၄	၁၀၅၄၉				[illegible]
၂၃	ဝဲကြီးရေလှောင်တမံ	ပြည်ခရိုင်/	၁၀၂	၂၅၂၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		ပေါင်းတည်မြို့	၇၀	၂၅၀၀၀				[illegible]
၂၄	ညောင်ကိုင်းရေလှောင်တမံ	ပြည်ခရိုင်/	၄၈	၁၇၅၉၄	[illegible]	[illegible]	[illegible]	[illegible]
		ပန်းတောင်းမြို့	၂၆	၃၀၀၀				[illegible]
၂၅	တောင်ညိုရေလှောင်တမံ	သာယာဝတီခရိုင်/	၉၅	၂၀၀၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		နတ်တလင်းမြို့	၅၇.၅	၂၁၉၅၀				[illegible]
၂၆	ဆော်တင်ရေလှောင်တမံ (၂) (ဆော်တင်ချောင်း)	သာယာဝတီခရိုင်/	၁၀၀	၂၆၅၈၈	[illegible]	[illegible]	[illegible]	[illegible]
		ဇီးကုန်းမြို့	၆၅	၅၈၄၂				[illegible]
၂၇	ဂမုန်းရေလှောင်တမံ	သာယာဝတီခရိုင်/	၁၀၃	၅၆၄၁၅	[illegible]	[illegible]	[illegible]	[illegible]
		အုတ်ဖိုမြို့	၅၁	၄၆၆၂				[illegible]
၂၈	ကံတင်ဘီးလင်းရေလှောင်တမံ	သာယာဝတီခရိုင်/	၁၀၅	၁၃၄၁၇၅	[illegible]	[illegible]	[illegible]	[illegible]
		မင်းလှမြို့	၅၅	၇၅၇၈				[illegible]
၂၉	သံကောရေလှောင်တမံ	သာယာဝတီခရိုင်/	၆၆	၁၂၅၀၀	[illegible]	[illegible]	[illegible]	[illegible]
		လက်ပံတန်းမြို့	၄၀	၄၁၂၀				[illegible]
၃၀	မုက္ခာရေလှောင်တမံ	သာယာဝတီခရိုင်/	၆၄	၂၄၁၁၂	[illegible]	[illegible]	[illegible]	[illegible]
		မင်းလှမြို့	၃၄	၁၈၆၀				[illegible]
		မကွေးတိုင်းဒေသကြီး						
၃၁	ဆဒ္ဒန်ရေလှောင်တမံ	မကွေးခရိုင်/	၉၀.၅	၂၅၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		မြို့သစ်မြို့	၆၅	၇၀၀၀				[illegible]
၃၂	ဘန်းကုန်းရေလှောင်တမံ	မကွေးခရိုင်/	၅၄	၇၄၀၀	[illegible]	[illegible]	[illegible]	[illegible]
		တောင်တွင်းကြီးမြို့	၃၄	၁၀၀၀				[illegible]
၃၃	ကင်မွန်းတောင်ရေလှောင်တမံ	မကွေးခရိုင်/	၆၈	၁၀၅၂၀	[illegible]	[illegible]	[illegible]	[illegible]
		တောင်တွင်းကြီးမြို့	၃၃	၆၄၀				[illegible]
၃၄	မြစ်သာရေလှောင်တမံ	ဂန့်ဂေါခရိုင်/	၁၈၅	၃၇၇၆၀၀	[illegible]	[illegible]	[illegible]	[illegible]
		ဂန့်ဂေါမြို့	၁၃၅	၁၅၂၉၁၅				[illegible]
၃၅	ဝန်းချောင်း (ကစွန်းမ) ရေလှောင်တမံ	ပခုက္ကူခရိုင်/	၄၀	၁၆၆၇	[illegible]	[illegible]	[illegible]	[illegible]
		ဆိပ်ဖြူမြို့	၁၁	၄၀				[illegible]
၃၆	စလင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၂၀၃	၁၃၃၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		စလင်းမြို့	၉၃	၁၆၂၅၉				[illegible]
၃၇	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀၀	[illegible]	[illegible]	[illegible]	[illegible]
		စေတုတ္တရာမြို့	၆၀	၉၂၅၀၀				[illegible]
၃၈	မန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၀	၁၂၀၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		ငဖဲမြို့	၆၀	၁၀၅၀၀				[illegible]
၃၉	ကြီးအုံကြီးဝရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၃.၅	၃၀၂၇၀၀	[illegible]	[illegible]	[illegible]	[illegible]
		ပွင့်ဖြူမြို့	၅၆	၂၄၃၇၂				[illegible]
၄၀	ဘွက်ကြီးရေလှောင်တမံ	သရက်ခရိုင်/	၉၅	၇၃၁၉၂	[illegible]	[illegible]	[illegible]	[illegible]
		အောင်လံမြို့	၆၁	၁၇၆၁၅				[illegible]
၄၁	ပဒဲရေလှောင်တမံ	သရက်ခရိုင်/	၁၀၅	၃၂၈၉၀	[illegible]	[illegible]	[illegible]	[illegible]
		အောင်လံမြို့	၇၈	၈၉၃၀				[illegible]
		မွန်ပြည်နယ်						
၄၂	ဝဲပါရေလှောင်တမံ	သထုံခရိုင်/	၆၁	၄၁၅၀	[illegible]	[illegible]	[illegible]	[illegible]
		သထုံမြို့	၁၇	၁၇၃				[illegible]
၄၃	ကတိုက်ရေလှောင်တမံ	သထုံခရိုင်/	၁၂၃	၅၄၀၉၂	[illegible]	[illegible]	[illegible]	[illegible]
		ပေါင်မြို့	၂၆	၁၁၇၅				[illegible]
၄၄	ရွှေနတ်တောင် ရေလှောင်တမံ	မော်လမြိုင်ခရိုင်/	၇၄	၅၂၅၀	[illegible]	[illegible]	[illegible]	[illegible]
		မော်လမြိုင်မြို့	၃၄	၉၁၀				[illegible]
		ရခိုင်ပြည်နယ်						
၄၅	မြင်းချောင်းရေလှောင်တမံ	စစ်တွေခရိုင်/	၉၆	၂၅၂၀၅	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တော်မြို့	၂၆	၁၀၅၄				[illegible]
၄၆	ကြိုးကြားကွင်းရေလှောင်တမံ	သံတွဲခရိုင်/	၄၀	၅၂၉	[illegible]	[illegible]	[illegible]	[illegible]
		တောင်ကုတ်မြို့	၁၁	၇				[illegible]
၄၇	ရဟိုင်းကွင်းရေလှောင်တမံ	သံတွဲခရိုင်/	၄၀.၆	၆၂၅	[illegible]	[illegible]	[illegible]	[illegible]
		ဂွမြို့	၁၃.၆၀	၄၇				[illegible]
၄၈	ငပလီရေလှောင်တမံ	သံတွဲခရိုင်/	၄၄	၁၄၇၀	[illegible]	[illegible]	[illegible]	[illegible]
		သံတွဲမြို့	၉	၇၀				[illegible]
၄၉	မင်းသားချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၁၇	၁၆၅၀	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တော်မြို့	၁	၂၀				[illegible]
၅၀	ဂရင်ဂျိုင်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၂၆	၆၅	[illegible]	[illegible]	[illegible]	[illegible]
		မင်းပြားမြို့	၁၂	၅				[illegible]
၅၁	ကြက်တက်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၀	၁၂၀	[illegible]	[illegible]	[illegible]	[illegible]
		မင်းပြားမြို့	၁၀	၉				[illegible]
၅၂	ရှောက်ချောင်း ရေလှောင်တမံ	မြောက်ဦးခရိုင်/	၄၃	၁၀၄၀	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တော်မြို့	၁၇	၁၂၀				[illegible]
		ရန်ကုန်တိုင်းဒေသကြီး						
၅၃	မဟူရာ (ငမိုးရိပ်) ရေကူ ရေလှောင်တမံ	ရန်ကုန် (မြောက်ပိုင်း) ခရိုင်/	၉၀	၅၃၉၉၂	[illegible]	[illegible]	[illegible]	[illegible]
		လှည်းကူးမြို့	၃၄	၂၅၀၀				[illegible]
၅၄	ငမိုးရိပ်ရေလှောင်တမံ	ရန်ကုန် (မြောက်ပိုင်း) ခရိုင်/	၆၂	၁၈၀၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		လှည်းကူးမြို့	၃၆	၁၂၀၀၀				[illegible]
၅၅	တဘူးလှရေလှောင်တမံ	ရန်ကုန် (မြောက်ပိုင်း) ခရိုင်/	၈၅	၁၅၄၆၀၀	[illegible]	[illegible]	[illegible]	[illegible]
		တိုက်ကြီးမြို့	၄၅	၂၄၃၂၅				[illegible]
၅၆	ဘန့်ဘွေးကုန်းရေလှောင်တမံ	ရန်ကုန် (တောင်ပိုင်း) ခရိုင်/	၁၃	၁၇၃၅	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တန်းမြို့	၂.၅၀	၁၅၀				[illegible]
၅၇	ဇာမဏီအင်းရေလှောင်တမံ	ရန်ကုန် (တောင်ပိုင်း) ခရိုင်/	၁၂	၅၃၆၄	[illegible]	[illegible]	[illegible]	[illegible]
		သန်လျင်မြို့	၂	၃၂၆				[illegible]
		ရှမ်းပြည်နယ် (မြောက်ပိုင်း)						
၅၈	မုံးရင်ရေလှောင်တမံ	ကျောက်မဲခရိုင်/	၈၆	၂၅၉၀၀	[illegible]	[illegible]	[illegible]	[illegible]
		နမ္မတူမြို့	၅၆	၅၃၈၅				[illegible]
၅၉	ကောက်ကော့ရေလှောင်တမံ	လားရှိုးခရိုင်/	၁၀၆	၅၀၃၄	[illegible]	[illegible]	[illegible]	[illegible]
		လားရှိုးမြို့	၃၄	၂၀၇				[illegible]
		ဧရာဝတီတိုင်းဒေသကြီး						
၆၀	နန်ကသုရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၃၈	၄၀၄၈၇	[illegible]	[illegible]	[illegible]	[illegible]
		အင်္ဂပူမြို့	၅၈	၆၆၁၈				[illegible]
၆၁	ကညင်ရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၇၄	၁၄၅၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		အင်္ဂပူမြို့	၈၆	၂၆၈၈၀				[illegible]

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာတို့၏ အသံကိုလည်း နားထောင်သင့်

(စက်တင်ဘာ ၄ ရက်က Global Times သတင်းစာတွင် ဖော်ပြသော International community should listen to Myanmar voices သတင်းအား ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။)

ဒေါက်တာ သာစိန်

မကြာသေးမီက မြန်မာအစိုးရအပေါ် အနောက်မီဒီယာများအနေဖြင့် အုံနှင့်ကျင်းနှင့် တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့သည်။ ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို တနင်္လာနေ့က တရားရုံးက ထောင်ဒဏ် ခုနစ်နှစ် ချမှတ်လိုက်သည့်အခါ CNN၊ Guardian နှင့် အခြားသောမီဒီယာအချို့က ယခုလုပ်ရပ်သည် မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်သော တရားစီရင်ရေးစနစ်နှင့် ဒီမိုကရေစီစနစ်တို့အပေါ် ကြီးမားသည့်ထိုးနှက်မှုတစ်ရပ်ဖြစ်သည်ဟု ဖိအားပေးပြောကြားလာကြသလို အချို့သောမီဒီယာများကမူ ယခုပြစ်ဒဏ်အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းတွင် ပြင်းထန်သောတုံ့ပြန်မှုတစ်ရပ်ကို ဖြစ်စေခဲ့သည်ဟု ဖော်ပြခဲ့ကြသည်။

ချိုးဖောက်မှုများဖြစ်

မောင်တောဒေသရှိ အစ္စလာမ်ဘာသာဝင်များအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို စုံစမ်းရေးသားခြင်း၊ တရားရုံး၏ ဖြစ်နိုင်ခြေရှိသော မှတ်ချက်များအပေါ် မေးခွန်းထုတ်ခြင်း သို့မဟုတ် လှည့်ပတ်ရှောင်ကွင်းရေးသားခြင်းတို့ကြောင့် သတင်းသမားနှစ်ဦး ဖမ်းဆီးခံရသည်ဟူ၍ ထိုမီဒီယာများက တစ်ဖက်သတ် စွပ်စွဲလာကြသည်။ ၎င်းတို့နှစ်ဦးအား မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ ချိုးဖောက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာမီဒီယာများ၏ဖော်ပြချက်အရ အဆိုပါသတင်းသမားနှစ်ဦးသည် နိုင်ငံတော်၏ ရန်သူတော်များနှင့် အကြမ်းဖက်အဖွဲ့အစည်းများသို့ သတင်းပေးခဲ့ဖွယ်ရာရှိသည့် အစိုးရ၏လျှို့ဝှက်သတင်းများရရှိရန် တစိုက်မတ်မတ် ကြိုးပမ်းခဲ့ကြ သည်။ Myanmar ဆိုသည့် စကားလုံးကို Google တွင် ရှာကြည့်ပါက Google News ပထမစာမျက်နှာတွင် ယင်းသတင်း ၁၇ ပုဒ်ကို အရင်ဆုံးတွေ့လိမ့်မည်။ သို့သော် အဆိုပါသတင်းများကို မြန်မာသတင်းမီဒီယာများ ဖော်ပြထားခြင်းမဟုတ်ပေ။ အနောက်အုပ်စု၏စွပ်စွဲချက်များမှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မြန်မာတို့ဘက်မှ အသံများကို ဘာကြောင့် ထည့်သွင်းစဉ်းစားမှု မရှိသနည်း။

သတင်းထောက်များကို တရားရုံးက စီရင်ချက်မချမီ မြန်မာတိုင်းမ် သတင်းဌာနက "တရားရုံး၏ဆုံးဖြတ်ချက်သည် ဥပဒေအတိုင်းသာ ဖြစ်လိမ့်မည်"ဟု ရေးသားဖော်ပြခဲ့သည်။ အခြားနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာသင့်ပေသည်။

ချိုးဖဲ့လိုက်ခြင်းဖြစ်

မောင်တောဒေသရှိ အစ္စလာမ်ဘာသာဝင်များနှင့်ပတ်သက်သည့် အကျပ်အတည်းကို အနောက်နိုင်ငံတွေက မြန်မာအစိုးရအပေါ် ဖိအားပို့ပြီးပေးလာကြပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအနေဖြင့် ဩဂုတ် ၂၇ ရက်က နေရပ်စွန့်ခွာသွားသူများနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ခြင်းနှင့်အတူ မြန်မာ့တပ်မတော်ကို လူမျိုးတုံးသတ်ဖြတ်မှုနှင့် အရေးယူရန် နိုင်ငံတကာကို တွန်းအားပေးခဲ့သည်။ သို့သော်လည်း မြန်မာအစိုးရက အစီရင်ခံစာပါတွေ့ရှိချက်များကိုပယ်ချပြီး မြန်မာအစိုးရက အကောင် အထည်ဖော်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ချိုးဖဲ့လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောသည်။

နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုကို လုံးဝလက်သင့်ခံမည်မဟုတ်ကြောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်း၏ မဟုတ်မမှန်စွပ်စွဲချက်များကို တုံ့ပြန်ချေပရန် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ တွေ့ရှိပါက ခိုင်မာသော အထောက်အထား၊ မှတ်တမ်းမှတ်ရာနှင့်တကွ ရက်စွဲပါတင်ပြနိုင်ပါက ဥပဒေနှင့်အညီ မိမိတို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားထားသည်ကို ရိုက်တာသတင်းတွင် ဖော်ပြထားသည့်တိုင် အနောက်မီဒီယာများအနေဖြင့် ယနေ့တိုင် ခိုင်မာသည့်အထောက်အထား၊ မှတ်တမ်းမှတ်ရာများ တင်ပြနိုင်ခြင်း မရှိသေးပါ။

မြန်မာနိုင်ငံကသာ အသိဆုံးဖြစ်

နေရပ်စွန့်ခွာသွားသူများ၏ အကျပ်အတည်းနှင့် ပတ်သက်လျှင် မြန်မာနိုင်ငံကသာ အသိဆုံးဖြစ်ပါလိမ့်မည်။ အနောက်နိုင်ငံများအနေဖြင့် နိုင်ငံတကာဆိုပြီး မြန်မာနိုင်ငံ ကို ခြိမ်းခြောက်မည့်အစား မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ထည့်သွင်းစဉ်းစားရန် လိုမည်ဖြစ်သည်။

နိုင်ငံတကာ အသိုက်အဝန်းဟု ခေါ်သည့်အဖွဲ့အစည်းထဲတွင် ဘယ်သူပါသလဲဆိုတာ စိတ်ဝင်စားစရာပါ။ ၂၀၀၁ ခုနှစ်က အာဖဂန်နစ္စတန်ကို ကျူးကျော်ဝင်ရောက်ခဲ့သည့် ဝါရှင်တန်ဦးဆောင်သော နိုင်ငံတကာ အသိုက်အဝန်းထဲမှာ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ် အစရှိသည့် နိုင်ငံများပါဝင်သလို ၂၀၀၃ ခုနှစ်တွင် အီရတ်ကို ကျူးကျော်ဝင်ရောက်ခဲ့သည့် ဝါရှင်တန်ဦးဆောင်သော နိုင်ငံတကာ အသိုက်အဝန်းထဲတွင်လည်း အမေရိကန်၊ ဗြိတိန်၊ ပိုလန်၊ ဩစတြေးလျ စသည့် နိုင်ငံများပါဝင်သည်။ ထိုနည်းတူ ၂၀၁၁ ခုနှစ်က လစ်ဗျားကို ဝင်ရောက်ခဲ့သည့် ဝါရှင်တန်ဦးဆောင် နိုင်ငံတကာအသိုက်အဝန်းထဲတွင်လည်း အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ် စသည့်နိုင်ငံများပင် ပါဝင်ခဲ့ကြသည်။ နိုင်ငံတကာအသိုက်အဝန်းဟု ခေါ်သည့်အစုအဖွဲ့ထဲတွင် နိုင်ငံပေါင်း တစ်ဒါဇင်ထက်မကျော်ပါ။ ၎င်းတို့က ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်ကို မည်သို့မည်ပုံ ကိုယ်စားပြုပါမည်နည်း။ ထိုကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်သည် လူဆိုးဂိုဏ်းတစ်ဂိုဏ်းနှင့် မတူပေဘူးလား။

နိုင်ငံငယ်လေးတစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အသံကို အခြားနိုင်ငံများက နားထောင်ရန် မလိုဘူးဆိုသည့်အချက်မှာ ဖြစ်သင့်သည့်အကြောင်းပြချက်မဟုတ်ပေ။ အနောက်အုပ်စုနိုင်ငံများအနေဖြင့် မိမိကိုယ်မိမိ တရားမျှသည်ဟု လက်ခံယုံကြည်ကြလျှင်တော့ မြန်မာနိုင်ငံ၏ အသံကို နားထောင်ရန် လိုပါလိမ့်မည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အင်းစိန်မြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပြိုင်ပွဲများပါဝင်သည့်အတွက် ကျောင်းသားကျောင်းသူ၊ မိဘပြည်သူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့ နံနက် ၉ နာရီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ ကင်းထောက် မောင်ဟိန်းမင်းသန့်၊ လူရည်ချွန် မဇင်မီမီကျော်နှင့် ထူးချွန်ကျောင်းသူ မယုယခင်တို့က ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်အထိမ်းအမှတ် Theme Song ကို သီဆိုကာ အခမ်းအနားကို စတင်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဖွင့်လှစ်ပြသ

အဆိုပါပွဲတော်တွင် ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန်အတွက် ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံဆိုင်ရာပြခန်းနှင့် အထွေထွေပြခန်းများကိုလည်း အခြေခံပညာဦးစီးဌာနနှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ ပုဂ္ဂလိကကျောင်းများက ဖွင့်လှစ်ပြသထားသည်။

ထို့အပြင် သင်ထောက်ကူပစ္စည်းအရောင်းဆိုင်များနှင့် ရသမျိုးစုံ စာအုပ်အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားသည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာစာအုပ်များကို ရွေးချယ်ဝယ်ယူလျက်ရှိပြီး ပုံပြော၊ ပန်းချီ၊ ကဗျာရွတ်၊ ဆေးရောင်ခြယ်၊ ကျပန်းစကားပြောပြိုင်ပွဲများအပြင် စာပေဟောပြောပွဲများ၊ စက္ကူခေါက်၊ အရုပ်ဆက်အပါအဝင် ဉာဏ်စမ်းကစားနည်းများနှင့် ပျော်ရွှင်စရာ ကစားနည်းများကိုလည်း ထည့်သွင်းကျင်းပသည့်အတွက် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသန္တာချစ်က "ဒီလိုပွဲတွေ ပြုလုပ်ပေးခြင်းအားဖြင့် ကလေးတွေအတွက် စာဖတ်တဲ့ အလေ့အကျင့်တွေ ပေါ်လာမယ်။ ပြိုင်ပွဲမှာ ပါဝင်ခြင်းအားဖြင့် သူတို့အနေနဲ့ တီထွင်ကြံဆတတ်လာမယ်။ ဉာဏ်စွမ်းဉာဏ်စတွေ ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကလေးတွေရဲ့ အရည်အချင်းတွေ ပိုမိုတိုးတက်လာမယ်လို့ မြင်ပါတယ်။ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ ပန်းချီဆွဲတဲ့ပြိုင်ပွဲတွေကိုတော့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါတယ်"ဟု ပြောသည်။

အင်းစိန်မြို့နယ် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်း ကျောင်းသူ မကြည်မေခိုင်က "ဒီပွဲမှာ စာအုပ်တွေလည်း အများကြီးဖတ်ရတယ်။ ပြခန်းတွေလည်း ပြသထားတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ စာဖတ်ချင်စိတ်တွေ ပိုပြီးဖြစ်လာတယ်။ ပုံဆွဲတာတွေအပြင် သိပ္ပံဆိုင်ရာ ဓာတ်ခွဲခန်းတွေကို စိတ်ဝင်စားပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေကလည်း ကောင်းပါတယ်"ဟု ပြောသည်။

ရသမျိုးစုံပါဝင်

အင်းစိန်မြို့နယ် အမှတ် ၄ အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်းကျောင်းသား မောင်ပြည့်ဖြိုးအောင်ကလည်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုခဲ့ရာတွင် သိပ္ပံဆိုင်ရာပြခန်းကို စိတ်အဝင်စားဆုံးဖြစ်ကြောင်း၊ စာအုပ်အရောင်းဆိုင်များကရောင်းချသည့် စာအုပ်များကလည်း ရသမျိုးစုံပါဝင်ပြီး စိတ်ဝင်စားဖွယ်ရာကောင်းသည့် စာအုပ်များဖြင့် ပြည့်နေသည်ဟု ဆိုသည်။

ယင်းပွဲတော်တွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက အကအလှပဒေသာ အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြိုင်ပွဲများအားလုံးကို စတင်ကျင်းပခဲ့ပြီး ဉာဏ်စမ်းကစားနည်းများနှင့် ပျော်ရွှင်စရာကစားနည်းများကို အချိန်နှင့်တစ်ပြေးညီ ဆုပေးသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲတို့မှ ဆုရရှိသူများကို စက်တင်ဘာ ၇ ရက်တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲများတွင် ပြိုင်ပွဲအမျိုးအစားတစ်ခုချင်းစီအလိုက် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

မှော်ဘီမြို့နယ်ရှိ Top & Top Star ကိုယ်ပိုင်အထက်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက "ကလေးတွေကို စာပေ၊ အနုပညာနဲ့ ပြိုင်ပွဲအတွေ့အကြုံတွေရရှိအောင် လိုက်ပို့တာပါ။ ကျွန်မတို့ကျောင်းက ကလေးတွေအနေနဲ့ ပြိုင်ပွဲတိုင်းမှာ ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ ဒီပြိုင်ပွဲကနေရရှိတဲ့ အတွေ့အကြုံတွေနဲ့ နောက်နှစ်တွေမှာ ဒီထက်ပိုပြီးကောင်းအောင် ကြိုးစားမယ်၊ ကြိုးစားမှုနဲ့အတူ ကိုယ့်အားကိုယ်ကိုးနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကလေးတွေအတွေ့အကြုံရအောင် လာခဲ့တာပါ။ စာပေဆိုင်ရာ ပြိုင်ပွဲတွေနဲ့ ဖျော်ဖြေရေးအစီအစဉ်မှာ မပါဝင်တဲ့ ကလေးတွေကိုလည်း ဗဟုသုတရအောင် ပြခန်းတွေနဲ့ စာအုပ်အရောင်းဆိုင်တွေကို လိုက်လံပြသပြီး သူတို့နဲ့ ပတ်သက်တာတွေကို ရှင်းပြခဲ့ပါတယ်။ ဒီလိုပွဲတွေကနေ ကလေးတွေအတွက် ပညာရည်တိုးတက်မှုအပြင် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားလာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ဗဟုသုတရ

အင်းစိန်မြို့နယ်မှ မနော်သီဖော့က "ဆရာ ဆရာမတွေနဲ့အတူ ကလေးတွေ ဗဟုသုတရအောင် လိုက်ပို့တာပါ။ ကလေးတွေ တော်တော်ပျော်နေကြတယ်။ ဗဟုသုတတွေလည်း အများကြီးရပါတယ်။ သိပ္ပံခန်းကို ကလေးတွေ တော်တော်စိတ်ဝင်စားတာကိုတွေ့ရတယ်။ စာအုပ်ဆိုင်တွေမှာလည်း သူတို့အကြိုက်စာအုပ်တွေ အများကြီးဆိုတော့ ကလေးတိုင်းလိုလို စာအုပ်တွေဝယ်ကြတယ်။ ကလေးတွေအတွက် အများကြီးအကျိုးရှိတဲ့ပွဲပါ"ဟု ပြောသည်။

ကလေးများစာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော လူရည်လူသွေးပါပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန်ရည်ရွယ်၍ အဆိုပါ ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ယနေ့ကလေးစာပေပွဲတော်သို့ မြောက်ပိုင်းခရိုင်ရှစ်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဆရာ ဆရာမများ ၁၀၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အဆင့် ကလေးစာပေပွဲတော်ကို ၂၀၁၇ ခုနှစ်တွင် တောင်ပိုင်းခရိုင်၌ ကျင်းပခဲ့ပြီး ယခုအခါ မြောက်ပိုင်းခရိုင်တွင်ကျင်းပခြင်းဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် မြောက်ပိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဖိတ်ခေါ်ကာ ပြိုင်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်အေးအေးခိုင်ထံမှ သိရသည်။

သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်

ကိုရီးယားနဲ့ မြန်မာပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ကိုရီးယားအဖို့ မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ရေမြေတောတောင်ရှုခင်းတွေ၊ သမိုင်းတွေ၊ အဖြစ်အပျက်တွေ၊ လူပုဂ္ဂိုလ်အကြောင်းတွေကို ကိုရီးယားရုပ်ရှင်လုပ်ငန်းတွေထဲမှာ သူ့ရဲ့ Content တွေအဖြစ် အသုံးပြုလို့ ရနိုင်ပါတယ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဂွါန်အန်းနိုင်ငံတကာသတင်းဌာနမှ တွေ့ဆုံမေးမြန်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့နှင့် ဆိုးလ်မြို့တို့သို့ သွားရောက်၍ ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းဆိုင်ရာများ လေ့လာခဲ့ကြသည်။

သတင်းအဖွဲ့

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၁ ရက်နေ့တွင် ဆိုးလ်မြို့၌ ကိုရီးယားသမ္မတနိုင်ငံရှိ ဂွါန်အန်းနိုင်ငံတကာသတင်းဌာနနှင့်တွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

မေး။ ကိုရီးယားနိုင်ငံကို လာရောက်တဲ့ ခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ။ ကျွန်တော်တို့ အခုခရီးစဉ်ကို လာရောက်တဲ့ ရည်ရွယ်ချက်က ကိုရီးယားနိုင်ငံရဲ့ ရုပ်ရှင်လုပ်ငန်းကို လေ့လာဖို့ဖြစ်ပါတယ်။ ကိုရီးယားရဲ့ ရုပ်ရှင်နဲ့ ရုပ်ရှင်အပါအဝင် အနုပညာလုပ်ငန်းများဟာ ကမ္ဘာမှာ အင်မတန်မှ ထင်ရှားအောင်မြင်ပါတယ်။

ကိုရီးယားရုပ်ရှင်များ၊ ကိုရီးယားတီဗွီ ဇာတ်လမ်းတွဲများဟာ မြန်မာနိုင်ငံမှာ အင်မတန်မှ လူကြိုက်များပါတယ်။ ကိုရီးယားရဲ့ ရုပ်ရှင်လုပ်ငန်းသည် ပြီးခဲ့တဲ့ နှစ်ပေါင်း (၂၀)ဝန်းကျင်လောက်ကစပြီး တောက်လျှောက်တိုးတက်သွားခဲ့တယ်လို့ မြင်ရပါတယ်။

ကိုရီးယားရုပ်ရှင်လောက ဒီကနေ့ လှုပ်ရှားလည်ပတ်နေပုံတွေနဲ့ နှစ် ၂၀ လောက်ကာလအတွင်းမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပုံအကြောင်းတွေကို ကျွန်တော်တို့ လေ့လာဖို့ ဖြစ်ပါတယ်။ အဲဒီအတွက် ရုပ်ရှင်အနုပညာလုပ်ငန်းနဲ့ ဆက်စပ်ပတ်သက်သော ကဏ္ဍပေါင်းစုံကို လေ့လာနိုင်ဖို့ ရည်ရွယ်ပါတယ်။ အဲဒီရည်ရွယ်တဲ့အထဲမှာ ရုပ်ရှင်နဲ့ ပတ်သက်တဲ့ ဥပဒေများ၊ ရုပ်ရှင်နဲ့ဆိုင်တဲ့ အဖွဲ့အစည်းများ၊ ရုပ်ရှင်ဆိုင်ရာ သင်တန်းကျောင်းများကနေ ရုပ်ရှင်ရုံ လုပ်ငန်း၊ ရုပ်ရှင်စီးပွားရေးလုပ်ငန်းများ လည်ပတ်နေပုံ အကြောင်း စသဖြင့် ပါဝင်ပါတယ်။

ကျွန်တော်တို့သိချင်တဲ့ အကြောင်းအရာတွေက များပြားပါတယ်။ ဒါကြောင့် အခုလို တိုတောင်းတဲ့ခရီးစဉ် အတွင်းမှာတော့ ပြည့်ပြည့်စုံစုံ ကျွန်တော်တို့ လေ့လာလို့ မရနိုင်ပါဘူး။ ကဏ္ဍအသီးသီးကို နည်းနည်းစီ ထိတို့ရုံလောက်ပဲ ရပါလိမ့်မယ်။ အခုခရီးစဉ်မှာ ကျွန်တော်တို့ အဆက်အသွယ် အစအနတွေရသလို ဒီအဆက်အသွယ်တွေနဲ့ထိတွေ့ပြီး နောက်ထပ် ဆက်လက်လေ့လာဆောင်ရွက်သွားဖို့ ရည်ရွယ်ပါတယ်။

ဒီခရီးစဉ်နဲ့ နောက်ဆက်လက်ပြီး ကျွန်တော်တို့ ဆောင်ရွက်မယ့် အစီအစဉ်တွေသည် မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်နဲ့ ကျန်တဲ့ဆက်စပ်သော အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အကူပြုဖို့ မျှော်လင့်ထားပါတယ်။ တစ်ချိန်တည်းမှာ ကိုရီးယားရဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ ရုပ်ရှင်အနုပညာလုပ်ငန်းတွေနဲ့ ဆက်လက်ပြီးတော့ ချဲ့ထွင်မယ်ဆိုရင် မြန်မာနိုင်ငံမှာလည်း လာရောက်လုပ်ကိုင်ဖို့၊ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပူးတွဲဆောင်ရွက်ဖို့ ဖိတ်ခေါ်သွားဖို့လည်း ပါပါတယ်။

မေး။ အခု ကိုရီးယားနိုင်ငံကို လာရောက်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့မှာ ဘယ်သူတွေ လိုက်ပါလာသလဲဆိုတာ ပြောပြပေးစေလိုပါတယ်။

ဖြေ။ ကျွန်တော်တို့ အခုလာတဲ့အဖွဲ့ထဲမှာ ရုပ်ရှင်လုပ်ငန်းနဲ့ပတ်သက်ပြီး အဓိကတာဝန်ယူရတဲ့ အစိုးရဝန်ကြီးဌာနဖြစ်တဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနပါပါတယ်။ နောက် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအခြေစိုက်ပြီးတော့ ဆောင်ရွက်ဖို့ ရည်ရွယ်ထားတဲ့ မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော် စည်ပင်သာယာရေးကော်မတီက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်း ပါပါတယ်။

ဒီအပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌလည်း ပါပါတယ်။ မြန်မာနိုင်ငံမှာ ရုပ်ရှင်လုပ်ငန်း၊ တီဗွီလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်များလည်း ပါပါတယ်။ ခြုံပြီးပြောရမယ်ဆိုရင် ရုပ်ရှင်လုပ်ငန်းနဲ့ ဆက်စပ်ပတ်သက်တဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်စားလှယ်တွေ ပြည့်စုံစွာ ပါဝင်လာတဲ့သဘော ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ကို ကိုရီးယားနိုင်ငံမှာရှိတဲ့ ရုပ်ရှင်လောက၊ ရုပ်ရှင်အဖွဲ့အစည်းများနဲ့ ဆက်စပ်ပြီး တွေ့ဆုံနိုင်ဖို့၊ ညှိနှိုင်းဆောင်ရွက်နိုင်ဖို့၊ နောင်လည်း ဆက်လက်ဆောင်ရွက်သွားနိုင်ဖို့အတွက် ကိုရီးယားမှာရှိတဲ့ မြန်မာနိုင်ငံသံအမတ်ကြီးလည်း ပါဝင်ကူညီလျက်ရှိပါတယ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂွါန်အန်းနိုင်ငံတကာသတင်းဌာနမှ မေးမြန်းမှုများကို ဖြေကြားစဉ်။

မေး။ မြန်မာပြည်သူတွေ ကိုရီးယားရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်းတွေ၊ ကိုရီးယားရဲ့ အနုပညာတွေအပေါ်ထားရှိတဲ့ စိတ်ဝင်စားမှုကိုလည်း သိချင်ပါတယ်။

ဖြေ။ မြန်မာတွေက ကိုရီးယားရဲ့ အနုပညာတွေထဲမှာ ရုပ်ရှင်လည်း ကြိုက်တယ်၊ ရုပ်သံဇာတ်လမ်းတွဲတွေလည်းကြိုက်တယ်၊ တေးသီချင်းတွေကိုလည်း ကြိုက်ပါတယ်။ အဲဒီအထဲမှာ မြန်မာတွေအနှစ်သက်ဆုံး၊ အစွဲလမ်းဆုံးကတော့ ရုပ်သံဇာတ်လမ်းတွဲတွေပဲ ဖြစ်ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲတွေ ကြိုက်တဲ့အကြောင်းကတော့ ဇာတ်ကို ကြိုက်တာလည်းပါတယ်၊ ရိုက်ကူးချက်တွေကိုလည်း နှစ်သက်တာပါပါတယ်။ သရုပ်ဆောင်တွေကို သဘောကျတာလည်းပါပါတယ်။ နောက် တေးသီချင်း၊ နောက်ခံတေးသီချင်းတွေကိုလည်း သဘောကျတာ ပါပါတယ်။ ဒီအပြင် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ သရုပ်ဆောင်များ ရုပ်ရည်ချောမောလှပတာကို သဘောကျတာလည်း ပါပါတယ်။

ဒီဇာတ်လမ်းတွဲထဲမှာပါဝင်တဲ့ သရုပ်ဆောင်တွေ၊ အမျိုးသား၊ အမျိုးသမီးတွေကို မြန်မာပရိသတ်ဟာ မြန်မာနိုင်ငံက ရုပ်ရှင်မင်းသား၊ မင်းသမီးတွေကဲ့သို့ နာမည်နဲ့တကွ သိကြပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ကိုရီးယားရုပ်ရှင်များ၊ တီဗွီဇာတ်လမ်းတွဲများနဲ့ ကိုရီးယားရဲ့ အနုပညာတွေကို တကယ်နှစ်သက်ပါတယ်။ တကယ်လည်း တန်ဖိုးထားပါတယ်။ ကျွန်တော်တို့ရဲ့ အခု ကိုရီးယားနိုင်ငံကို လာရောက်တဲ့ခရီးစဉ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အားပေးပါတယ်။

မေး။ အခု ကိုရီးယားနိုင်ငံရဲ့ ရုပ်ရှင်နဲ့ပတ်သက်ပြီးတော့ ယနေ့အထိ ကြည့်ရှုလေ့လာခဲ့တဲ့ အကြောင်းအချက်၊ အတွေ့အကြုံတွေထဲမှာ မြန်မာနိုင်ငံမှာ ပြန်ပြီးတော့ အသုံးချလို့ရမယ့် ဒီအတိုင်းလေး မြန်မာနိုင်ငံမှာ လုပ်လို့ရမယ်လို့ မြင်မိတာလေးတွေ ရှိပါသလား။

ဖြေ။ အများကြီးရှိပါတယ်။ စောစောက ပြောခဲ့သလို ကိုရီးယားရုပ်ရှင်က အများကြီးဖွံ့ဖြိုးတိုးတက်လာတယ်။ ရုပ်ရှင်နဲ့ပတ်သက်တဲ့ လုပ်ငန်းကဏ္ဍတွေလည်း အင်မတန်မှ ပြည့်ပြည့်စုံစုံရှိနေတယ်။ အဲဒီတော့ အဲဒါတွေကို ကျွန်တော်တို့ အခုရောက်တဲ့ရက်ပိုင်းအတွင်းမှာ ရနိုင်သလောက် လေ့လာခဲ့တယ်။ ကျွန်တော်တို့ ရောက်ခဲ့၊ မြင်ခဲ့၊ တွေ့ခဲ့တဲ့အထဲမှာ ဘာတွေပါနေသလဲဆိုရင် ဥပမာ ရုပ်ရှင်ကောင်စီတွေပါတယ်၊ ဘူဆန်ရုပ်ရှင်ကောင်စီ၊ ကိုရီးယားရုပ်ရှင်ကောင်စီ၊ ပြီးတဲ့နောက် ရုပ်ရှင်သင်တန်းကျောင်းတွေပါတယ်၊ စတူဒီယိုပါတယ်၊ ပြီးတဲ့နောက် ကျွန်တော်တို့ Busan International Film Festival အတွက် ပြင်ဆင်နေတဲ့ အနေအထားတွေပါတယ်။

ပြီးတဲ့နောက် ကျွန်တော်တို့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ Censorship ကို အစားထိုးတဲ့ Rating Board ကို ရောက်တယ်။ အဲဒီမှာ သူတို့ ဘယ်လိုဆောင်ရွက်တယ်ဆိုတာကို မေးမြန်းခဲ့တယ်။ ဒီနေ့မှာတော့ ရုပ်ရှင်ရုံအကြောင်းတွေ ကျွန်တော်တို့ လေ့လာတယ်၊ ရုပ်ရှင်ရုံများ ဘယ်လိုရပ်တည်သလဲ၊ ရုပ်ရှင်ရုံလုပ်ငန်း ထုတ်လုပ်တဲ့ လုပ်ငန်း၊ ဖြန့်ချိတဲ့လုပ်ငန်းစသဖြင့် ဒီဟာတွေဟာ စီးပွားရေးသဘောအရ ဘယ်လိုဆက်စပ်လည်ပတ်နေတယ်။ နောက်ဒီရုပ်ရှင်နဲ့ ဆက်စပ်နေတဲ့ နောက်ခံ ဥပဒေတွေရှိတယ် စသဖြင့် ကဏ္ဍပေါင်းစုံ ကျွန်တော်တို့ လေ့လာတယ်။

အဲဒီကဏ္ဍအသီးသီးဟာ ကျွန်တော်တို့ဆီမှာ ရှိပါတယ်။ အဲဒီတော့ ဒီမှာတွေ့ရှိတဲ့အပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ဆီမှာ ပြုပြင်ပြောင်းလဲမှု လုပ်တဲ့အခါမှာ အသုံးချနိုင်တဲ့ဟာတွေ ကဏ္ဍပေါင်းစုံအတွက် တွေ့ရပါတယ်။ ချုပ်ပြောရင်တော့ ကျွန်တော်တို့လာတဲ့ ရည်ရွယ်ချက်၊ လေ့လာရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်နဲ့ပတ်သက်တဲ့ အနုပညာလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ကျွန်တော်တို့ နည်းလမ်းရှာဖို့ လာတာဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ဒီမှာ သက်ဆိုင်ရာကဏ္ဍအသီးသီးကပုဂ္ဂိုလ်တွေနဲ့ တွေ့တဲ့အခါမှာ အဓိက ကိုရီးယားရုပ်ရှင်နဲ့ ဆက်စပ်အနုပညာလုပ်ငန်းများ ဘာကြောင့် အခုလို သိသိသာသာ ဖွံ့ဖြိုးတိုးတက်ရသလဲ၊ ဖွံ့ဖြိုးတိုးတက်ရခြင်း အကြောင်းရင်းများက ဘာတွေလဲ။ (၁) (၂) (၃) (၄) (၅) စသဖြင့် ဒီအထဲမှာမှ ဘယ်ဟာသည် အဓိကအကျဆုံးလဲ စသဖြင့် ကျွန်တော်တို့ မေးမြန်းပါတယ်။ ဒါတွေက ကျွန်တော်တို့တိုင်းပြည်မှာ လက်တွေ့ဆောင်ရွက်တဲ့အခါ ထည့်သွင်းစဉ်းစားစရာအချက်များအဖြစ် အသုံးပြုရမှာ ဖြစ်ပါတယ်။ ကိုရီးယားမှာရှိနေတဲ့ အနေအထားနဲ့ ကျွန်တော်တို့မှာရှိနေတဲ့ အနေအထားတွေနဲ့တော့ တစ်ထပ်တည်းမတူတဲ့အတွက်ကြောင့် ကိုရီးယားက လက်ငင်းဆောင်ရွက်နေတဲ့ အစီအစဉ်တွေကို ကျွန်တော်တို့ ထပ်တူယူလို့ရတဲ့ဟာ ရှိပါလိမ့်မယ်၊ ယူလို့ မရတဲ့ဟာလည်း ရှိပါလိမ့်မယ်။ တချို့မရတဲ့ဟာတွေမှာတော့ ကျွန်တော်တို့ ဘာသာ စဉ်းစားကြံဆပြီးတော့ လုပ်ရမှာ ဖြစ်ပါတယ်။

မေး။ တာဝန်ရှိသူတွေနဲ့ တွေ့တဲ့အခါ၊ ဆွေးနွေးမေးမြန်းတဲ့အခါ ရုပ်ရှင်လောက တိုးတက်ဖို့အတွက် အရေးကြီးဆုံးအကြောင်းအချက်ကို ဘယ်လို အဖြေမျိုး ရခဲ့ပါသလဲ။

ဖြေ။ မနေ့က ကိုရီးယားရုပ်ရှင်ကောင်စီက ပုဂ္ဂိုလ်၊ နာယကကြီးတစ်ယောက်၊ သူက ကိုရီးယားမှာ ရုပ်ရှင်ဒါရိုက်တာကြီး တစ်ယောက်လည်းဖြစ်တယ်လို့ ဆိုပါတယ်။ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ လောက် ရိုက်ကူးခဲ့တဲ့ ဝါရင့်ဒါရိုက်တာကြီးပါ။ သူ့ကို ကျွန်တော်တို့ မေးတဲ့အခါ သူက(၁)အချက် ဒီရုပ်ရှင်အနုပညာလုပ်ငန်းထဲကို စီးပွားရေးလုပ်ငန်းရှင်ကြီးများ ဝင်ရောက်လာခြင်းသည် အဓိက တစ်ချက်ဖြစ်တယ်လို့ ဆိုပါတယ်။

နောက်တစ်ချက်က ရုပ်ရှင်အပါအဝင် အနုပညာလုပ်ငန်းများကို လွတ်လပ်စွာ ဖန်တီးခွင့်ရှိလာတဲ့ နိုင်ငံရေးစနစ် အပြောင်းအလဲကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ နောက်တစ်ခုက သူတော်တော်စဉ်းစားပြီး ပြောတဲ့အချက်တစ်ခုကတော့ ကိုရီးယားလူမျိုးများရဲ့ စိတ်ဓာတ်လို့ ပြောပါတယ်။ အဲဒီအချက်တွေက အဓိကကျတဲ့အချက်တွေလို့ သူကဆိုခဲ့ပါတယ်။

ဒီနေ့မှာ ကျွန်တော်တို့ CGV ရုပ်ရှင်ရုံလုပ်ငန်းက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့တဲ့အခါ သူတို့ကတော့ ကိုရီးယားရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရခြင်းမှာ ရုံလုပ်ငန်းရှင်များအနေနဲ့ ရုပ်ရှင်ရုံများ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်လာခြင်းဟာ အဓိကအကြောင်း တစ်ခုဖြစ်တယ်လို့ ပြောပါတယ်။

မေး။ ကိုရီးယား-မြန်မာရုပ်ရှင်နဲ့ ပတ်သက်ပြီး ယဉ်ကျေးမှုဖလှယ်ရေးအတွက် ဝန်ကြီးရဲ့ Idea တွေကိုလည်း သိချင်ပါတယ်။

ဖြေ။ Idea ဆိုတာထက် ကျွန်တော်တို့ လုပ်ချင်တာ၊ ကျွန်တော်တို့ဖြစ်ချင်တာက ကိုရီးယားနဲ့ မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ သိတာတစ်ခုရှိပါတယ်။ အဲဒါက ကိုရီးယားအနေနဲ့လည်းပဲ သူ့ရဲ့အနုပညာလုပ်ငန်းကို နိုင်ငံတကာကို ဖြန့်ကြက်နေတယ်။ ဒေသတွင်းမှာလည်း သူဖြန့်ကြက်နေတယ်။ ဒီဒေသတွင်း နိုင်ငံတွေနဲ့ ပေါင်းစပ်ပြီးတော့ ရုပ်ရှင်ဆိုင်ရာ အနုပညာလုပ်ငန်းတွေကနေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေတဲ့ အစီအစဉ်တွေရှိပါတယ်။

ကျွန်တော်တို့ရဲ့ စိတ်ကူးကတော့ အဲဒီပူးပေါင်းဆောင်ရွက်မယ့်အစီအစဉ်တွေထဲမှာ ကျွန်တော်တို့လည်း ပူးပေါင်းပါဝင်ချင်တယ်။ ပူးပေါင်းဆောင်ရွက်ဖို့ ရည်ရွယ်တယ်လို့လည်း ပြောခဲ့ပါတယ်။ နောက်တစ်ခုက ဒီဒေသနှစ်ခုအတွင်း ပူးပေါင်းဆောင်ရွက်တာတင်မဟုတ်ဘဲနဲ့ ကိုရီးယား-မြန်မာနှစ်နိုင်ငံအနေနဲ့လည်း ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ချင်တယ်။

ပူးပေါင်းဆောင်ရွက်ချင်တဲ့ အကြောင်းကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အခုအချိန်အခါမှ စတင်ပြီးတော့ ကျွန်တော်တို့က အလေးအနက် ဆောင်ရွက်တာဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံအနေနဲ့ ဒီရုပ်ရှင်လုပ်ငန်းက အများကြီးဖွံ့ဖြိုးတိုးတက်တဲ့အဆင့်ကို ရောက်နေပါပြီ။ လုပ်ငန်းသဘောတွေအရဆိုရင် အင်မတန်မှပြည့်စုံတဲ့ အနေအထားလောက်ကို ရောက်နေပါပြီ။ ကိုရီးယားနိုင်ငံအနေနဲ့ ဒီထက်မက ဒီလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုရင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ဈေးကွက်၊ နိုင်ငံတကာရဲ့ Resources တွေ သုံးပြီးတော့ လုပ်ရမယ့် အနေအထား ဖြစ်ပါတယ်။

ကျွန်တော်တို့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် နိုင်ငံတကာက နည်းပညာတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ပူးတွဲပြီးတော့ ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ အဲဒီတော့ ကိုရီးယားနဲ့ မြန်မာနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ကိုရီးယားအဖို့ မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ ရေမြေတောတောင်ရှုခင်းတွေ၊ သမိုင်းတွေ၊ အဖြစ်အပျက်တွေ၊ လူပုဂ္ဂိုလ်အကြောင်းတွေ စသဖြင့် ဒါတွေကို ကိုရီးယားရုပ်ရှင်လုပ်ငန်းတွေထဲမှာ သူ့ရဲ့ Content တွေအဖြစ် အသုံးပြုလို့ ရနိုင်ပါတယ်။ အဲဒီ အပိုင်းမှာ ကိုရီးယားအနုပညာရှင်တွေအနေနဲ့ မြန်မာနိုင်ငံက အနုပညာရှင်တွေ၊ ရုပ်ရှင်အတတ်ပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လို့ရပါတယ်။

နောက်တစ်ခုက ဒီကနေ့ ကျွန်တော်တို့တွေ့ခဲ့တဲ့ CGV ကုမ္ပဏီအနေနဲ့ နိုင်ငံတကာကို ရုပ်ရှင်ရုံလုပ်ငန်းတွေ ဖြန့်ကြက်ပြီး လုပ်နေတာရှိပါတယ်။ မြန်မာနိုင်ငံမှာ အစပြုပြီး Joint Venture လုပ်နေတဲ့ဟာလည်း ရှိပါတယ်။ အဲဒီအလုပ်ကို CGV ကုမ္ပဏီအနေနဲ့ အများကြီးပဲ တိုးချဲ့ပြီးတော့ လုပ်လို့ရပါတယ်။ **စာမျက်နှာ ၉ သို့** »»

»»» စာမျက်နှာ ၈ မှ

မြန်မာနိုင်ငံမှာ လူဦးရေသန်းပေါင်း ၅၀ ကျော်ရှိတယ်။ ကိုရီးယားနိုင်ငံထက် လူဦးရေ နည်းနည်းပိုများပါတယ်။ ပြီးတော့ အဲဒီလူဦးရေသည် ရုပ်ရှင်အနုပညာကို အင်မတန် စိတ်ဝင်စားတဲ့ ပရိသတ်ဖြစ်ပါတယ်။

အဲဒီတော့ ဒီပရိသတ်ကို အကြောင်းပြုပြီး ရုပ်ရှင်လုပ်ငန်းများ လောလောဆယ် CGV ကုမ္ပဏီလို လုပ်ငန်းမျိုးက ဖြန့်ကြက်ပြီးတော့ တိုးချဲ့ပြီး ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းအားဖြင့် သူတို့အတွက် အကျိုးအမြတ်ရသလို ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်ရုံတွေ၊ ခေတ်မီတဲ့ ရုပ်ရှင်ရုံတွေ ပေါ်ပေါက်လာပြီးတော့ မြန်မာနိုင်ငံရဲ့ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးဖို့အတွက်လည်း အထောက်အကူပြုနိုင်ပါတယ်။

နောက်ပြီးတော့ ယဉ်ကျေးမှုဖွံ့ဖြိုးရေး၊ ကူးလူးဖလှယ်ရေးအနေနဲ့ ပြောမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံကိုလာပြီးတော့ ကိုရီးယားရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များနဲ့ ဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲတွေ လုပ်လို့ရတယ်။ မြန်မာတွေကလည်း ကိုရီးယားမှာလုပ်တဲ့ ဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲများကို တက်ရောက်ပြီးတော့ အပြန်အလှန် ဆွေးနွေးဖလှယ်လို့ ရပါတယ်။ ယဉ်ကျေးမှုဖလှယ်ရေးနဲ့ပတ်သက်လို့ လုပ်မယ်ဆိုရင် လုပ်စရာတွေ အများကြီး ရှိပါတယ်။

မေး။ ဒီနေ့ CGV ကုမ္ပဏီကို လေ့လာကြည့်ရှုပြီးတော့ သိရှိခဲ့တဲ့အရာတွေကိုလည်း ပြောပြပေးပါ။

ဖြေ။ CGV နဲ့ပတ်သက်လို့ ကျွန်တော်တို့ စောစောက ရှင်းပြတဲ့အထဲမှာလည်း ပြောခဲ့ပါတယ်။ CGV က သူ့ရဲ့လုပ်ငန်းကို အမြဲတမ်းပြန်လည်သုံးသပ်ပြီးတော့ ပြောင်းလဲလာတဲ့အနေအထားတွေ၊ သူ့လုပ်ငန်း ရှင်သန်နေဖို့အတွက် ဘယ်လိုလုပ်မလဲဆိုတာကို အမြဲတမ်းစဉ်းစားတယ်၊ အစီအစဉ်တွေချတယ်။ ဆက်လက်ပြီးတော့ တိုးတက်နေအောင် ဘယ်လို လုပ်မလဲဆိုပြီး ကြံဆလုပ်ကိုင်နေတာတွေ တွေ့ရပါတယ်။

သူတို့ရဲ့ အစီအစဉ်တွေထဲမှာ ဒီကနေ့ ရုပ်ရှင်ကို ရုပ်ရှင်ရုံပိတ်ကားနဲ့ ထိုင်ခုံနဲ့သာ မဟုတ်ဘဲ ကျန်တဲ့ ရုပ်ရှင်ရုံဝန်းကျင်ကို ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းအောင်၊ လူငယ်တွေ အထူးသဖြင့် ဝင်/ထွက်သွားမယ့်နေရာ၊ သူတို့အတွက် ပျော်ရွှင်ဖွယ်၊ စိတ်ဝင်စားဖွယ် နေရာတစ်ခုဖြစ်အောင် ပံ့ပိုးတဲ့လုပ်ငန်းများနဲ့ ဆက်လက်ထိန်းကျောင်းသွားဖို့တွေ ပါဝင်တယ်။

ရုံပတ်ဝန်းကျင်ကို ပြည့်စုံအောင် လုပ်သလို၊ ရုပ်ရှင်ပြသတဲ့စနစ်မှာလည်း ပိုပြီးတော့ စိတ်ဝင်စားအောင် တီထွင်ပြောင်းလဲလုပ်ဆောင်နေတာတွေ ရှိပါတယ်။ အခု ကျွန်တော် ဒီနေ့ကြားရတဲ့ သတင်းအရ CGV ရဲ့ တီထွင်မှုတွေဟာ ကိုရီးယားမှာတင် အောင်မြင်နေတာမဟုတ်ဘဲ နိုင်ငံတကာကပါ စိတ်ဝင်စားပြီးတော့၊ သူတို့နဲ့တွဲပြီးတော့ သူတို့ရုပ်ရှင်ရုံတွေ ပြုပြင်ရေးလုပ်နေတာတွေပါ သိရပါတယ်။

ဒါကြောင့်မို့ ဒီကနေ့ ကြည့်ရတဲ့အခါမှာ ကျေနပ်မှုရှိပါတယ်၊ အားရပါတယ်။ ဒီရုပ်ရှင်ရုံဝန်းကျင်သည် ဒီထက်မက ပိုစိတ်ဝင်စားစရာ ကောင်းလာလိမ့်မယ်လို့လည်း ထင်ပါတယ်။ အစီအစဉ်သစ်တွေနဲ့ ဆက်လက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာဆိုရင်တော့ အခုရှိနေ၊ မြင်တွေ့နေရတဲ့အတိုင်း စီစဉ်ပေးနိုင်ရင်ပဲ ကျွန်တော်တို့ နိုင်ငံရဲ့ပရိသတ်တွေက အများကြီး စိတ်ဝင်စားမယ်လို့ ထင်ပါတယ်။

မေး။ ကိုရီးယားအစိုးရရဲ့ New Southern Policy နဲ့ပတ်သက်ပြီးတော့ သဘောထားအမြင်ကိုလည်း သိပါရစေ။

ဖြေ။ ကိုရီးယားနိုင်ငံအနေနဲ့ နိုင်ငံတကာကို ရုပ်ရှင်အနုပညာ ဖြန့်ကြက်သလို ဒီဒေသတွင်းထဲမှာ အာရှတိုက် အထူးသဖြင့် တောင်ပိုင်းနိုင်ငံတွေနဲ့တွဲပြီး ဆောင်ရွက်နေတာရှိပါတယ်။ ရုပ်ရှင်အနုပညာနဲ့ ပတ်သက်တဲ့အပိုင်းပါ။ အခုတော့ ဒီမူဝါဒသစ်က ကမ္ဘာပေါင်းစုံမှာ အာရှတောင်ပိုင်းနိုင်ငံတွေနဲ့ ပူးတွဲဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ပါ။ ဒီမူဝါဒကို ကျွန်တော်တို့ သဘောကျပါတယ်။

ဒါက ကိုရီးယားနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုကို ပြတာလို့မြင်ပါတယ်။ ကိုရီးယားနိုင်ငံရဲ့ ကုမ္ပဏီတွေ၊ Logo အမှတ်တံဆိပ်တွေ ကမ္ဘာအနှံ့ပြန့်ပြီး ကိုရီးယားသည် ကမ္ဘာမှာ စီးပွားရေးအရဆိုရင် ထိပ်တန်းမှာ ရောက်ရှိလာပြီလို့ ဆိုနိုင်ပါတယ်။ အခုမူဝါဒသစ်အရ ကိုရီးယားသည် နိုင်ငံတကာ ဆက်ဆံရေးမှာလည်း အလားတူ ထိပ်တန်းနိုင်ငံ တစ်ခုဖြစ်လာမယ်လို့ မြင်ရပါတယ်။

နိုင်ငံတကာနဲ့ အခုလို ဆက်ဆံပြီး အထူးသဖြင့် ကျွန်တော်တို့နိုင်ငံအပါအဝင် အာရှတောင်ပိုင်းနိုင်ငံအနေနဲ့ ရင်းနှီးစွာဆက်ဆံခြင်းအားဖြင့် စီးပွားရေးအရမှာလည်း အပြန်အလှန် အကျိုးကျေးဇူးတွေရှိလိမ့်မယ်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးအတွက်လည်း အထောက်အကူပြုမယ်လို့ မြင်ပါတယ်။ တစ်ချိန်တည်းမှာ ကိုရီးယားရဲ့ ပုံရိပ်ကလည်း အခုထက်ပိုပြီး တိုးတက်လာမယ်လို့ ထင်ပါတယ်။

မေး။ နောက်ဆုံးအနေနဲ့ ကိုရီးယားဇာတ်ကားတွေထဲကနေ မြန်မာပရိသတ်စွဲနေပြီး သုံးနေတဲ့အသုံးအနှုန်းတွေ ရှိတယ်လို့ သိရပါတယ်။ ဒါလေးတွေကို သိပါရစေ။

ဖြေ။ ကိုရီးယားရုပ်ရှင်ဇာတ်ကားတွေ၊ ဇာတ်လမ်းတွဲတွေ မြန်မာနိုင်ငံမှာ အင်မတန်မှ လူကြိုက်များတယ်။ ဒီလို လူကြိုက်များတဲ့အခါကျတော့ ကိုရီးယားဇာတ်ကားတွေထဲက ပြောဆိုတဲ့ အသုံးအနှုန်းတွေပေါ့။ များများကြားရတဲ့ စကားလုံးတွေကို မြန်မာပရိသတ်က အဓိပ္ပာယ်တွေလည်း သိနေတယ်၊ နားစွဲနေတယ်။ အိုပါးတို့၊ အာပုကျိတို့၊ အညာဇရောတို့ ဒီစကားတွေကတော့ ကိုရီးယားဇာတ်ကားတွေ၊ ဇာတ်လမ်းတွေ၊ သရုပ်ဆောင်တွေကို ခင်မင်ရင်းနှီးတဲ့စိတ်နဲ့ အဲဒီ ကိုရီးယားဘာသာစကား စကားလုံးအသုံးအနှုန်းလေးတွေကို ထည့်သွင်းပြောဆိုတဲ့အလေ့အထ ရှိနေကြပါတယ်။ ကိုရီးယားရုပ်ရှင် အနုပညာရှင်တွေက မြန်မာတွေရဲ့ နှလုံးသားကို နှစ်သက်အောင် ဆွဲဆောင်နိုင်စွမ်းရှိတဲ့ သဘောပါ။ ဒါကြောင့် ကိုရီးယားက ယဉ်ကျေးမှုစင်တာ လာဖွင့်မယ်ဆိုရင် မြန်မာပြည်မှာ အများကြီး အောင်မြင်ဖို့ ရှိပါတယ်။ ကိုရီးယားနဲ့ မြန်မာ ပူးပေါင်းပြီးတော့ အနုပညာအလုပ်တွေ လုပ်မယ်ဆိုရင် မြန်မာတွေက အင်မတန်မှ နှစ်သက်စွာနဲ့ ဆောင်ရွက်ဖို့ ရှိပါတယ်။

ကျေးဇူးတင်ပါတယ်။

သံအမတ်ကြီး ဦးကျော်ဇေယျ ပြင်သစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၇

ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်ဇေယျသည် ၎င်း၏ ခန့်အပ်လွှာကို ဩဂုတ် ၃၁ ရက်တွင် ပါရီမြို့၌ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမန်နျူရယ် မက်ခရွန် ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း စင်ကာပူကို နှစ်ပွဲစလုံး အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၆

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းက စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ပထမပွဲတွင် ကိုးဂိုး-နှစ်ဂိုး၊ ဒုတိယပွဲတွင် လေးဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နှစ်ပွဲစလုံးအနိုင်ရခဲ့သလို ရွေးချယ်ထားသည့် ပဏာမကစားသမားအများစုကိုလည်း အသုံးပြုပြီး ခြေစွမ်းပိုင်းစမ်းသပ်ခဲ့ရာ မြန်မာအသင်းအတွက် အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်ခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမပွဲ၌ အမှားအယွင်းများခဲ့သည့် ခံစစ်ပိုင်းကို အပြောင်းအလဲလုပ်နိုင်ခဲ့ပြီး ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ကစားသမားများ အပြောင်းအလဲလုပ်ခဲ့သောကြောင့် ပထမပွဲလောက် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ တိုက်စစ်ပိုင်းမှာလည်း ဂိုးရရန် ရုန်းကန်ခဲ့ရသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းခေါင်းဆောင် မေသက်မွန်မြင့်နှင့် စင်ကာပူတိုက်စစ်မှူး ဒါနာလီတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် စင်ကာပူအသင်းကို ပထမပွဲ၌ အနိုင်ရသည့် ပွဲထွက်ကစားသမားစာရင်းကို အပြောင်းအလဲ ပြုလုပ်ကာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားအချို့ပြောင်းလဲခဲ့ကာ ဆွေမာအောင် ဝင်လာပြီး နောက်ပိုင်းမှ တိုက်စစ်ကစားပုံ ပိုကောင်းလာကာ ဂိုးများ ထပ်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဆုံးသတ်အားနည်းသောကြောင့် ပထမပိုင်းတွင် တစ်ဂိုးသာရခဲ့ပြီး ၁၈ မိနစ်တွင် ဂျူလိုင်ချာက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ဆွေမာအောင် တစ်ဦးတည်းက ၄၇၊ ၆၆၊ ၈၅ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူကာ ဒုတိယနှင့် တတိယဂိုးမှာ ဂိုးသမားကိုလိမ်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

ဓာတ်ပုံ-စိုးညွှန့်

✪ **ကျောဖုံးမှ**

တရားသူကြီးချုပ်များ၊ ဒုတိယအကြီးအကဲများ၊ တရားသူကြီးများ၊ အတွင်းရေးမှူးချုပ်များနှင့် ကိုရီးယားနိုင်ငံတက္ကသိုလ်များမှ ပါမောက္ခများ တက်ရောက်ကြသည်။

အဆိုပါညီလာခံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် "မြန်မာနိုင်ငံ၏ အတိတ်ကာလနှင့် မျက်မှောက်ကာလတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီရင်ဆုံးဖြတ်မှု" နှင့်ပတ်သက်သည့်စာတမ်းကို ဖတ်ကြားဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးချက်တွင် မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနှင့် စပ်လျဉ်း၍ အရေးပါသည့်ပြဋ္ဌာန်းချက်များ၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေများအရ ဆုံးဖြတ်ခဲ့သည့် လွှဲအပ်မှုများ၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများ၊ တင်သွင်းလွှာများအပေါ် စီရင်ဆုံးဖြတ်မှုများနှင့်သက်ဆိုင်သည့် အကြောင်းအချက်များ ပါဝင်သည်။

ညီလာခံတွင် "အတိတ်ကာလနှင့် မျက်မှောက်ကာလတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီရင်ဆုံးဖြတ်မှု"၊ "ဥပဒေပြုအဖွဲ့၊ ရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှု"၊ "လူ့အခွင့်အရေးများကိုကာကွယ်ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှု"နှင့် "၂၁ ရာစုအတွင်း ကြုံတွေ့ရသည့် စိန်ခေါ်မှုများ" ဟူ၍ အပိုင်း(၄) ပိုင်းခွဲကာ တက်ရောက်လာသည့်နိုင်ငံများက ပါဝင်ဆွေးနွေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း Association of Asia Constitutional Courts and Equivalent Institutions (AACC) နှင့်လည်းကောင်း၊ အခြားသောနိုင်ငံတကာမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အလားတူအဖွဲ့အစည်းများနှင့်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲ ထပ်မံကြုံတွေ့

နေပြည်တော် စက်တင်ဘာ ၆

တရုတ် ယူ-၂၁ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်း ရှုံးပွဲ ထပ်မံကြုံတွေ့ခဲ့သည်။ မြန်မာအသင်းသည် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် ယခုပွဲ ရှုံးပွဲကြုံခဲ့ခြင်းကြောင့် နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ပြီး ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့သည့် ဥဇဘက်ကစ္စတန်အသင်းမှာမူ ချန်ပီယံဆုအတွက် အလားအလာကောင်းသွားခဲ့သည်။ မြန်မာအသင်းသည် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပထမပွဲမှ ပွဲထွက်လူစာရင်းကို အမာခံထားကာ ယှဉ်ပြိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေး လေးကြိမ်ရသော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ဥဇဘက်ကစ္စတန်အသင်းသည် ယခုပွဲတွင် ဂိုးရနိုင်သည့် အခွင့်အရေး ၁၀ ကြိမ်နီးပါးရသော်လည်း မြန်မာဂိုးသမား စိုးအာကာ လက်စွမ်းပြကာကွယ်နိုင်ခဲ့၍ နှစ်ဂိုးထပ်ပိုပြီး မပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး ရှုံးထားပြီး နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၈ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

တရားဝင်သစ် မှန်ကန်ကြောင်း ပြောနိုင်တယ်ဆိုရင် ဥရောပဈေးကွက်က အိမ်နီးချင်း ဈေးကွက်ထက်စာရင် ဈေးကောင်းပိုရတယ်။

ဦးကျော်ကျော်လွင်

သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေး စကားဝိုင်း ကျင်းပ

ရှင်မင်းနှင့် အဖွဲ့

သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးကျော်ကျော်လွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)၊ ဦးခွန်အောင်စိုး(အထွေထွေမန်နေဂျာ၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါက်တာဆန်းဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)၊ ဦးစိုင်းမျိုးဝင်း(Excellent Fortune Development Group, Chairman & Founder)၊ ဒေါက်တာဝင်းမောင်(ဥက္ကဋ္ဌ၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ)နှင့် ဦးအာကာမင်း(မန်နေဂျင်းဒါရိုက်တာ၊ High United Co., Ltd)တို့က ပါဝင်ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

ယမန်နေ့မှအဆက်

ဦးကျော်ကျော်လွင်။ ။သစ်ကို လျှော့ထုတ်မယ်ဆိုရင် နိုင်ငံတွင်းကို တင်သွင်းဖို့ လိုအပ်ကောင်းလိုအပ်မယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ သဘောထားကတော့ ကုန်ကြမ်းသစ်လုံးသာ တင်သွင်းမယ်ဆိုရင် သုညရာခိုင်နှုန်းအထိ အခွန်ကင်းလွတ်ခွင့်ပေးချင်ပါတယ်။ တန်သုံးသိန်းခွဲအထိ လျှော့ချထုတ်လုပ်တာဖြစ်တဲ့အတွက် ကုန်ကြမ်းတင်သွင်းတာကို အားပေးပါတယ်။ ကုန်ကြမ်းသွင်းတဲ့ အခွန်ကိုလည်း သူတို့အတွက် လုပ်သာကိုင်သာရှိအောင် လျှော့ချပေးပါမယ်။ ဆုံးဖြတ်ချက်ကတော့ လွှတ်တော်က ဆုံးဖြတ်ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဌာနကနေ တင်ပြမယ်။

ဦးခွန်အောင်စိုး။ ။လက်ရှိမှာ ကိုရီးယားနဲ့ သစ်လုပ်ငန်းနဲ့ ဖက်စပ် MKTI ဆွာမှာ ရှိတဲ့ အထပ်သားစက်ရုံက ဘာလုပ်ပေးလဲဆိုတော့ အထပ်သား၊ ငါးထပ်သားဆိုရင် အလယ်မှာ သုံးထပ်ထည့်ရတယ်။ ဒီအတွက် တင်သွင်းတာရှိပါတယ်။ နိုင်ငံခြားက တင်သွင်းတဲ့အခါ စိုက်ခင်းသစ်တွေပဲ။ စိုက်ခင်းသစ်ဆိုတော့ သစ်နုတယ်။ နည်းနည်း အရည်အသွေးညံ့တယ်။ ဒါကို အလယ်သားအတွက် သုံးတယ်။ အဲဒီဟာမျိုးကို ဝယ်ပြီးတော့ ကျွန်တော်တို့ ကညင်တွေ၊ ကျွန်တော်တို့ ကညင်တွေက နှစ် ၆၀ အသားတွေဆိုတော့ ကောင်းတယ်။ ဒါတွေကို အပေါ်က ထပ်ပါတယ်။ ဒီလိုမျိုးနဲ့ ဒီမှာ လုပ်ပြီးတော့ ပြည်ပကို ပြန်ပြီး တင်ပို့တယ်။ ပြည်တွင်းလည်း ဖြန့်တယ်။

သစ်တွေကို ဝယ်သွင်း

ကျွန်တော်တို့ဆီမှာ လက်ရှိထုတ်တဲ့ သစ်အားလုံးသည် သစ်မာဆိုရင် နှစ် ၆၀ အထက်၊ ကျွန်းဆိုရင် နှစ် ၁၀၀ အထက်ရှိတယ်။ ရင်စို့လုံးပတ်က ကျွန်းဆိုရင် ခြောက်ပေခွဲ၊ သစ်မာဆို ခြောက်ပေမှ သစ်တောဦးစီးဌာနက ခွင့်ပြုတာဖြစ်ပါတယ်။ ဒီအရွယ်ရောက်ဖို့က နှစ် ၆၀ လောက် သက်တမ်းရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သစ်တွေက ကောင်းတယ်။ ကောင်းလွန်းတဲ့ဟာကို အလယ်သားသုံးတယ်ဆိုရင် ရတဲ့ဈေးနဲ့ မတန်တဲ့အခါကျတော့ တခြားနိုင်ငံကနေ စိုက်တဲ့ သစ်နည်းနည်းပွတဲ့ သစ်တွေကို ဝယ်သွင်းနေပါတယ်။ အဲဒီဟာကိုလည်း ကိုအာကာတို့ ပြန်လေ့လာရင် အဓိက အထပ်သားက လူသုံး အရမ်းများပါတယ်။ ဒီအထပ်သား၊ အလယ်သားကို စတင်ပြီးဆောင်ရွက်နေကြပါပြီ။

ဦးကျော်ကျော်လွင်။ ။ကျွန်တော်တို့ ပြောသလိုပဲ ကျွန်တော်တို့က လျှော့ချထုတ်လုပ်လိုက်တော့ ကျွန်တော်တို့ဆီမှာရှိတဲ့ စက်ရုံတွေရဲ့ လိုအပ်ချက်ကရှိလာတော့ သူတို့ import လုပ်ရတယ်။ ပြီးရင် ဒီဟာကို Re-export လုပ်တာပါ။ ဒါနဲ့ တစ်ဆက်တည်း စိုက်ခင်းဘက်ကို ပြန်ပြီးကျော့ရရင် သဘာဝတောကပဲ သစ်ကိုထုတ်လာတယ်။ ကျွန်းဆိုရင် နှစ်ရှစ်ဆယ်၊ ခြောက်ဆယ်အထက် ကျွန်တော်တို့ ထုတ်လာခဲ့တော့ သဘာဝတောကြီးကို အားကိုးနေရတဲ့အတွက်ကြောင့် ၂၀၁၄ က log export ban လုပ်လိုက်တယ်။ သစ်လုံးအလုံးလိုက် ပြည်ပတင်ပို့ခွင့်မပေးဘူး။ မပေးတဲ့အဓိက ရည်ရွယ်ချက်က ကျွန်တော်တို့နိုင်ငံ သဘာဝတောက ထွက်တဲ့ သစ်လုံးကို ကျွန်တော်တို့ဆီမှာပဲ ခွဲစိတ်ခြင်းအားဖြင့် ပြည်တွင်းလုပ်ငန်းရှင် ကိုအာကာတို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်းလာမယ်။

ပုဂ္ဂလိက စိုက်ခင်း

သူတို့စက်ရုံတွေ လာထောင်ရင် ကျွန်တော်တို့ ပြည်တွင်းက ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရမယ်။ အဲဒီအတွက် ကျွန်တော်တို့က ၂၀၁၄ ခုနှစ်မှာ log export ban လုပ်လိုက်တယ်။ လုပ်လိုက်တဲ့အချိန်မှာ စိုက်ခင်းတွေ ကျွန်တော်က အားပေးနေပြီ။ အားပေးတော့ ပုဂ္ဂလိက စိုက်ခင်းတွေ တည်ထောင်လာကြတဲ့အခါမှာ ပုဂ္ဂလိကစိုက်ခင်းတွေလည်း အများကြီး တည်ထောင်လာပြီ။ ၂၀၀၆ ခုနှစ်ကခွင့်ပြုတော့ ၁၂ နှစ်တာကာလ ကိုအာကာကို သစ်ထုတ်တာတွေ လျှော့လိုက်လို့ အခက်အခဲတွေနဲ့ ဖြေရှင်းဖို့နည်းလမ်းတွေ ဆွေးနွေးသလို ဒီဘက်က ဦးစိုင်းမျိုးဝင်းကိုလည်း ကျွန်တော်တို့ စိုက်ခင်းတွေ ၁၀ နှစ်၊ ၁၂ နှစ် သက်တမ်းကာလရောက်လာတော့ စိုက်ခင်းတွေနဲ့ ပတ်သက်လို့ စိုက်ခင်းကလည်း အခုထွက်လာတော့မယ့် သစ်တွေနဲ့ ပတ်သက်လို့ အခက်အခဲတွေ ဆွေးနွေးလိုတာများရှိရင် ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းမျိုးဝင်း။ ။သယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကနေ စိုက်ခင်းလုပ်ငန်းရှင်တွေ စိုက်ပျိုးလာအောင် နည်းလမ်းတွေ အများကြီး စဉ်းစားပြီးတော့ ဖြေလျှော့ပေးပါတယ်။ ဒါပေမယ့် လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ အခက်အခဲတစ်ခုရှိတာက ကျွန်တော်တို့ စိုက်ပျိုးတဲ့မြေဟာဆိုရင် ကိုယ်ပိုင်မြေမဟုတ်ပါဘူး။ သစ်တောဦးစီးဌာနကနေ ငှားရမ်းပြီး စိုက်ပျိုးတယ်။ ဒါမှမဟုတ်လည်း အစောပိုင်းက တင်ပြသလို မြေလွတ်မြေရိုင်းတွေကို ငှားရမ်းပြီးစိုက်ပျိုးတယ်။ စိုက်ပျိုးတဲ့အခါမှာ မြေပိုင်ဆိုင်မှုဟာ ကျွန်တော်တို့ရဲ့မြေ မဟုတ်တဲ့အတွက် ဒါကို ဘဏ်မှာ အာမခံအဖြစ်ပေးပြီးတော့မှ ချေးငွေမရယူနိုင်ပါဘူး။ နိုင်ငံခြားမှာဆိုရင်တော့ ဒီလိုအခြေအနေမျိုးမှာ ဒီမြေကြီးပေါ်မှာရှိတဲ့ စိုက်ပျိုးထားတဲ့ သစ်ပင်တွေကို အာမခံကုမ္ပဏီတွေကနေ တန်ဖိုးဖြတ်ပြီး လက်ခံပေးတယ်။ အာမခံပေးတဲ့အပေါ်မှာ ဘဏ်ရဲ့လုပ်ထုံးလုပ်နည်းနဲ့အညီ ချေးငွေတွေ ခွင့်ပြုပေးတာရှိတယ်။ ဒီတော့ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ နိုင်ငံတကာမှာလို နည်းလမ်းတွေကျင့်သုံးပြီးတော့ ချေးငွေကို စိုက်ခင်းလုပ်ငန်းရှင်တွေအတွက် ခွင့်ပြုပေးနိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးဟာ ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်မှာဖြစ်ပါတယ်။

ဦးကျော်ကျော်လွင်။ ။ကျွန်တော်တို့ရဲ့ ဘဏ်စနစ်တွေကို ကြိုးစားပြီးတော့ ညှိနှိုင်းနေတယ်။ ငွေကို ချေးလို့ရအောင်၊ သစ်တောစိုက်ခင်းမှာ ရင်းနှီးမြှုပ်နှံမှုဆိုတာ နှစ်ရှည်ကြာတယ်။ အခုကျွန်းဆိုရင် အနှစ်သုံးဆယ်ပေးတယ်။ ပေါင်းပေါင်းပြီး ဆက်လုပ်ရမယ်။ ကျွန်းသစ်လုံး ထွက်တဲ့အထိပါ။ အခုတော့ ၁၂ နှစ်တာကာလဆိုတော့ ကြားဖြတ်တောထွက်တွေလည်း ထွက်လာပါပြီ။ ဒါတွေနဲ့ ပတ်သက်လို့ ဆောင်ရွက်နေတဲ့ အခြေအနေနဲ့ ဈေးကွက်အခြေအနေကို ဆွေးနွေးပေးပါဦး။

ဦးစိုင်းမျိုးဝင်း။ ။အစောပိုင်းစိုက်ပျိုးတဲ့ စိုက်ခင်းတွေဟာ အခုချိန်မှာ ကြားဖြတ်ဝင်ငွေရရှိနိုင်တဲ့ မျောတို့ တိုင်တို့ ထွက်ရှိလာပါပြီ။ ထွက်ရှိလာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံမှာ ဒါတွေကို အသုံးပြုပြီးတော့ ပရိဘောဂတို့ ထုတ်လုပ်တာတွေက နောင်တစ်ချိန်မှာတော့ ဖွံ့ဖြိုးလာမှာပါ။ အခုချိန်မှာတော့ အစပိုင်းလည်းဖြစ်တဲ့အခါကျတော့ ပြည်တွင်းမှာ ဈေးကွက်အားနည်းနေပါတယ်။ အားနည်းနေတဲ့အတွက် စိုက်ခင်းကနေပြီးတော့ ထွက်ရှိလာတဲ့မျောတို့၊ တိုင်တို့ကို ပြည်ပကို အလုံးလိုက် တင်ပို့ခွင့်ပြုမယ်ဆိုရင် ကြားဖြတ်ဝင်ငွေရရှိမှာ ဖြစ်တဲ့အတွက် စိုက်ခင်းသမားတွေအတွက် ဒါဟာ အထောက်အပံ့အများကြီးဖြစ်ပါတယ်။

ဦးကျော်ကျော်လွင်။ ။ပုဂ္ဂလိကတင်မကဘူး။ ကျွန်တော်တို့ နိုင်ငံတော်ပါ ပါတယ်။ အခုထွက်လာတဲ့ တိုင်၊ မျောတွေကို ဆေးသွင်းတာတွေ၊ ပြုပြင်တာတွေအတွက် နည်းပညာပိုင်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းတယ်။ နည်းတော့ ဒါကို အလုံးလိုက် တင်ပို့ချင်တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် သစ်တောဦးစီးဌာနက ကျွန်းစိုက်ခင်းက ပိုစိုက်လာခဲ့တော့ အဲဒီဟာတွေပါ ဈေးကွက်မရှိဘူး။ ဈေးကွက်မရှိဘူးဆိုတော့ ကျွန်တော်တို့ နိုင်ငံတော်ပိုင် စိုက်ခင်းရော၊ ပုဂ္ဂလိကပိုင် စိုက်ခင်းရောက ထွက်လာတဲ့ ဒီကျွန်းသစ်တွေ၊ သစ်မာတွေကို အလုံးလိုက် ပြည်ပတင်ပို့ခွင့်ပြုဖို့ ဦးစိုင်းမျိုးဝင်းက တောင်းဆိုတယ်။ ကျွန်တော်တို့ဘက်ကလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဌာနပိုင်စိုက်ခင်း

ကျွန်တော်တို့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မူအားဖြင့် သဘောတူပြီးသား။ နိုင်ငံတော်ရဲ့ Policy ဖြစ်တော့ အထက်ကို တင်ပြပြီး ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ကျွန်တော့်ရဲ့ သမိုင်းတစ်လျှောက်လုံး သဘာဝတောကပဲ သစ်ထုတ်လာခဲ့တာ။ ဒီနှစ် ၂၀၁၈ ခုနှစ် သစ်ထုတ်ရာသီမှာတော့ ကျွန်းတန် ၁၅၀၀၀ ထုတ်ပါမယ်။ တန် ၁၅၀၀၀ ကို ၇၀ ရာခိုင်နှုန်းကို သဘာဝတောထဲက နှစ် တစ်ရာအထက်ကန့်သတ် ရင်စို့လုံးပတ် ခြောက်ပေ ခြောက်လက်မအထက် သဘာဝကျွန်းပင်ကြီးကို ၇၀ ရာခိုင်နှုန်းပဲ ခုတ်လှဲပါမယ်။ သစ်တောဦးစီးဌာနရဲ့ ဌာနပိုင်စိုက်ခင်းက ကျွန်းကို ၃၀ ရာခိုင်နှုန်း ထုတ်ပါမယ်။ အဲဒီကျွန်းကို သဘာဝတောက ထွက်လာတဲ့ ကျွန်းကိုတော့ ဒီမှာပဲ ခွဲစိတ်ပြုပြင်ပြီးမှ တရားဝင်သစ် မှန်ကန်ကြောင်း ထောက်ခံချက်နဲ့အတူ နိုင်ငံခြားကို တင်ပို့ရပါတယ်။

တရားဝင်သစ် မှန်ကန်ကြောင်း ပြောနိုင်တယ်ဆိုရင် ဥရောပဈေးကွက်က အိမ်နီးချင်း အိန္ဒိယ၊ တရုတ်၊ ထိုင်းတို့လို ဈေးကွက်ထက်စာရင် ဈေးကောင်းပိုရတယ်။ ဒါပေမယ့် အဲဒီမှာ တရားဝင်သစ်ထောက်ခံချက်က အရေးကြီးတယ်။ ဒီအတွက် လုပ်နေပါတယ်။ ကျွန်တော်တို့ စိုက်ခင်းကသစ်ကို တရားဝင်သစ်ဖြစ်ကြောင်း နောက်ကြောင်းပြန်လိုက်ဖို့က အလွန်လွယ်တယ်။ မှတ်တမ်းမှတ်ရာ အပြည့်အစုံရှိတော့၊ နောက်ကြောင်းပြန် အစစ်ဆေးကို ခံနိုင်တော့ ဒီစိုက်ခင်းကထွက်တဲ့သစ်ဆိုရင် ပြည်ပနိုင်ငံတွေအထိ တင်ပို့နိုင်တယ်။ ဦးစိုင်းမျိုးဝင်းတို့ ဆွေးနွေးသွားသလို ငယ်ရွယ်တဲ့ တိုင်၊ မျောတွေမှာ ဆေးသွင်းဖို့ လိုအပ်တာမှာ နည်းပညာမဖွံ့ဖြိုးသေးရင် ဒါတွေကိုတော့ သစ်အလုံးလိုက် တင်ပို့ဖို့လိုမှာပါ။ ရဖို့လည်း ဆောင်ရွက်နေပါတယ်။

ဦးခွန်အောင်စိုး။ ။အဲဒီ ကျွန်းမျောတွေက ကျွန်တော်တို့ဆီမှာသာ သိပ်အသုံးမဝင်တာ နိုင်ငံခြားမှာ အလွန်အသုံးဝင်တယ်။ ကျွန်းသည် ပင်လယ်ရေငန်ကို ခံနိုင်ရည်ရှိတယ်။ ကျွန်တော်တို့ဆီမှာ ကျွန်းမျောထွက်လာရင် အများကြီးထွက်လာတော့ လေလံပစ်တာတောင် ဝယ်မယ့်သူ မရှိပါဘူး။ နိုင်ငံခြားမှာ အလွန်တန်ဖိုးရှိတယ်။ ဒါမျိုးကို တန်ဖိုးရှိတဲ့ နိုင်ငံကို ပို့လိုက်ရင် ရင်းနှီးမတည်ပြန်ရပါတယ်။

ဦးကျော်ကျော်လွင်။ ။ဒါကတော့ နိုင်ငံတော်ရဲ့ မူဝါဒတစ်ခု ဖြစ်ပါတယ်။ နိုင်ငံပိုင်စိုက်ခင်းကြီးတွေက ထွက်နေတဲ့ ပင်ကျပ်တွေက ပိုများသေးတယ်။ ပင်ကျပ်တွေက ထွက်လာတယ်၊ ဈေးကွက်က မရှိ။ နောက်ဆုံး အနီးနားကျေးရွာသူ ရွာသားတွေကို ထင်းအဖြစ် ဝေလိုက်ရတယ်။ ဒါကိုသာ Export ဆိုတဲ့ ကိစ္စဆိုရင် သစ်တောကဏ္ဍက စိုက်ခင်း ကျွန်းနဲ့ သစ်မာကို အလုံးလိုက် Export ပြုမယ်ဆိုရင် ပုဂ္ဂလိက ကဏ္ဍနဲ့ နိုင်ငံတော်ကဏ္ဍအတွက် ဝင်ငွေအများကြီးဖြစ်လာမယ့် အတွက်ကြောင့် ဈေးကွက်ကျယ်ပြန့်လေ၊ ဈေးရလေပါပဲ။

စာမျက်နှာ ၁၁ သို့ ◆◆

❝ကျွန်တော်တို့ စိုက်ခင်းကသစ်ကို တရားဝင်သစ်ဖြစ်ကြောင်း နောက်ကြောင်းပြန်လိုက်ဖို့က အလွန်လွယ်တယ်။ မှတ်တမ်းမှတ်ရာ အပြည့်အစုံရှိတော့၊ နောက်ကြောင်းပြန် အစစ်ဆေးကို ခံနိုင်တော့ ဒီစိုက်ခင်းကထွက်တဲ့ သစ်ဆိုရင် ပြည်ပနိုင်ငံတွေအထိ တင်ပို့နိုင်တယ်။ ဦးစိုင်းမျိုးဝင်းတို့ ဆွေးနွေးသွားသလို ငယ်ရွယ်တဲ့ တိုင်၊ မျောတွေမှာ ဆေးသွင်းဖို့ လိုအပ်တာမှာ နည်းပညာမဖွံ့ဖြိုးသေးရင် ဒါတွေကိုတော့ သစ်အလုံးလိုက် တင်ပို့ဖို့လိုမှာပါ။ ရဖို့လည်း ဆောင်ရွက်နေပါတယ်❞

ကလေးစာပေပွဲတော်(အင်းစိန်)ဖွင့်ပွဲသို့ လာရောက်လေ့လာသူများဖြင့် စည်ကား

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို အင်းစိန်မြို့နယ် အထက(၁) ရောဝတီခန်းမဆောင်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "စာကြည့်တိုက်တွေနဲ့ ကလေးငယ်တွေရဲ့ ဘဝကို မြှင့်တင်ကြိုးပမ်းရာမှာ ဒီလိုကြိုးပမ်းချက်ကို ကလေးစာပေပွဲတော်က အရေးကြီးတဲ့အခန်းကဏ္ဍမှာရှိနေပြီး စာကြည့်တိုက်တွေမှာ ကျွန်တော်တို့မမီနိုင်တဲ့ ပညာရှင်တွေရဲ့ အဆိုအမိန့်တွေ၊ သူတို့အကြောင်းတွေ၊ သူတို့ပြောကြားချက်တွေ၊ သူတို့နဲ့ ကျွန်တော်တို့နဲ့အမြင်တွေ၊ ယူဆချက်တွေ တွေ့နိုင်ပြီး ဒါ့အပြင် ဘာသာရပ်နယ်ပယ် အသီးသီးရဲ့ ကျွမ်းကျင်တဲ့လူတွေ၊ ကမ္ဘာ့အရပ်ရပ်ကပုဂ္ဂိုလ်တွေ၊ ဒီလိုလူမျိုးတွေကို စာကြည့်တိုက်က စာအုပ်တွေထဲမှာ တွေ့နိုင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့အကြောင်းတွေ၊ သူတို့ရဲ့ အတွေးအခေါ် ပြောကြားချက်တွေကို နားထောင်မယ်၊ ဖတ်ကြည့်မယ်၊ ပြီးရင် ဝေဖန်ပိုင်းခြားမယ်၊ မှတ်သားပြီး၊ ဒါတွေကို စာကြည့်တိုက်တွေထဲက သုတ၊ ရသ အကုန်ရတဲ့ နေရာတွေပါ။ ဒါကြောင့် ဒီလိုပွဲတော်တွေလုပ်ပြီး ကလေးတွေကို လေ့လာစေခြင်းဟာ အရေးကြီးပါတယ်"ဟု ထည့်သွင်းပြောကြားသွားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်း၊ ကျောင်းသူ လေးဦးက တေးသရုပ်ဖော်အက၊ Premium Education Centre ကျောင်းသားကျောင်းသူ နှစ်ဦးက ဦးရွှေရိုးနှင့် ဒေါ်မိုးအက၊ SMEC ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ရှစ်ဦးတို့က ဇော်ဂျီအက၊ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အသီးသီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ကလေးစာပေပွဲတော်ကို စက်တင်ဘာ ၆၊ ၇ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပလျက်ရှိပြီး စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပန်းချီ၊ ပုံပြော၊ ဆေးရောင်ခြယ်ပန်းချီ၊ တူ/သဲပန်းချီဆွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကိုလည်း ထည့်သွင်းထားသည့်အပြင် ကလေးစာပေ၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားကာ ကျောင်းသား ကျောင်းသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ ဆောင်းဝင်းလတ်၊ ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး၊ ဝင်းနွယ်(ပုသိမ်)၊ ဇင်ယော်နီတို့က ဟောပြောကြပြီး ဒုတိယနေ့တွင် ရန်မိုးအောင်(အင်းစိန်)၊ မောင်လှမျိုး(ချင်းချောင်းခြံ)တို့က အသီးသီး ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

မြ၈၄

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၆

ဒုဋ္ဌဝတီမြစ်

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး တောင်ငူမြို့တွင် နောက်တစ်ရက်အတွင်းနှင့် မဒေါက်မြို့တွင် နောက်ငါးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေ၀က်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန်နှင့် မြစ်ငယ်မြို့၊ တောင်ငူမြို့၊ မဒေါက်မြို့များ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

"ချူဆီ" ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၁၄ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၆

အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ အကယ်ဒမီမင်းဦး ရိုက်ကူးသည့် "ချူဆီ"ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် ညပိုင်းက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး စက်တင်ဘာ ၁၄ ရက်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ "ချူဆီ" ရုပ်ရှင်ဇာတ်ကားတွင် ကျော်ထက်အောင်၊ အကယ်ဒမီ မယ်လိုဒီ၊ အေးမြတ်သူ၊ အိချောပိုမေ၊ နန်းဆုဦးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး နန်းတော် အမည်ရှိ လူကုံထံသူဌေးများ၊ လုပ်ငန်းရှင်၊ စီးပွားရေးသမား၊ ယောကျ်ားများ အရွယ်ရွယ်အစားစား ကျင်လည်ကျက်စားတတ်သည့် ကာရာအိုကေဆိုင်တစ်ခုသို့ "မြကလေး"အမည်ရှိ ကျေးတောသူလေးတစ်ဦး အလုပ်လုပ်ရန် စတင်ရောက်ရှိလာချိန်မှစပြီး ဇာတ်လမ်းကိုဖွင့်ထားသည်။

ဒါရိုက်တာ အကယ်ဒမီမင်းဦး

သရုပ်ဆောင် ကျော်ထက်အောင်

သရုပ်ဆောင် အကယ်ဒမီမယ်လိုဒီ

သရုပ်ဆောင် အေးမြတ်သူ



သရုပ်ဆောင် အိချောပို

ဒါရိုက်တာ အကယ်ဒမီမင်းဦး က "ပထမဆုံးဒါရိုက်တာလုပ်ပြီး ရိုက်တဲ့ကားဆိုတော့ နည်းနည်းတော့ရင်တုန်တာပေါ့။ အခက်အခဲတွေကတော့ အများကြီးပါပဲ။ မင်းသမီးငါးယောက် မင်းသားတစ်ယောက်ဆိုတော့ ရက်နည်းနည်းညှိရတာကလွဲလို့ ကျန်တာအဆင်ပြေပါတယ်။ ဒီဇာတ်ကားက မိန်းကလေးတွေဘက်က ရိုက်ထားတာပါ။ လူတစ်ယောက်ကို သူ့ရဲ့အလုပ်အပေါ်မှာ ကြည့်ပြီးတော့ ဆုံးဖြတ်လို့မရဘူးဆိုတာ မက်ဆေ့စ်ပေးချင်တာပါ"ဟု ပြောသည်။

သရုပ်ဆောင် ကျော်ထက်အောင် က "ဒီဇာတ်ကားမှာ ကေတီဗွီက ဂျာကြီးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ကောင်မလေးတွေနဲ့ အရှုပ်အယှက်လေးတွေပါမယ်။ ပြဿနာ ဖြေရှင်းပေးတာတွေပါမယ်။ အဲဒီလို ကာရိုက်တာလေးပါ။ ဒီဇာတ်ကားက မင်းသမီးတွေလည်း အများကြီးပါတယ်။ ကျွန်တော်တစ်ယောက်တည်း ဦးဆောင်ရတဲ့ကားလည်းဖြစ်တယ်။ ဒီကားမှာ ဇာတ်ကဦးဆောင်သွားပါတယ်။ အစုအဖွဲ့ပုံစံနဲ့ လုပ်ခဲ့တာပါ။ ကိုမင်းဦးရဲ့ ပထမဆုံးကားဖြစ်တာလည်းပါတယ်။ ကိုမင်းဦး ကြိုးစားထားတာလည်း အရာထင်မှာပါ။ အမှတ်တရတွေက အများကြီးပါပဲ"ဟု ပြောသည်။

သရုပ်ဆောင် အကယ်ဒမီမယ်လိုဒီ က "ဒီဇာတ်ကားမှာ ကေတီဗွီမှာ လုပ်သက်ကြာတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကို ပရိသတ်ကြည့်ရင်တော့ အချိန်ကုန် ငွေကုန်ရကျိုးနပ်မှာပါ။ ဒီဇာတ်ကားမှာ ရယ်စရာလေးတွေလည်းပါတယ်။ ငိုစရာလေးတွေလည်းပါတယ်"ဟု ပြောသည်။

သရုပ်ဆောင်အေးမြတ်သူက "ဇာတ်ကားသစ်ရိုက်တိုင်း ရင်ခုန်တယ်။ စိတ်လှုပ်ရှားတယ်။ ဒီဇာတ်ကားမှာ သရုပ်ဆောင်ပိုင်း အများကြီးလုပ်ခွင့်ရတယ်။ ဒီဇာတ်ကားထဲက မထက် ကာရိုက်တာ မလွတ်သွားအောင် ကြိုးစားထားပါတယ်။ ဦးမင်းဦးက ဒါရိုက်တာအသစ်ဆိုပေမယ့် သရုပ်ဆောင်တွေပေါ် နားလည်ပေးနိုင်တယ်။ သရုပ်ဆောင်တစ်ယောက်ရဲ့ စိတ်ကို နားလည်တယ်။ ဘယ်လိုဖြစ်ရမယ်ဆိုတာသိတယ်။ ဒါရိုက်တာတစ်ယောက်အနေနဲ့ သင်ပေးတာမဟုတ်ဘဲ သရုပ်ဆောင်အချင်းချင်း သင်ပေးသလိုဖြစ်တဲ့အခါကျတော့ သဘောကျတယ်။ ပိုပြီးထိုးထွင်းပေါက်မြင်တယ်။ ပျော်ရွှင်စွာနဲ့ပဲ တက်ညီလက်ညီလုပ်နိုင်ခဲ့ကြတယ်"ဟု ပြောသည်။

သရုပ်ဆောင်အိချောပိုက "ဒီဇာတ်ကားမှာ ကေတီဗွီမှာ အလုပ်လုပ်တဲ့ မိန်းကလေးတစ်ယောက် ပုံစံမျိုးပါ။ ရွာကတက်လာတဲ့မိန်းကလေး၊ မိသားစုအခြေအနေမကောင်းလို့ အလုပ်တက်လုပ်တာ။ ဒါပေမယ့် ရိုးသားတယ်။ ကြောက်လည်းကြောက်တတ်တယ်။ အားလုံးထဲမှာ ထစ်ခနဲရှိ ငိုမယ်ဆိုတဲ့ ပုံစံလေးပါ။ ဇာတ်လမ်းလေးကလည်း ဆန်းပါတယ်။ ဇာတ်ကားက ပညာပေးပုံစံပါတယ်။ မိန်းကလေးတွေရဲ့ ဘဝတွေ တချို့လည်း ဘဝမပျက်ချင်ဘဲ ပျက်ခဲ့ရတယ်။ တချို့လည်း ကိုယ့်ဘဝကို ရပ်တည်နိုင်အောင် ကြိုးစားတယ်။ အဲဒီလို ပုံစံလေးပြထားတဲ့အတွက် မိန်းကလေးတွေလည်း ခွန်အားဖြစ်စေတယ်"ဟု ပြောသည်။

မင်းသစ်(MNA)၊ဓာတ်ပုံ-သန့်စင်မင်း

◆◆ စာမျက်နှာ ၁၀ မှ

အစီအစဉ်မှူး။ ။မြန်မာ့စီးပွားရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးဖို့အတွက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနဲ့ ဘယ်လိုဆက်စပ်ပြီး ဆောင်ရွက်နေတယ်ဆိုတာကို ဆရာရှင်းပြပေးပါဦး။

ဒေါက်တာဆန်းဦး။ ။မြန်မာနိုင်ငံရော ကမ္ဘာမှာပါ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့လမ်းကြောင်းကို သွားနေတာပါ။ အဲဒီလိုသွားတဲ့နေရာမှာ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ အဓိကမဏ္ဍိုင်ကြီးသုံးရပ်ကို ဟန်ချက်ညီညီနဲ့ တစ်ခုနဲ့တစ်ခု ထိန်းကျောင်းပြီးတော့မှ သွားနေရတဲ့ အနေအထားကို ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လက်ခံလိုက်ပြီဖြစ်ပါတယ်။ ဒီမဏ္ဍိုင်ကြီးသုံးခုထဲက တစ်ခုခု ချို့ယွင်းမယ်၊ နည်းနည်းယိမ်းယိုင်သွားမယ်ဆိုရင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုရဖို့ရာ အင်မတန် ခဲယဉ်းတယ်ဆိုတာ သိရှိပြီးသား ဖြစ်တယ်။

အမျိုးသားပတ်ဝန်းကျင် မူဝါဒ

ဒါကြောင့် နိုင်ငံရဲ့ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ကဏ္ဍကို ထည့်သွင်းပေါင်းစပ်ဖို့အတွက် စတင်ဆောင်ရွက်လာတာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ ၁၉၉၄ ခုနှစ်မှာ အမျိုးသားပတ်ဝန်းကျင် မူဝါဒကို ချမှတ်ခဲ့တယ်။ ဒီမူဝါဒရဲ့ ရည်မှန်းချက်ကတော့ နိုင်ငံသားတစ်ရပ်လုံးရဲ့ အကျိုးစီးပွား ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံးရဲ့ ကျန်းမာပျော်ရွှင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ပတ်ဝန်းကျင်ကဏ္ဍကို ထည့်သွင်းပေါင်းစပ်ပြီး ဆောင်ရွက်ဖို့ဖြစ်တယ်။

ချမှတ်ခဲ့တဲ့ မူဝါဒက နည်းတယ်။ အနှစ်သာရတော့ ပြည့်တယ်။ သို့သော်လည်းပဲ ပြန်ပြီးမွမ်းမံဖို့လိုတယ်။ အဓိကအားဖြင့် ဒီမူဝါဒချမှတ်ပြီးတော့မှ ဘယ်လိုဗျူဟာတွေနဲ့သွားမလဲ၊ ဘယ်လိုလုပ်ငန်းစဉ်တွေနဲ့ အကောင်အထည်ဖော်ရမလဲဆိုတာ လိုအပ်လာတာတစ်ချက်၊ နောက်တစ်ခါ ကမ္ဘာ့နိုင်ငံတွေမှာ တစ်နေ့တခြား ကြုံတွေ့လာရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အလားအလာတွေ၊ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်တွေ ကြုံလာဖို့ကိစ္စတွေရှိတယ်။ ဒီလို ကျော်လွှားဖို့အတွက် နိုင်ငံတွေအချင်းချင်းအကြားမှာ ကတိကဝတ်ယူပြီးတော့မှ သဘောတူညီချက်စာချုပ်တွေ လက်မှတ်ထိုးတယ်။

ဒီလိုကိစ္စတွေ ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလက ပြန်ပြီးသုံးသပ်တယ်။ ဒီမူဝါဒအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ ကဏ္ဍကို ထည့်သွင်းပေါင်းစပ်ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

တောင်ကိုရီးယားသမ္မတဟောင်း လီမြောင်ဘတ်အား ထောင်ဒဏ် နှစ် ၂၀ ချမှတ်ရန် အစိုးရရှေ့နေများတောင်းဆို

ဆိုးလ် စက်တင်ဘာ ၆

တောင်ကိုရီးယားနိုင်ငံ၌ အဂတိလိုက်စားမှုစွဲချက်များဖြင့် တရားရင်ဆိုင်နေရသော သမ္မတဟောင်း လီမြောင်ဘတ်အား ထောင်ဒဏ်နှစ် ၂၀ ချမှတ်သင့်သည်ဟု အစိုးရရှေ့နေများက တောင်းဆိုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၇၆ နှစ်ရှိ လီမြောင်ဘတ်သည် အမှုဆောင်အရာရှိချုပ်မှ သမ္မတအဖြစ်သို့ တက်လှမ်းခဲ့သူဖြစ်ပြီး လာဘ်ယူမှု၊ အာဏာအလွဲသုံးစားမှု၊ အလွဲသုံးစားပြုလုပ်မှုနှင့် အခွန်ရှောင်တိမ်းမှုတို့ အပါအဝင် စွဲချက်အများအပြားနှင့် တရားရင်ဆိုင်နေရသူဖြစ်သည်။ လီမြောင်ဘတ်သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။

လီမြောင်ဘတ်အား ဒဏ်ငွေ ဝမ် ၂၆ ဒသမ ၁ ဘီလီယံ(ဒေါ်လာ ၂၃ သန်း)ပေးဆောင်စေရန်လည်း ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ဆိုးလ်တရားရုံးတွင် အစိုးရရှေ့နေများက တောင်းဆိုခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံ၌ သက်ရှိထင်ရှား သမ္မတဟောင်းလေးဦးစလုံးမှာ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများအရ စွဲချက်တင်ခံရခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရခြင်း ရှိနေသည်။

လီမြောင်ဘတ်သည် သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ၎င်း၏ရာထူးအာဏာကို အလွဲသုံးစားပြုလုပ်၍ ကိုယ်ကျိုးစီးပွားရရှိရေးအတွက် လုပ်ဆောင်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အစိုးရရှေ့နေများက ဆိုးလ်တရားရုံးတွင် တင်ပြခဲ့ကြသည်။ လီမြောင်ဘတ်သည် သမ္မတအဖြစ် တင်မြှောက်ခံရချိန် ၂၀၀၇ ခုနှစ် နှောင်းပိုင်းမှ ၂၀၁၂ ခုနှစ်အထိဖြစ်သောကာလတွင် စုစုပေါင်း လာဘ်ငွေ ဝမ် ၁၁ ဘီလီယံ(ဒေါ်လာ ၁၀ ဒသမ ၂ သန်း)လက်ခံရရှိခဲ့သည်ဟု အစိုးရရှေ့နေများ၏ တင်ပြလွှာတွင် ဖော်ပြထားသည်။

အေအက်ဖ်ပီ

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်၍ မြေပြိုမှုများဖြစ်ပွားပြီး လူကိုးဦးထက်မနည်း သေဆုံး

တိုကျို စက်တင်ဘာ ၆

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် စက်တင်ဘာ ၆ ရက်က ပြင်းအား ၆ ဒသမ ၆ ရှိ မြေငလျင်လှုပ်မှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ မြေပြိုမှုများကြောင့် လူဒါဇင်ပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ပြီး လူနေအိမ်အများအပြားမှာ ပြိုကျလာသည့်မြေများအောက်တွင် ပိမိနေကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

မြေငလျင်ဒဏ်ကြောင့် လူနေကျဲပါးသော ကျေးလက်ဒေသများတွင် ပမာဏကြီးမားသည့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ ယင်းဒေသသည် ယခုရက်သတ္တပတ်အစောပိုင်းက ဂျပန်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် အလွန်အင်အားပြင်းထန်သည့် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကို ခံစားခဲ့ရသော ဒေသဖြစ်သည်။

တောင်တစ်လုံးအခြေတွင်ရှိသည့် လူနေအိမ်ဒါဇင်များစွာတို့ ပျက်စီးနေပုံနှင့် ကယ်ဆယ်ရေးရဟတ်ယာဉ်တစ်စင်းက ဒေသခံတစ်ဦးအား ကယ်တင်နေပုံတို့ကို ဝေဟင်မှရိုက်ကူးထားသည့် ဓာတ်ပုံတွင်မြင်တွေ့ရသည်။ မြေငလျင်လှုပ်ခတ်အပြီးတွင် ဒေသတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပျက်စီးသွားခြင်းကြောင့် လူနေအိမ်သုံးသန်းနီးပါးမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် တွေ့ကြုံနေရသည်။

ဟော့ကိုင်းဒိုးကျွန်း၌ မြေငလျင်မလှုပ်မီကပင် လုပ်ငန်းလည်ပတ်မှုမရှိသည့် တိုမာရီအဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အရေးပေါ်လျှပ်စစ်ဓာတ်အားထောက်ပံ့မှုပေးနိုင်ရန် ပြန်လည်လည်ပတ်စေခဲ့ပြီး ၎င်းစက်ရုံ၏ အအေးခံစနစ်ကို ပြန်လည်အသုံးပြုနေပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါမြေငလျင်ကြောင့် လူကိုးဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ အက်စူးမားကျေးရွာမှဖြစ်ပြီး ယင်းကျေးရွာရှိ လူနေအိမ်များမှာ မြေပြိုမှုအောက်တွင် ပိမိနေကြောင်း၊ လူ ၃၃ ဦးပျောက်ဆုံးနေကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင်ဖော်ပြသည်။

မြေငလျင်လှုပ်မှုအတွင်း အသက် ၈၂ နှစ်အရွယ် အဘိုးအိုတစ်ဦးသည် ၎င်း၏နေအိမ်လှေကားပေါ်မှပြုတ်ကျကာ သေဆုံးခဲ့ကြောင်း၊ လူပေါင်း ၁၃၀ ကျော် ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များအပါအဝင် ကယ်ဆယ်ရှာဖွေရေးလုပ်သား ၂၀၀၀၀ သည် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း ဂျပန်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယိုရှိဟေဒီ ဆူဂါက ပြောကြားသည်။

အေအက်ဖ်ပီ

လိင်တူချင်းဆက်ဆံမှု တားမြစ်ပိတ်ပင်ချက် အိန္ဒိယတရားရုံးချုပ် ပြန်လည်ပယ်ဖျက်

နယူးဒေလီ စက်တင်ဘာ ၆

အိန္ဒိယတရားရုံးချုပ်သည် လိင်တူချင်းဆက်ဆံမှု တားမြစ်ပိတ်ပင်ချက်ကို စက်တင်ဘာ ၆ ရက်တွင် ပြန်လည်ပယ်ဖျက်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၌ လိင်တူချင်းဆက်ဆံမှုအား ဥပဒေအရ တားမြစ်ပိတ်ပင်မှုကို ကိုလိုနီခေတ်ကတည်းကပင် ထုတ်ပြန်ခဲ့သည်။ လိင်တူချင်းဆက်ဆံမှုကို တရားဝင်ခွင့်ပြုပေးနိုင်ရေးအတွက် လူ့အခွင့်အရေးလှုပ်ရှားသူများက ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ တောင်းဆိုလာခဲ့ကြပြီး ဥပဒေကြောင်းအရလည်း စိန်ခေါ်မှုများ ပြုလုပ်ခဲ့ကြသည်။

၁၈၆၁ ခုနှစ်တွင် ဗြိတိသျှအုပ်စိုးသူများက ပြဋ္ဌာန်းခဲ့သော အိန္ဒိယရာဇသတ်ကြီး ကိုဥပဒေ၏ ပုဒ်မ ၃၇၇တွင် လိင်တူဆက်ဆံခြင်းကို သဘာဝနှင့် မလျော်ကန်သော ပြုမူချက်အဖြစ် တားမြစ်ပိတ်ပင်ခဲ့သည်။

အေအက်ဖ်ပီ

ပထမဆုံးအကြိမ် ယီမင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဂျီနီဗာမြို့တွင် ကျင်းပ

ဆားနား စက်တင်ဘာ ၆

ယီမင်နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော အစိုးရတပ်ဖွဲ့နှင့် ဟူသီအကြမ်းဖက်အဖွဲ့တို့အကြား ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် ယနေ့ကျင်းပခဲ့ကြောင်း သတင်းများအရ သိရသည်။

ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲသည် နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

အစိုးရတပ်ဖွဲ့နှင့် ဟူသီအကြမ်းဖက်သမားများအကြား စစ်ရေးပဋိပက္ခဖြစ်ခဲ့သည်မှာ သုံးနှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ ယီမင်အစိုးရတပ်ဖွဲ့ကို ဆော်ဒီအာရေဗျနှင့် အခြားသောနိုင်ငံများက ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ဟူသီအကြမ်းဖက်အဖွဲ့ကို အီရန်အစိုးရက ကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

ယီမင်နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော စစ်ရေးပဋိပက္ခများကြောင့် ပြည်သူ ရှစ်သန်းကျော်သည် အစာရေစာငတ်မွတ်ခေါင်းပါးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ စစ်ပွဲအတွင်း အမျိုးသမီးများအပါအဝင် ကလေးငယ်အများအပြားလည်း သေဆုံးခဲ့ရသည်။

ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မာတင်ဂရစ်ဖ်က ယခုကဲ့သို့ ယီမင်စစ်ပွဲအတွင်း အမျိုးသမီးများနှင့် ကလေးငယ်များ သေဆုံးမှုသည် ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့ခြင်းပင်ဖြစ်သည်ဟု မီဒီယာသို့ ပြောကြားခဲ့သည်။ ယီမင်ပြည်သူများ၏ အနာဂတ်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရန်လိုအပ်ကြောင်း ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မာတင်ဂရစ်ဖ်က အလေးပေးပြောကြားခဲ့သည်။

ယီမင်အစိုးရအဖွဲ့နှင့် ဟူသီအကြမ်းဖက်အဖွဲ့တို့အကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ကြောင်းနှင့် ပြည်သူများ၏မျှော်လင့်ချက်ကို အကောင်အထည်ဖော်ဆောင်ပေးရန်လိုအပ်ကြောင်း ယီမင်နိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးသံတမန် မာတင်ဂရစ်ဖ်က ဆိုသည်။

ဖမ်းဆီးထားသောတပ်ဖွဲ့ဝင်များအား ပြန်လည်လွှတ်ပေးရန်နှင့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အကူအညီများကို လုံခြုံရေးတပ်ဖွဲ့ဝန်းရံထားသည့် မြို့များသို့ပေးပို့ရန် ယီမင်အစိုးရအဖွဲ့နှင့် ဟူသီအကြမ်းဖက်အဖွဲ့တို့က အပြန်အလှန်ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

လေ့ကျင့်ရေးကွင်းတွင် မိုဘိုင်းဖုန်းအသုံးမပြုရန် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ တားမြစ်

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းကစားသမားများအား လေ့ကျင့်ရေးကွင်းအတွင်း မိုဘိုင်းဖုန်းသုံးစွဲခြင်းမပြုရန် တားမြစ်မှုတစ်ခုပြုလုပ်လိုက်ကြောင်း သိရသည်။

နည်းပြဂွာဒီယိုလာအနေဖြင့် ကစားသမားများအား အဝတ်လဲခန်းအတွင်း၌သာ မိုဘိုင်းဖုန်းအသုံးပြုခြင်းကို ခွင့်ပြုမည်ဖြစ်ပြီး ပရီမီယာလိဂ်လက်ရှိချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်အတွက် နည်းစနစ်တစ်ခုကို ထပ်မံအသုံးပြုလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ဆယ်စုနှစ်တစ်ခုအတွင်း ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ရယူနိုင်မည့် အသင်းအဖြစ် အောင်ပွဲခံနိုင်ရန်အတွက် ပြင်ဆင်လျက်ရှိပြီး နှစ်နှစ်ဆက်အောင်ပွဲခံနိုင်မည့် ပထမဆုံးအသင်းဖြစ်လာရန်လည်း ရေပန်းစားနေသည့်အသင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟော်ဖန်ဟိမ်းအသင်း၊ လိုင်ယွန်အသင်း၊ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေခြင်းကြောင့် နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိနိုင်မည့်အနေအထားတွင် ရှိနေသည့်အသင်း ဖြစ်သည်။

ဂွါဒီယိုလာ

စပါးအသင်းက ပရီမီယာလိဂ်ဘောလုံးရာသီ တစ်ရာသီလုံး ဝင်ဘလေကွင်းကို အိမ်ကွင်းအဖြစ် အသုံးပြုရဖွယ်ရှိ

စပါးအသင်းသည် ၎င်းတို့၏ အိမ်ကွင်းအဖြစ် တည်ဆောက်လျက်ရှိသော ကွင်းအသစ်ကို ခရစ္စမတ်နေ့နောက်ပိုင်းမှသာ အသုံးပြုနိုင်ဖွယ်ရှိနေခြင်းကြောင့် ပရီမီယာလိဂ်ဘောလုံးရာသီတစ်ရာသီလုံး ဝင်ဘလေကွင်းကိုသာ အိမ်ကွင်းအဖြစ်အသုံးပြုရဖွယ်ရှိနေကြောင်း သိရသည်။

စပါးအသင်းအနေဖြင့် ၎င်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဘန်လေအသင်းနှင့် ပွဲစဉ်ကိုသာ ဝင်ဘလေကွင်းတွင် နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူညီထားပြီး ယင်းနေ့နောက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များကို အိမ်ကွင်းအဖြစ် စပါးအသင်းက ကွင်းအသစ်တွင် လက်ခံကစားရန် စီစဉ်နေခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် *Boxing Day* တွင် ယှဉ်ပြိုင်ကစားမည့် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်ပြီးမှသာ စပါးအသင်း၏ ကွင်းအသစ်တွင် ဧည့်ခံကစားနိုင်မည်ဖြစ်ကြောင်းလည်းသိရသည်။

စပါးအသင်းအနေဖြင့် လက်ရှိတည်ဆောက်လျက်ရှိသည့် ကွင်းအသစ်ကို ယခုစက်တင်ဘာလအတွင်း အိမ်ကွင်းအဖြစ် အသုံးပြုရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် စပါးအသင်းပြုပြင်တည်ဆောက်လျက်ရှိသည့် ပရိသတ် ၆၂၀၀၀ ဆံ့ ကွင်းအသစ်မှာ လုံခြုံရေးဆိုင်ရာ ဝေဖန်မှုများထွက်ပေါ်လာခဲ့ပြီးနောက် အိမ်ကွင်းအဖြစ် ယခင်ကျင်းပခဲ့သည့် အင်္ဂလန်လက်ရွေးစင်အသင်း၏ အိမ်ကွင်းဖြစ်သည့် ဝင်ဘလေကွင်းကိုသာ အသုံးပြုရန်နှင့် ကွင်းအသစ်ကိုလည်း အောက်တိုဘာလနှင့် ဒီဇင်ဘာလတို့တွင် စတင်အသုံးပြုရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းအိမ်ကွင်းတည်ဆောက်လျက်ရှိသည့် အမိကရှယ်ယာရှင်များအနေဖြင့် စပါးအသင်းအား ထောက်ခံသူများ၊ ဆန့်ကျင်ဘက် အသင်းများနှင့် ရုပ်သံလွှင့်သူများအတွက် အဆင်ပြေမည်မဟုတ်ကြောင်း ယုံကြည်ထားခဲ့ခြင်းကြောင့် စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းကလည်း တောင်းပန်ထားကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

နိုင်ငံလက်ရွေးစင်ကစားသမားအဖြစ်မှ အင်နီယေစတာအနားယူခဲ့ပြီးနောက် အင်နီယေစတာ၏ ကျောနံပါတ် ၆ ကို မာတီနက်ဇ် အား ဝတ်ဆင်ခွင့်ပြုမည်

စပိန်အသင်းသည် ယခုတစ်ပတ်အတွင်း နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် အင်္ဂလန်အသင်း၊ ခရိုအေးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ကွင်းလယ်ကစားသမား အင်နီယေစတာ အနားယူသွားခဲ့ခြင်းကြောင့် ဘီဘာအိုကွင်းလယ်ကစားသမား မာတီနက်ဇ်ကို အင်နီယေစတာ ဝတ်ဆင်ခဲ့သည့် ကျောနံပါတ် ၆ ကိုဝတ်ဆင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အင်နီယေစတာသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်း ထွက်ခဲ့ရပြီးနောက် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

အင်နီယေစတာ၏ ကျောနံပါတ် ၆ ကို မာတီနက်ဇ်အား ဝတ်ဆင်ခွင့်ပြုခဲ့သည့်အပြင် ယခုနှစ်နွေရာသီကာလတွင် ဂျာရတ်ပီကေးနှင့် ဒေးဗစ်ဆေးလ်ဗားတို့သည်လည်း နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့ခြင်းကြောင့် ၎င်းတို့ဝတ်ဆင်ကစားခဲ့သည့် ကျောနံပါတ် ၃ နှင့် ၂၁ တို့ကိုလည်း အယ်လ်ဘီယိုလ်နှင့် စီဘယ်လော့စ်တို့ကို အသီးသီး အစားထိုးဝတ်ဆင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

စပိန်သတင်းစာ မာကာ၏ သတင်းဖော်ပြချက်အရ စပိန်လက်ရွေးစင်အသင်းသည် အတွေ့အကြုံပိုင်းဆိုင်ရာရင့်ကျက်သူများကိုသာ ကြိုက်နှစ်သက်ရာကျောနံပါတ်ကို ဝတ်ဆင်ကစားစေခြင်းဖြစ်ကြောင်းလည်းသိရသည်။

စပိန်အသင်း၏ လက်ရှိသတ်မှတ်ထားသည့် ကျောနံပါတ်များမှာ နံပါတ် ၁ မှာ ဒေးဗစ်ဒီဂီယာ၊ နံပါတ် ၂ မှာ ကာဗာဂျယ်၊ နံပါတ် ၃ မှာ အယ်ဘီယိုလ်၊ နံပါတ် ၄ မှာ နာချိုဖာနန်ဒက်ဇ်၊ နံပါတ် ၅ မှာ ဘတ်စကွက်၊ နံပါတ် ၆ မှာ မာတီနက်ဇ်၊ နံပါတ် ၇ မှာ မိုရက်တာ၊ နံပါတ် ၈ မှာ နင်ဂွက်ဇ်၊ နံပါတ် ၉ မှာ ရိုဒရီဂို၊ နံပါတ် ၁၀ မှာ အယ်လ်ကန်တာရာ၊ နံပါတ် ၁၁ မှာ ဆူဆို၊ နံပါတ် ၁၂ မှာ မားကို့စ် အလွန်ဆို၊ နံပါတ် ၁၃ မှာ အရီဇာဘာလာဂါ၊ နံပါတ် ၁၄ မှာ အက်ပီလီကူတာ၊ နံပါတ် ၁၅ မှာ ရာမို့စ်၊ နံပါတ် ၁၆ မှာ ရိုဒရီ၊ နံပါတ် ၁၇ မှာ လာဂိုအက်စ်ပက်၊ နံပါတ် ၁၈ မှာ လူးဝစ်ဂါယာ၊ နံပါတ် ၁၉ မှာ ဆာဂျီရောဘတ်တို၊ နံပါတ် ၂၀ မှာ အဆန်စီယို၊ နံပါတ် ၂၁ မှာ ဆီဘယ်လော့စ်၊ နံပါတ် ၂၂ မှာ အစ္စကိုနှင့် နံပါတ် ၂၃ မှာ ပါယူလိုပက်ဇ်တို့က ဝတ်ဆင်ကစားလျက်ရှိကြောင်း သိရသည်။

မာတီနက်ဇ်

ဘောလုံးလောက သတင်းတိုများ

- ဖူလ်ဟမ်အသင်းသည် အသက် ၂၆ နှစ်အရွယ်ရှိ အင်္ဂလန်ဂိုးသမား မားကက်စ်ဘတ်တီနယ်လီအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။
- **ဟာရဲရားသည် လက်ရှိကလပ် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် အိုးထရက်ဖို့ဒ်တွင် ဆက်ရှိရန်အတွက် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် စီစဉ်လျက်ရှိပြီး စာချုပ်သစ်ချုပ်ဆိုရန်လည်း သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။**
- ဂျူဗင်တပ်ကစားသမားဟောင်း မာချီစီယိုသည် ရုရှားကလပ်ဇင်းနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- **မန်ယူအသင်းနည်းပြ မော်ရင်ဟိုအနေဖြင့် ဂိုးသမား ဒီဂီယာမှာ အိုးထရက်ဖို့ဒ်နှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းသို့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပါက ဂိုးသမားဒီဂီယာအနေဖြင့် တစ်ပတ်လုပ်ခလစာပေါင် ၃၅၀၀၀၀ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။**
- အိုလံပီယာကို့စ်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ယာယာတိုရေးသည် မိုနာကိုအသင်း၊ ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့တွင် ကစားခဲ့ပြီးနောက် အသင်းဟောင်း အိုလံပီယာကို့စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- **အက်သလက်တီကိုမက်ဒရစ်အသင်း ကစားသမား လူးကက်ဟာနန်ဒက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။**

ကြေးမုံ

ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ရာ သုံးဦးသေဆုံး၊ ငါးဦးပိတ်မိနေ

ဆော စက်တင်ဘာ ၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်မြောင်းကျေးရွာနှင့် နှစ်မိုင်ခန့်အကွာ ထွန်းရာဇသတ္တုတွင်းတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးတွင်း စက်တင်ဘာ ၆ ရက် နံနက်က ပေါက်ကွဲမှုဖြစ်ရာ သုံးဦးသေဆုံးပြီး ငါးဦးပိတ်မိနေကြောင်း သိရသည်။

အလုပ်သမားခေါင်းဆောင် ကိုနိုင်ဦး ဦးဆောင်သည့် ၁၃ ဦးအဖွဲ့သည် ယနေ့နံနက်က အလုပ်စတင်ဝင်ရောက်ရန် ကျောက်မီးသွေးတွင်းအတွင်း ဝင်ရောက်ရာ ပေ ၃၀၀ ကျော်အရောက် ၈ နာရီခွဲခန့်တွင် ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ရာ ဝင်ရောက်သူ ၁၃ ဦးအနက် ခုနစ်ဦး ပြင်ပသို့ထွက်နိုင်ခဲ့ပြီး ခြောက်ဦးပိတ်မိနေသေးကြောင်း အလုပ်သမားခေါင်းဆောင် ကိုနိုင်ဦး၏ ပြောပြချက်အရ သိရသည်။

အဆိုပါပြင်ပသို့ ထွက်ရှိလာသူ ခုနစ်ဦးတွင် တစ်ကိုယ်လုံးဒဏ်ရာရရှိသူ နှစ်ဦးနှင့် ဦးခေါင်းမီးလောင်ဒဏ်ရာရှိသူ တစ်ဦးအား ဆောမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ရာ တစ်ကိုယ်လုံးဒဏ်ရာရရှိသူ နှစ်ဦးသည် လမ်းတွင်သေဆုံးသွားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်လင်းထံမှ သိရသည်။

ကျန်ရှိပိတ်မိနေသူ ခြောက်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်လင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အဆိုပါကျောက်မီးသွေးတွင်းမှ အလုပ်သမားများသည် ပြင်ပသို့ ကယ်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပိတ်မိနေသူ ခြောက်ဦးအနက်မှ မောင်အောင်ဇင်ထွန်း၏ အလောင်းအား ပြင်ပသို့ ထုတ်ယူနိုင်ခဲ့သည်။ ပိတ်မိနေသူ ကျန်ရှိငါးဦးအား ပြင်ပသို့ ကယ်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၂ စီး၊ သွင်းကုန် ၇၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန်အစီး ၁၅၀ တို့ဖြင့် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄ ဒသမ ၆၂၇ သန်းခန့်)၊ မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၁၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၉၄၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က (သွင်းကုန်) Nissan UD မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ဆိုင်ကယ် (အသစ်)Canda-125 ၁၅ စီး၊ ဆိုင်ကယ်(အဟောင်း) မျိုးစုံ ၁၀စီး၊ (ပို့ကုန်)Nissan UD မော်တော်ယာဉ် တစ်စီးအားစစ်ဆေးခဲ့ရာ ကျွန်းခွဲသား ၁ ဒသမ ၀၀၃၈ တန်နှင့် အဆိုပါ ကျွန်းခွဲသားသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃ ဒသမ ၀၁၁ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဦးကိုနီ လုပ်ကြံခံရမှု အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းအား အဓိက စစ်မေးမှုပြုလုပ်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် သေဆုံးသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအမှုနှင့် ပတ်သက်၍သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့အား မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၇၃ ချိန်းမြောက်အဖြစ် ယနေ့နံနက် ၁၀ နာရီတွင် ရုံးထုတ်ရောက်ရှိခဲ့ပြီး လူသတ်မှုနှင့် စွပ်စွဲခံထားရသူ အောင်ဝင်းထွန်းအား ရုံးချိန်ကုန်ဆုံးသည့်တိုင် အဓိကစစ်မေးမှု ပြုလုပ်ခဲ့သော်လည်း မပြီးဆုံးသည့်အတွက် စက်တင်ဘာ ၇ ရက်ကို ပြန်လည်ချိန်းဆိုထားကြောင်း သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က ပြောကြားသည်။

စွပ်စွဲခံရသူဘက်မှ လိုက်ပါဆောင်ရွက်နေသောအကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က "ဒီကနေ့ လူသတ်မှုမှာ ပါဝင်နေတဲ့ ပုဒ်မ ၂၁၂ နဲ့ စွဲဆိုခံထားရတဲ့ အောင်ဝင်းထွန်းကို အဓိက စစ်မေးတာလုပ်ပါတယ်။ ဒီမှာ ပြည်သူတွေနားလည်အောင် ရှင်းပြချင်တာက တရားရုံးတော်ကို သက်သေခံတင်သွင်းထားတဲ့ အရာဝတ္ထုပစ္စည်းဟာ အလိုအလျောက် သက်သေခံမဝင်ပါဘူး။ သက်သေခံဝင်ခြင်း၊ မဝင်ခြင်းဆိုတာက တရားလိုကပြရမယ့်တာဝန်ရှိတယ်၊ တရားခံကလည်း ခုခံချေဖျက်ရမှာသူ့တာဝန်ပဲ။ ပညာရှင်ရှေ့နေတွေကလည်း သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်လုပ်ထုံးလုပ်နည်းနဲ့ မှန်ကန်ပြည့်စုံအောင် ထင်ထင်ရှားရှားပြဖို့ လိုပါတယ်။ ဒီအချိန်မှာ အမှုအခြေအနေ ဘာကွာလဲမေးလို့မရသလို အမှားအမှန် ဆုံးဖြတ်လို့လဲမရဘူး။ ထုချေပိုင်ခွင့်ဟာ ဥပဒေအရ တရားခံတွေမှာရှိတယ်။ အောင်ဝင်းထွန်းက သူ့ကိုစွဲဆိုထားတဲ့ ဥပဒေပုဒ်မ ၂၁၂ ကို ကြိုးစားထုချေနေတာပါ။ တရားရုံးတော်ကချမှတ်တဲ့ နောက်ဆုံးအမိန့်ကိုပဲ ကြည့်ရမှာပါ"ဟု ပြောသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

နောင်ချို၌ ကျပ်သိန်း ငါးသောင်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၆

ရှမ်းပြည်နယ် မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးအား ယနေ့နံနက်ပိုင်းက ရှာဖွေရာ ငွေကျပ်သိန်းပေါင်း ငါးသောင်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စုမှ ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၆ နာရီက မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းမကြီး အိုရီယမ်တယ်တိုးဂိတ်အနီးတွင် နွေဦးမောင်(ခ)မျိုးကြီး မောင်းနှင်ပြီး သိန်းဆွေ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်နောက်ခန်းကြမ်းခင်းနှင့် ဘော်ဒီအံ့ဝှက်များအတွင်းမှ ခန့်မှန်းကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၅၀၈၂၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၄၁၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နွေဦးမောင်(ခ)မျိုးကြီးနှင့် သိန်းဆွေတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၆

ကလောမြို့

မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲက ကလောမြို့နယ် နန့်ပန်တက်ကျေးရွာ တံတားအနီး ကလော-သာစည်သွားကားလမ်းတွင် စောမြခင် မောင်းနှင်ပြီး မကေသီ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ မကေသီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေ့ကျေးရွာရှိ မခင်သက်လှိုင်၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ ကို လည်းကောင်း။

နောင်တရားမြို့

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းနှင့် နောင်တရားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်တရားမြို့ ပေါ့အင်ကျေးရွာအုပ်စု မြင်းမထိတောင်ကျေးရွာရှိ လှကြီး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၅ ပြား၊ တူမီးသေနတ်တစ်လက်နှင့် ငွေကျပ် ၇၃၅၅၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

တာချီလိတ်မြို့

မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲခန့်က တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ဂေါ်သဇင်လမ်းတွင် အားဆာ(ခ)မင်းရင်ခွင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

နောင်ချိုမြို့

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုလမ်းမကြီး အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ခရီးသည်တင်ယာဉ်တစ်စီးကိုရှာဖွေရာ ခရီးသည် စိုးမောင်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇၀ ကို လည်းကောင်း။

လွိုင်လင်မြို့

အလားတူ ယင်းနေ့ညပိုင်းက မူးယစ်တပ်ဖွဲ့စု ၂၇ လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့အထွက် ဟိုတင့်ကျေးရွာအနီး ကားလမ်းတွင် ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် အေးဝင်းထွန်း၏ ဆောင်းဘောက်နှစ်လုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လှကြီးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ တူမီးသေနတ်တစ်လက်နှင့်အတူ တွေ့ရစဉ်။

တာချီလိတ်မြို့၌ တစ်ရက်တည်း ယာဉ်တိုက်မှုနှစ်ကြိမ် ဖြစ်ပွား

တာချီလိတ် စက်တင်ဘာ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် စက်တင်ဘာ ၅ ရက်က တစ်ရက်တည်း ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး နဝမတန်းကျောင်းသားတစ်ဦးအပါအဝင် နှစ်ဦးမှာ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တာချီလိတ်-တာလေ ပြည်ထောင်စုလမ်းမကြီးပေါ် တာလေမြို့ရှိ ရန်ကင်းဆီပန့်ရှေ့တွင် စက်တင်ဘာ ၅ ရက် ည ၈ နာရီကျော်က ဆိုင်ကယ်သုံးစီး မျက်နှာချင်းဆိုင်တိုက်မိရာမှ နှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးပြီး တစ်ဦးမှာ ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။

ထို့ပြင် မွန်းလွဲ ၁၂ နာရီကျော်က အခြေခံပညာအထက်တန်းကျောင်း (ဟောင်လိတ်)မှ နဝမတန်းကျောင်းသား မောင်အောင်ဆန်းသည် နောင်ခမ်းအောင်ဆုပန် ပရဟိတဘုန်းတော်ကြီးကျောင်းမှ ကျောင်းသို့စက်ဘီးဖြင့် ပြန်လာစဉ် အာခါဈေးအနောက်ဘက် ရန်အောင်မြေရပ်ကွက် ပါလုံ့ရှိ မြေနီကွင်းသို့အရောက်၌ ကားတစ်စီးက ချိတ်ဆွဲတိုက်မိသွားသောကြောင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့် ဥပဒေ

မောင်စာဂ

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲသည် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဒုတိယအကြိမ်ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲဖြစ်သည်။ ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

တဖြည်းဖြည်းနှင့် ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကာလသည် အရေးကြီးသောကာလသို့ ရောက်မှန်းမသိ ရောက်ရှိလာနေပြီ။ ၃-၉-၂၀၁၈ ရက် နံနက် ၆ နာရီမှ ၁-၁၁-၂၀၁၈ ရက် ည ၁၂ နာရီထိကာလသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးကာလဖြစ်သည်။ နိုင်ငံရေးပါတီများက မိမိတို့ပါတီအောင်နိုင်ရေး စည်းရုံးဆောင်ရွက်ကြမည့် ကာလဖြစ်သည်။ ၁-၁၁-၂၀၁၈ ရက် ၁၂ နာရီထိုးပြီးနောက်ပိုင်းမှစတင်၍ မဲဆွယ်စည်းရုံးမှု ရပ်နားသည့်ကာလဖြစ်သည်။ ၃-၁၁-၂၀၁၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီထိ ကာလသည် မဲဆန္ဒရှင်များ မိမိတို့နှင့်သက်ဆိုင်ရာ မဲရုံအသီးသီးသို့ လာရောက်၍ ဆန္ဒမဲပေးကြမည်။

ဤသို့သောအခြေအနေတွင် နိုင်ငံရေးပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း(၁၃) နှင့် အခန်း (၁၄) တို့တွင် ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများအကြောင်းကို သေသေချာချာသိရှိနားလည်ထားကြဖို့ လိုအပ်ပါမည်။ အနှစ်ချုပ်မျှဝေပါရစေ။

ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်ခြင်း

မဲဆွယ်စည်းရုံးခြင်းပြုသည့်အချိန်မှစတင်၍ ရွေးကောက်ပွဲကြီးပြီးဆုံးသည့်အချိန်အထိ အောက်ဖော်ပြပါတားမြစ်ချက်တစ်ရပ်ရပ်ကို မပြုမိဖို့ ရှောင်ကြဉ်ကြရန်လိုအပ်ပါသည် -

(က) ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့် မကျင့်သုံးနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ခ) ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရေးအတွက်ဖြစ်စေ၊ ယင်းအခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေနှင့်ဖြစ်စေ ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင်နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြားအခွင့်အရေး တစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ဂ) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို သို့မဟုတ် မဲဆန္ဒရှင်တစ်ဦးဦးကို ခြိမ်းခြောက်ခြင်း၊

(ဃ) လူမျိုးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးရန် ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း၊ ဆန္ဒမဲပေးခြင်းပျက်ပြားစေရန် သို့မဟုတ် ရွေးကောက်ပွဲပျက်ပြားစေရန် စည်းရုံးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း၊ အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(င) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ၊ ရွေးကောက်ပွဲဆိုင်ရာစာရွက်စာတမ်း၊ မဲစာရင်း၊ ဆန္ဒမဲလက်မှတ်၊ ကြိုတင်ဆန္ဒမဲလက်မှတ်၊ စာအိတ် သို့မဟုတ် အထုပ်တို့ကို တမင်ဖျက်ဆီးခြင်း၊ ရေးသွင်းထားသည်တို့ကို ဖတ်ရှုမရအောင်ပြုလုပ်ခြင်း၊

(စ) ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့်အခြားသူတို့အားပေးခြင်း၊ ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို သို့မဟုတ် မဲလက်မှတ်အတုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊ အသုံးပြုဆဲဖြစ်သော မဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(ဆ) လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော် မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊ သူတစ်ပါးအယောင်ဆောင် ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်း ဝင်ခွင့်မရှိဘဲ ဝင်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ခြင်း၊

(ဇ) ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ မဲဆွယ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် မပေးရန်တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း၊

(ဈ) မဲရုံအတွင်း၌ဖြစ်စေ၊ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက် အစရှိသည့် အသံကိုကျယ်စေသည့် ကိရိယာတန်ဆာပလာများ သုံးစွဲခြင်းနှင့် အော်ဟစ်ခြင်း၊ စည်းကမ်းမဲ့သည့်အပြုအမူများ ပြုလုပ်ခြင်း၊

(ည) မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောအချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာသောအမှုကိုပြုခြင်း၊ မဲရုံမှူးက တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံခြင်း။

ကျူးလွန်ခြင်း၏အကျိုးသက်ရောက်မှု

အထက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ရွေးကောက်ပွဲပြစ်မှုကို ကျူးလွန်ရာရောက်မည်။ ဖောက်ဖျက်ကျူးလွန်သူ မည်သူကိုမဆို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ခြင်းခံရမည်။

ရဲစခန်းတွင်တိုက်ရိုက်တိုင်တန်းခွင့်ရှိခြင်း

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်။ တိုင်ကြားလိုသူသည် သက်ဆိုင်ရာရဲစခန်းသို့ သွားရောက်၍ တိုင်ကြားနိုင်မည်။ မဲဆန္ဒရှင်တစ်ဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်တစ်ဦးဦးမှဖြစ်စေ၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တိုင်တန်းနိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲမကျင်းပမီဖြစ်စေ၊ ရွေးကောက်ပွဲကျင်းပနေစဉ်ဖြစ်စေ၊ ရွေးကောက်ပွဲကျင်းပပြီးနောက် ၁၅ ရက်အတွင်းဖြစ်စေ ဥပဒေနှင့်အညီ တိုင်တန်းနိုင်ခွင့်ရှိသည်။

လိမ်လည်၍တိုင်တန်းခြင်း

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုတစ်ရပ်ရပ်ကို လိမ်လည်စွပ်စွဲပြီး တိုင်ကြားခဲ့လျှင် ထိုတိုင်ကြားသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

တရားမဲ့ပြုကျင့်မှု ကျူးလွန်ရာရောက်ခြင်း

အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ပြုကျင့်ပါက ရွေးကောက်ပွဲဆိုင်ရာတရားမဲ့ပြုကျင့်မှုကို ကျူးလွန်ရာရောက်သည် -

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ၎င်းတို့၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုခြင်း၊ သူတစ်ပါးအယောင်ဆောင်ခြင်း၊ မဟုတ်မမှန်ပြောဆိုကြေညာခြင်း၊ မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း၊

(ခ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း၊ သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊ မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း၊ မမှန်ကန်သောငွေစာရင်းကို မှန်ကန်သည်ဟု ဝန်ခံခြင်း၊ သတ်မှတ်ထားသည့်အတိုင်း ငွေစာရင်းကို တင်ပြရန်ပျက်ကွက်ခြင်း၊

(ဃ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ် မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(င) မဲဆန္ဒရှင်တစ်ဦးအား ဆန္ဒမဲပေးချိန်တွင် ဆန္ဒမဲလက်မှတ်ကို မဲရုံမှအခြားသို့ ယူဆောင်သွားရန် တိုက်တွန်းခြင်း၊ သဘောတူညီချက်ပေးခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊

(ဆ) ဘာသာရေး အထိမ်းအမှတ်များ အသုံးပြုခြင်း၊ လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊

(ဇ) ပါတီတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်း။

တရားမဲ့ပြုကျင့်မှု၏အကျိုးသက်ရောက်မှု

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲအများဆုံးရရှိ၍ ရွေးကောက်တင်မြှောက်ခံရသော်လည်း တရားမဲ့ပြုကျင့်မှုတစ်ခုခုကို ပြုလုပ်ခဲ့လျှင် ယင်းသို့ပြုလုပ်ခြင်းကြောင့်သာ အနိုင်ရရှိသွားသည်ဟူ၍ စွပ်စွဲကာ မိမိ၏အနိုင်ရရှိမှုအပေါ် ယှဉ်ပြိုင်ဘက် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကန့်ကွက်လွှာတင်သွင်းခြင်းကို ခံရနိုင်သည်။

ပြစ်မှုနှင့် တရားမဲ့ပြုကျင့်မှုတို့၏ ခြားနားချက်

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုကို ကျူးလွန်လျှင် ကျူးလွန်သူတွင်သာ တာဝန်ရှိသည်။ ကျူးလွန်သူကိုသာ အရေးယူနိုင်သည်။ ရဲစခန်းတွင် တိုင်ချက်ဖွင့်နိုင်သည်။ တရားရုံးက စစ်ဆေးစီရင်၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်ခံရနိုင်သည်။

တရားမဲ့ပြုကျင့်မှုကို ကျူးလွန်လျှင် ကျူးလွန်သူက ရွေးကောက်ပွဲကိုယ်စားလှယ်ဖြစ်နေစေကာမူ လွှတ်တော်ကိုယ်စားလှယ်လောင်းက ကျူးလွန်ဘိသကဲ့သို့ တာဝန်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်လွှာတင်နိုင်သည်။ ကော်မရှင်ရုံးက ခုံရုံးဖွဲ့၍ ကြားနာစစ်ဆေးမည်။ တရားမဲ့ပြုကျင့်မှုကြောင့်သာ ရွေးကောက်တင်မြှောက်ခံရကြောင်း တွေ့ရှိလျှင် ရွေးကောက်တင်မြှောက်ခံရခြင်းကို ပယ်ဖျက်ခြင်း ခံရနိုင်သည်။

ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများသည် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အနှောင့်အယှက်၊ အဖျက်အမှောင့်များ၊ ရွေးကောက်ပွဲ၏ အန္တရာယ်များဖြစ်သည်။ ဖော်ပြပါ တားမြစ်ချက်များကို ပြုကျင့်ပါက ကျူးလွန်သူကာယကံရှင် ပြစ်ဒဏ်ချမှတ်ခံရနိုင်ခြင်း၊ သက်ဆိုင်ရာကိုယ်စားလှယ်လောင်း ထိခိုက်နစ်နာနိုင်ခြင်းတို့သာမက မဲဆန္ဒရှင်ပြည်သူများ အေးချမ်းသာယာစွာ ဆန္ဒမဲပေးနိုင်ရေးကိုလည်း ထိပါးရာရောက်သည်။

သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများအားလုံးက အဆိုပါ ရွေးကောက်ပွဲအန္တရာယ်များကို သိရှိထားခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်စေရန် သတိပြုဆောင်ရွက်နိုင်ကြမည်။ ယင်းသို့သော အနှောင့်အယှက်၊ အဖျက်အမှောင့်များ မဖြစ်ပေါ်ရအောင် သတိပြုဆင်ခြင်ဟန့်တားနိုင်မည်။ ကြိုတင်စောင့်ကြည့် တားဆီးကာကွယ်နိုင်မည်။ ပေါ်ပေါက်လာပါကလည်း ဥပဒေနှင့်အညီ ကန့်ကွက်တိုင်ကြား အရေးယူဆောင်ရွက်နိုင်မည်။

အမှန်စင်စစ်မူ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများသည် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့်သာ သက်ဆိုင်သည်မဟုတ်။ ရွေးကောက်ပွဲကို စီစဉ်ကျင်းပသည့် ရွေးကောက်ပွဲတာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များအားလုံးတို့နှင့်လည်း သက်ဆိုင်သည်။ ဤသည်တို့ကို သိရှိနားလည်ကြရန်လိုအပ်သည်။ ရှောင်သင့်သည်တို့ကို ရှောင်၍ ဆောင်သင့်သည်တို့ကို ဆောင်ကြရမည်။

ရွေးကောက်ပွဲတစ်ခုတွင် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများ ကင်းစင်ခဲ့လျှင်၊ မဲဆန္ဒရှင်များအားလုံး အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ကြလျှင် အောင်မြင်သော ရွေးကောက်ပွဲ၊ လွတ်လပ်သော ရွေးကောက်ပွဲ၊ တရားမျှတသော ရွေးကောက်ပွဲဟု သတ်မှတ်ပြောဆိုကြရမည်သာ။

- **ရွေးကောက်ပွဲနှင့်သက်ဆိုင်သူအားလုံး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ကြပါစေ၊**
- **မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ကြပါစေ။**

> “ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ ပြုကျင့်မှုများ ကင်းစင်ခဲ့လျှင်၊ မဲဆန္ဒရှင်များ အားလုံး အဆင်ပြေ ချောမွေ့စွာ ဆန္ဒမဲပေးနိုင် ကြလျှင်…”

ရတနာ့ဂူဘုရားပွဲတော်အထိမ်းအမှတ် အဆင့်မြင့်တန်း ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ကျင်းပ

အမရပူရ စက်တင်ဘာ ၆

၂၀၁၈ ခုနှစ် ရတနာ့ဂူဘုရားပွဲတော်အထိမ်းအမှတ် အဆင့်မြင့်တန်း ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီက အမရပူရမြို့နယ် စစ်ကိုင်း-အမရပူရလမ်း ဆောင်းဒါးရက်ကန်းကျောင်း ဘော်လီဘောအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးရဲမွန်၊ အမရပူရမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် မြို့နယ်အားကစားမှူးများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကာကွယ်ရေး (က)၊ (ခ) အသင်း၊ အမရပူရ (က)၊ (ခ) အသင်း၊ ပညာရေးအသင်း၊ ဆောက်လုပ်ရေးအသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အသင်း၊ နန်းတွင်းလူငယ်အသင်း၊ အောင်သမာဓိအသင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

မောင်ပြည်သူ(မန္တလေး)

ဂျပန်နိုင်ငံမှလှူဒါန်းသောဆန် ၅၂ ဒသမ ၅ တန် လွှဲပြောင်းပေးအပ်ပွဲနှင့် မျိုးစပါးထောက်ပံ့လှူဒါန်းပွဲ ကျင်းပ

ထားဝယ် စက်တင်ဘာ ၆

အာဆီယံအပေါင်း(၃) အရေးပေါ်အရန်ဆန်ရိက္ခာ အစီအစဉ် (၃) အရ ဂျပန်နိုင်ငံမှလှူဒါန်းသော ဆန် ၅၂ ဒသမ ၅ တန်အား ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် မျိုးစပါးထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ယနေ့ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုအစီအစဉ်သည် ဂျပန်နိုင်ငံမှလှူဒါန်းခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးကြသဖြင့် မိုးရာသီ၌ မိုးစပါးများ ရေနစ်မှုများဖြစ်ပေါ်လာပါက အရန်ဆန်ထားရှိရန်လိုအပ်ကြောင်း၊ ယခုလိုလှူဒါန်းသည့် ဆန်များကိုလည်း မိမိတို့အစိုးရအဖွဲ့အနေနဲ့ အကျိုးရှိရှိ အသုံးချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အာဆီယံအပေါင်း(၃) အရေးပေါ်အရန်ရိက္ခာဆန် လှူဒါန်းရခြင်းနှင့် စပါးအစားထိုးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် APPTERR – ASEAN Plus Three အရေးပေါ် အရန်ဆန်ရိက္ခာအတွင်းရေးမှူးရုံးမှ အကြီးအကဲ Mr.ChanpithyaShimphalee က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဂျပန်အစိုးရကိုယ်စား မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျပန်သံရုံးမှ Ms.Suzuki က ဆန်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အာဆီယံအပေါင်း(၃) အရေးပေါ်ဆန်ရိက္ခာအတွင်းရေးမှူးရုံးမှ အကြီးအကဲနှင့် တာဝန်ရှိသူများက ထောက်ပံ့ဆန်များလွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က မျိုးစပါးများထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်စန်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် Delco ကုမ္ပဏီမှလှူဒါန်းသော ဆန်ငါးတန်ကို စီမံကိန်းဒါရိုက်တာဦးမြအောင်နှင့် အမှတ်(၂) သတ္တုတွင်းဦးစီးဌာနနှင့် သတ္တုကုမ္ပဏီများစုပေါင်းလှူဒါန်းသော ဆန် ၂ ဒသမ ၅ တန်အား အထွေထွေမန်နေဂျာဦးဖေခင်တို့က လှူဒါန်းခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီး ဦးဟိုပင်က လက်ခံရယူခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သစ်အခြေခံစက်မှုလုပ်ငန်းရှင်များအသင်းမှ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရန် အလှူငွေပေးအပ်

ရေတာရှည် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွား၍ ဆွာချောင်းတစ်လျှောက်ရှိ ကျေးရွာများမှ လူနေအိမ်များ ရေနောက်မျောပါ ဆုံးရှုံးခဲ့ကြရာ အဆိုပါရေနောက်မျောပါပျက်စီးဆုံးရှုံးသွားခဲ့သည့် လူနေအိမ်များ ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အမြန်ဆုံး အကောင်အထည်ဖော်သည့် လုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ဖြစ်ရာ တစ်တပ်တစ်အားကူညီသည့် အနေဖြင့် ပဲခူးတိုင်းဒေသကြီး သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များ အသင်းမှ အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုစခန်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လှူဒါန်းပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့်အဖွဲ့ တက်ရောက်ခဲ့ကြသည်။ ထို့နောက် သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များ အသင်းမှ နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် သုံးစွဲနိုင်ရန် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၏ (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွေ့အကြုံများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ညနေပိုင်းက အင်းလျားကန်ရှိ လှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် တာဝန်ရှိသူများ၊ အားကစားနည်းအလိုက် တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြဆရာများ တက်ရောက်ခဲ့သည်။

မြန်မာလှေလှော်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူး/ကယက်ပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုရယူနိုင်ခြင်းမရှိဘဲ ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။ အထူးသဖြင့် ရိုးရာလှေပြိုင်ပွဲတွင် ရွှေတံဆိပ်အပါအဝင် ဆုတံဆိပ်ရယူနိုင်ရန် မျှော်မှန်းထားသော်လည်း ပြိုင်ပွဲအမျိုးအစားငါးမျိုးစလုံးတွင် ဆုတံဆိပ်ရယူနိုင်ခြင်းမရှိခဲ့ပေ။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက "လာမယ့်ပြိုင်ပွဲတွေမှာ အောင်မြင်မှုရဖို့ အခုပြိုင်ပွဲက အရှုံးကိုသင်ခန်းစာယူပြီး ပြင်ဆင်မှာပါ။ ပြိုင်ပွဲပြီးတဲ့အချိန်မှာ အသင်းရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေကို ပြန်လည်ဆန်းစစ်ခဲ့ပါတယ်။ ရှုံးနိမ့်မှုအတွက် ပြန်လည်ဆန်းစစ်တဲ့အခါမှာ အချက်လေးချက် သွားတွေ့ရပြီး ပြန်လည်ပြင်ဆင်ဖို့ အရေးတကြီးလိုအပ်ပါတယ်။ ဒီအချက်တွေက နည်းစနစ်ပိုင်းနဲ့ ကြံ့ခိုင်မှုအားနည်းတယ်။ ကစားသမားတွေရဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံက ပြိုင်ဘက်ကစားသမားတွေထက်စာရင် လိုအပ်ချက်ရှိပါတယ်။ ပြီးတော့ ကစားသမားတွေရဲ့ အစားအသောက်ပါ။ ကစားသမားတွေဟာ အာဟာရဖြစ်အောင် စားသောက်တဲ့နေရာမှာ လိုအပ်ချက်တွေရှိပါတယ်။ ဒါကို ပြန်ပြင်ဆင်ရမှာပါ။ ရိုးရာလှေအပါအဝင် အပြည်ပြည်ဆိုင်ရာလှေနဲ့ ကနူး/ကယက်ပြိုင်ပွဲအမျိုးအစားတွေကိုလည်း ပြန်လည်ပြင်ဆင်မှာပါ။ လိုအပ်တာတွေအားဖြည့်ပြီး ပိုကောင်းအောင်လုပ်ဆောင်မှာပါ"ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ အသင်းအုပ်ချုပ်သူအဖြစ် လိုက်ပါသွားသည့် ဦးစိုးအောင်(အား/ကာသိပ္ပံ ရန်ကုန်၊ ကျောင်းအုပ်ကြီး)တို့က ပြိုင်ပွဲအတွေ့အကြုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာလှေလှော်အဖွဲ့၏ ရိုးရာလှေနည်းပြ ဦးဝင်းဖေ၊ အပြည်ပြည်ဆိုင်ရာလှေနည်းပြ ဦးကျော်ဝင်း၊ ကနူး/ကယက်နည်းပြ ဦးခင်မောင်မြင့်တို့က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းတွင် လှေလှော်အားကစားနည်း ပါဝင်ရန် ကြိုးပမ်းလျက်ရှိပြီး ပါဝင်လာပါက အောင်မြင်မှုရယူနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၃ ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

တာချီလိတ် စက်တင်ဘာ ၆

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၃ ဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် ၂ ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ အမျိုးသား ၅၄၁ ဦး၊ အမျိုးသမီး ၂၄၉ ဦးနှင့် ကလေး ၃၁ ဦး စုစုပေါင်း ၈၂၁ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ ဖျာပုံမြို့နယ်၌ ရွှေ့လျားစာကြည့်တိုက် ၂၅ ခု တိုးချဲ့ဖွင့်လှစ်

ဖျာပုံ စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ စာကြည့်တိုက်သို့လာရောက်ရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် စက်တင်ဘာလတွင် ရွှေ့လျားစာကြည့်တိုက်ပေါင်း ၂၅ ခုအထိ တိုးချဲ့ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ ဖျာပုံမြို့နယ်အတွင်းရှိ တင်ပုလွဲချောင်းဝ အမက၊ ကနိ အထက၊ သမိန်ထောသိမ်ကုန်း ၁အမက ၊ သမိန်ထော အထက၊သမိန်ထောကုန်းတန်း အလက(ခွဲ)၊ အခြာကြီး အလက(ခွဲ)၊ မှော်ဘီ အလက(ခွဲ)၊ သမိဒ္ဓေါဒယ သီလရှင်သင်ပညာရေးကျောင်း၊ အလက ၂၊ အမက လိပ်ဥကုန်း၊ အလက(ခွဲ) (၁၇ရပ်ကွက်)၊ စံပြအမက၊ တောင်ပိုင်းအမက၊ ကျုံကူကျေးရွာ အမက၊ ပညာဒီပ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဖျာပုံ တမံကျေးရွာ အထက၊ ဓမ္မသုခ အမက၊ အမက ၁၈၊ ချောင်းတွင်းမြောက်ပိုင်း အမက၊ သလိပ်ကြီးကျေးရွာ အလက(ခွဲ)၊ ရှမ်းကွင်းကျေးရွာ မူလွန်၊ ကျုံတာကျေးရွာအထက၊ မြောက်ပိုင်းအမက၊ အထက(ခွဲ) အလက ၁ တို့အပြင် ဖျာပုံအကျဉ်းထောင်၌ပါ ရွှေ့လျားစာကြည့်တိုက် ၂၅ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဆရာဇော်ဂျီစာကြည့်တိုက်၏ ရွှေ့လျားစာကြည့်တိုက် ဖွင့်လှစ်ခြင်းအစီအစဉ်တွင် ရွှေ့လျားစာကြည့်တိုက် တစ်တိုက်နှင့် ကလေးဖတ်စာအုပ်ရေတစ်ရာ ပါရှိပြီး တစ်လလျှင်တစ်ကြိမ် စာအုပ်များလဲလှယ်ပေးကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ကျိုက်မရောတွင် မူခင်းပညာပေး

ကျိုက်မရော စက်တင်ဘာ ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့က စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီတွင် မူခင်းအသိပညာပေးယာဉ်ဖြင့် ကျွန်းရွာ အထက(ခွဲ)၌ သက်ငယ်မုဒိမ်းမှုကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူခင်းကျဆင်းရေး ကြိုတင်ကာကွယ်မှုများကို ကဒါရဲကင်းမှူး ဒုတိယရဲအုပ်ဇေယျာလင်းနှင့် တာဝန်ရှိသူများက လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ဟောပြောခြင်း လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှိုင်ထွန်းအောင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိခရိုင် ၁၀ ခုနှင့် နာဂဒေသတွင် မိုးစပါးဧက ၁၄ သိန်းကျော် စိုက်ပျိုးပြီး

မုံရွာ စက်တင်ဘာ ၆

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်သုံးခုတို့တွင် မိုးစပါး ဧက ၁၄၈၄၉၆၀ အား စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဆန်ဖူလုံစွာစားသုံးနိုင်ရန်၊ ပိုလျှံသောဆန်စပါးများကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ နိုင်ငံခြားတိုင်းပြည်များသို့ ပို့ကုန်များအဖြစ် တင်ပို့ရောင်းချနိုင်ရန်၊ ဆန်စပါးများတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသခံတောင်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိုးစပါးများကို နှစ်စဉ် လျာထားစိုက်ပျိုးလျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုးစပါးဧက ၁၈၀၀၂၁၀ အား စိုက်ပျိုးသွားရန်လျာထားကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီ ဩဂုတ်လကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် မိုးစပါး ၅၀၅၁၇ ဧက၊ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ် သုံးခုတွင် မိုးစပါး ၂၄၂၇၉ ဧက၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် မိုးစပါး ၅၃၁၉၂၇ ဧက၊ ကသာခရိုင်အတွင်းရှိ မြို့နယ်ခုနစ်ခုတွင် မိုးစပါး ၃၃၉၆၉၇ ဧက၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် မိုးစပါး ၁၃၅၇၇၇ ဧက၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် မိုးစပါး ၈၅၉၅၉ ဧက၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် မိုးစပါး ဧက ၁၄၆၉၈၀၊ တမူးခရိုင်အတွင်းရှိ တမူးမြို့နယ်တွင် မိုးစပါး ၄၄၄၇၉ ဧက၊ မော်လိုက်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် မိုးစပါး ၅၆၂၁၉ ဧက၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် မိုးစပါး ၄၄၁၀၅ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်သုံးခုတွင် မိုးစပါး ၂၅၀၀၁ ဧက စုစုပေါင်း မိုးစပါးဧက ၁၄၈၄၉၆၀ အား စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် ဓမ္မာရုံ၌ စက်တင်ဘာ ၄ ရက်က လှိုင်မြို့မစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်က မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး အသိပညာပေးဟောပြောဆွေးနွေးစဉ်။

မီးမီး(လှိုင်)

တိုတိုထွာထွာဖတ်စရာ

ဂိုဏ်းပေါင်းစုံသံဃနာယကနှင့်ဝိနည်းဓိုရ်(ဆင့်ပွား) သင်တန်းဖွင့်

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သံဃနာယကအဖွဲ့ကကြီးမှူးကျင်းပသော ဂိုဏ်းပေါင်းစုံသံဃနာယကနှင့် ဝိနည်းဓိုရ် (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက သုံးခွမြို့ မဟာအတုလဝေယံ သာသနာ့ဗိမာန်ကြီး၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် သုံးခွမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဂိုဏ်းပေါင်းစုံမှ သင်တန်းသားသံဃာတော် ၇၈ ပါး ကြွရောက်တော်မူကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

ကျိုက်မရော၌ အစားထိုးစိုက်ပျိုးရန် မျိုးစပါးများ ကျေးရွာအရောက်ဖြန့်ဝေ

ကျိုက်မရော

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် မယ်ကရိုကျေးရွာရှိ ရေကြီးနစ်မြုပ်ခဲ့သော လယ်မြေများအတွက် အစားထိုးပြန်လည်စိုက်ပျိုးရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်း၍ မျိုးစပါးများဖြန့်ဝေပေးခြင်းကို စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက မယ်ကရိုကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

စိုက်ပျိုးရေးတာဝန်ခံက ပျက်စီးလယ်တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်းဖြင့် အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးနည်းပညာများပါ ဟောပြောခဲ့သည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကာကွယ်ဆေးများထိုးနှံပေး

မိုင်းငေါ့

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းငေါ့မြို့ တိုက်နယ်ကျန်းမာရေးဌာန၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်၊ ဆေးထိုးပေးရာတွင် ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်၊ ဂျိုက်သိုးစသည့် ရောဂါကာကွယ်ဆေး ၁၀ မျိုးကို ထိုးနှံပေးသည့်အပြင် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မိုင်းငေါ့(ပြန်/ဆက်)

ချိုင်းထောက်ဖြင့်ကျောင်းတက်ရသော ပညာထူးချွန်သူအား ပညာဒါနလှူဒါန်း

မော်လမြိုင်ကျွန်း

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဖြန့်ကြီးမြစ်ကျိုးကျေးရွာအုပ်စု ကွင်းတုံးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ချိုင်းထောက်ဖြင့်ကျောင်းတက်ရသော မွေးရာပါမသန်စွမ်း စထုတ္ထတန်းကျောင်းသူ ပညာထူးချွန်သည့် မဖူးဖူးမောင် အသက် ၉ နှစ်အတွက် လိုရာပြည့်လှူဒါန်းရေးအဖွဲ့ (ရန်ကုန်) မှ ပညာဒါနအလှူငွေကျပ်တစ်သိန်းကို စက်တင်ဘာ ၅ ရက်က ကွင်းတုံးကျေးရွာ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

အနုပညာ

တစ်ရက်တည်း ခွဲနေရတာကို လွမ်းနေတယ်လို့ ဆိုလာတဲ့ ဂျနီဖာလိုပက်ဇ်

ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်နဲ့ အားကစားကြယ်ပွင့်တစ်ဦးဖြစ်သူ အဲလက်ဇ်ရိုဒရီးဂွက်ဇ်တို့ဟာ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်ပါတယ်။ ချစ်သူသက်တမ်း ကြာရှည်လာတာ နဲ့အမျှ အမြဲလိုလို အတူရှိနေကြတာကိုလည်းတွေ့ရပြီး လတ်တလောမှာတော့ ဂျနီဖာလိုပက်ဇ်က သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ချစ်သူနဲ့ တစ်ရက်လေး ခွဲနေရတာကိုတောင် လွမ်းနေပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၃ ရက်မှာတော့ ဂျနီဖာလိုပက်ဇ်က သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ အဲလက်ဇ်ရိုဒရီးဂွက်ဇ်ရဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ အဲဒီဓာတ်ပုံရဲ့အောက်မှာတော့ တစ်နေ့တာ ခွဲနေခဲ့ရပြီး သူ့ကို တကယ်ပင် လွမ်းနေမိပါပြီလို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကိုလည်း တစ်ပါတည်း ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။ အားကစားကြယ်ပွင့်ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တဲ့ အကြောင်းအရာတွေအရ အဲလက်ဇ်ရိုဒရီးဂွက်ဇ်ဟာ လော့စ်အန်ဂျလိစ်ကနေ ဟော်စတန်ကို ထွက်ခွာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ မကြာသေးမီက ကျင်းပခဲ့တဲ့ တေးဂီတနဲ့သက်ဆိုင်တဲ့ ဆုပေးပွဲတစ်ခုမှာ ဂျနီဖာလိုပက်ဇ်ဟာ ဆုလက်ခံရယူပြီးနောက် အမှတ်တရစကားပြောကြားချိန်မှာ ချစ်သူအကြောင်း ထည့်သွင်းပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျနီဖာလိုပက်ဇ်က အဲလက်ဇ်ရိုဒရီးဂွက်ဇ်ကို သူ့ရဲ့စိတ်နဲ့ ထပ်တူညီတဲ့ အဖော်တစ်ဦးအဖြစ် ရည်ညွှန်းပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။

သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် အချိန်အတော်ကြာ လက်တွဲလာခဲ့ပြီးဖြစ်ကာ အမြဲအတူရှိနေကြသူတွေလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လအတွင်း သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်လာချိန်မှာတော့ အဲလက်ဇ်ရိုဒရီးဂွက်ဇ်က သူတို့တွေ စေ့စပ်ပြီးခြင်း မရှိသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီကြယ်ပွင့်စုံတွဲရဲ့ မင်္ဂလာသတင်းကတော့ ဝေးနေဦးမလားပါပဲ။ **ခင်ခင်သက်**

Vogue မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးရှင်တွေဖြစ်လာတဲ့ ဘတ်ခမ်းမိသားစု

ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘတ်ခမ်းနဲ့ ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘတ်ခမ်းတို့ မိသားစုဟာ လတ်တလောမှာတော့ နာမည်ကျော်မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ Vogue မဂ္ဂဇင်းကြီးအတွက် မျက်နှာဖုံးဓာတ်ပုံကို ရိုက်ကူးပေးခဲ့တာဖြစ်ပြီး ယင်းမဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံတွေကိုပါ အီးအွန်လိုင်းဒေါ့ကွန်းမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

ဒီဓာတ်ပုံတွေမှာတော့ မိသားစုဝင်ခြောက်ဦးပါဝင်တဲ့ ဘတ်ခမ်းမိသားစုဟာ လယ်ကွင်းထဲမှာ အလှဓာတ်ပုံတွေ ရိုက်ကူးခဲ့တာကိုလည်း တွေ့မြင်ရမှာပါ။ ဟောလိဝုဒ်ရဲ့ အိမ်ထောင်သက်ကြာမြင့်တဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဘတ်ခမ်းနဲ့ ဗစ်တိုးရီးယားတို့ရဲ့ မိသားစုပုံစံကိုလည်း ဒီဓာတ်ပုံတွေမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီဓာတ်ပုံတွေမှာ မိသားစုဝင်တစ်ဦးစီဟာ ဖက်ရှင်ကျကျ လှုပနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ဒီဓာတ်ပုံတွေထဲက တစ်ပုံမှာ ကြယ်ပွင့်မောင်နှံအပြင် ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက် ခုနစ်နှစ်အရွယ်ဟာပါ၊ ၁၃ နှစ်အရွယ် ခရုဇ်၊ ၁၆ နှစ်အရွယ် ရိုမီယိုနဲ့ ၁၉ နှစ်အရွယ် ဘရွတ်ခ်လင်းတို့ကိုလည်း ရေကစားရင်း ပျော်ရွှင်နေတာကို တွေ့ရပါတယ်။ ဒီမဂ္ဂဇင်းမျက်နှာဖုံးကိုတော့ ဗစ်တိုးရီးယားနဲ့ ဒေးဗစ်ဘတ်ခမ်း

တို့ရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ကောလာဟလတွေပေါ်ထွက်လာခဲ့ပြီး နှစ်လခန့်အကြာမှာ ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာတော့ ဒေးဗစ်ဘတ်ခမ်းနဲ့ ဗစ်တိုးရီးယားတို့ ဆက်ဆံရေး အဆင်မပြေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။

ဒါပေမယ့် နောက်ပိုင်းမှာတော့ သူတို့နှစ်ဦးတွဲသွားတွဲလာလုပ်လာတာကို တွေ့ရပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းကလည်း ကြယ်ပွင့်မောင်နှံဟာ ဥရောပဘောလုံးအဖွဲ့ချုပ်က ကျင်းပတဲ့ အခမ်းအနားတစ်ခုကို အတူတွဲကာ တက်ရောက်ခဲ့ကြပါတယ်။ သူတို့နှစ်ဦးရဲ့ ကောလာဟလတွေနဲ့ ပတ်သက်ပြီး ဗစ်တိုးရီးယားက မီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာတော့ မီဒီယာစာမျက်နှာတွေ ပေါ်မှာ သူတို့နှစ်ဦး အကြောင်းကို စွပ်စွဲကာ အကြောင်းအရာတစ်ရပ်အဖြစ် ရေးသားဖော်ပြလာခဲ့ကြတာ နှစ် ၂၀ ခန့်ရှိနေပြီ ဖြစ်ကြောင်းကောလာဟလ တွေနဲ့ပတ်သက်ပြီး တုံ့ပြန်ခဲ့တယ်လို့လည်း သိရပါတယ်။

အေးပြည့်

ရွှေစီတော်၏ ဘာဘာအောင်ပွဲခရီးစဉ် Sep-24, 25
- အဘာရှာ၊ ပုပ္ပါး (သီးသန့်)(နေ့ချင်းပြန်) 35000 ရှင်သီဝလိငြောတ်ရာ
- အဘာရှာ၊ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ) 45000 ပေါ်လဲရေတံခွန်(ဝင)
- အဘာရှာ၊ ပုပ္ပါး၊ မန္တလေး၊ မင်းကွန်း၊ ပြင်ဦးလွင် 55000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထားဝယ်ရှင်ကိုးရှင်(သောကြာ)

09-420420761, 09-420420762, 09-420420763

SH MYINT THU HTET YU
IGCSE, IELTS, UFL — B.Ed ဒီပလိုမာ(၂)နှစ်သင်တန်း
ပြည်တွင်းအစွန်း၊ တပ်မတော်သူနာပြုဆေးတက္ကသိုလ် ဝင်ခွင့်ရသင်တန်းများ
ကွန်ပျူတာအမြန် (၁၀)တန်း (၅)လပြတ် (ဗိုင်း)

ဖခင်အမည်မှန်
ဖြူးမြို့နယ်၊ ဝဲကြီး အထက၊ ဒသမတန်း (C)မှ မောင်ပြည့်စုံအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေထွန်း[၇/ဖမန(နိုင်) ၁၇၉၄၉၂]ဖြစ်ပါကြောင်း။

ဦးကျော်ဆွေထွန်း

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ အထက(ကျောက်ကြီး)၊ ဒသမတန်း (C)မှ နော်သကြီန်ဖော၏ ဖခင်အမည်မှန်မှာ စောသေးမြထူး[၇/ကကန(နိုင်)၀၀၇၉၅၅]ဖြစ်ပါကြောင်း။

စောသေးမြထူး

အမည်ပြောင်း
မင်္ဂလာဒုံမြို့နယ်၊ စွယ်စုံကိုယ်ပိုင်အထက်တန်းကျောင်း၊ တတိယတန်းမှ အဖ ဦးသူရ[၁၂/မဂဒ(နိုင်)၁၂၁၄၇၉]၏ သမီး မအေးဖြူစင်အား မသဒ္ဒါမြင့်မိုရ်ဟု ပြောင်းလဲခေါ်ပေးပါရန်။

မသဒ္ဒါမြင့်မိုရ်

ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်၊ အထက(၂)၊ သတ္တမတန်း(E)မှ မအိဖြူအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးကျော် [၁၂/ဒလန(နိုင်) ၀၃၃၅၇၈] ဖြစ်ပါသည်။

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အထက(၁)၊ နဝမတန်း(ဂ)မှ မောင်သန့်ဇင်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အေး[၈/မလန(နိုင်)၁၁၇၂၈၉]ဖြစ်ပါကြောင်း။

ဦးအောင်အေး

GOLDEN LIGHT
- အဘာလှုတ်ပွဲ၊ ပုပ္ပါး(နေ့ချင်းပြန်) 30000/
- အဘာလှုတ်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ပုဏ္ဏရ 45000/
- ပုပ္ပါး၊ မန္တလေး၊ မင်းကွန်း၊ ကျောက်ဆည် 50000/
- ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ 65000/

09 421099405, 09 43197550

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပန်းရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း[၅/ပလန(နိုင်)၁၁၉၉၂၈] ဖြစ်ပါကြောင်း။

ဦးမြင့်ဝင်း

ဖခင်အမည်မှန်
ရေကြည်မြို့နယ်၊ အထက-ငါးသိုင်းချောင်းကျောင်း၊ ဒသမတန်း(သပြေ)မှ မအေးအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုစိုး[၁၄/သေခ(နိုင်)၀၂၁၅၄၂]ဖြစ်ပါသည်။

ဦးကိုစိုး[၁၄/သေခ(နိုင်)၀၂၁၅၄၂]

ဖခင်အမည်မှန်
ရေကြည်မြို့နယ်၊ အထက-ငါးသိုင်းချောင်းကျောင်း၊ ဒသမတန်း(သပြေ)မှ မောင်ဇင်မင်းကို၏ ဖခင်အမည်မှန်မှာ ဦးညွှက်ပိန်[၁၄/ရကန(နိုင်)၁၂၆၇၉၈] ဖြစ်ပါသည်။

ဦးညွှက်ပိန်[၁၄/ရကန(နိုင်)၁၂၆၇၉၈]

တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်နေ ဦးလှဝင်း[၇/နတလ(နိုင်)၀၄၅၄၉၀]၏ သမီး မြို့မ၊ အထက၊ ဒသမတန်း(B)မှ မအိသင်ဇာမော်(ခ)မအိသဥ္စာမော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကရင်ကုန်းရွာ၊ အထက၊ ဒသမတန်း (B)မှ မအေးငြိမ်းကျော်နှင့်ဒသမတန်း(D)မှ မအေးငြိမ်းမော်တို့၏ဖခင် ဦးကျော်ကျော်[၇/သကန(နိုင်)၀၈၈၃၉၉]၏ အမည်မှန်မှာ ဦးကိုကျော်ဖြစ်ပါကြောင်း။ **ဦးကိုကျော်**

ဖခင်အမည်မှန်
ရေကြည်မြို့နယ်၊ အထက၊ ငါးသိုင်းချောင်းကျောင်း၊ ဒသမတန်း(ကံကော်)မှ မမြတ်အိမွန်၏ ဖခင်အမည်မှန်မှာ ဦးအုန်းငွေး[၁၄/ရကန(နိုင်)၀၉၈၀၄၄] ဖြစ်ပါသည်။

ဦးအုန်းငွေး[၁၄/ရကန(နိုင်)၀၉၈၀၄၄]

ဖခင်အမည်မှန်
အထက(၂)၊ လှိုင်သာယာ၊ ဒသမတန်း (C)တွင် ပညာသင်ကြားနေသော မနော်ယုဇနမင်း၏ ဖခင်အမည်မှန်မှာ ဦးစမင်းမင်း [၁၂/အလန(နိုင်)၀၀၂၃၁၉] ဖြစ်ပါသည်။

ဖခင်အမည်မှန်
နတ်တလင်းမြို့နယ်၊ ကရင်ကုန်းရွာ၊ အထက၊ ဒသမတန်း(C)မှ မဇင်နှင်းဝေ၏ ဖခင် ဦးကိုဝင်း[၇/နတလ(နိုင်) ၀၂၈၆၇၃]၏ အမည်မှန်မှာ ဦးမောင်ဝင်း ဖြစ်ပါကြောင်း။ **ဦးမောင်ဝင်း**

ဖခင်အမည်မှန်
ကရင်ကုန်းရွာ၊ အထက၊ ဒသမတန်း (B)မှ မောင်ခိုင်ဇော်ထက်၏ဖခင် ဦးယဉ်ငွေး[၇/နတလ(နိုင်)၁၂၆၉၈၃]၏ အမည်မှန်မှာ ဦးဝင်းနိုင် ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်(၂၃၄)၊ ငွေကြာယံ(၇)လမ်း၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)၊ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးစိန်[၁၂/ရကန(နိုင်)၀၆၀၁၀၆]နှင့် ဦးဝင်းထွန်းအောင်[၁၂/ရကန(နိုင်)၀၆၀၁၀၇]တို့မှ မိမိတို့ အမည်ပေါက်ပိုင်ဆိုင်၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ အဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို (LL.B)	ဒေါ်မေသူအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၂၂၆၈)	(စဉ်-၄၅၈၅၀)

အမှတ်(၄၅၀/ခ)၊ ဒု-ထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသဖုရားလမ်း၊ အမှတ်(၄၄)၊ ၃ခန်းတွဲ RC(၆)ထပ်ခွဲတိုက်မှ 4-Floor၊ အခန်းအမှတ်(4C)၊ ဧရိယာ(၁၂၁၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်မင်း[၁၂/မဂတ(နိုင်)၁၀၄၄၅၇]၊ ဦးအေးလွင်[၁၂/ကခက(နိုင်)၀၆၅၂၃၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်မင်းထိုက်[၁၂/ဥကမ(နိုင်)၁၆၅၂၀၉]၊ ဒေါ်ကြည်ပြာလွင်[၇/တငန(နိုင်)၁၁၀၄၅၆]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မင်းထိုက်နှင့်ဒေါ်ကြည်ပြာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)	အထက်တန်းရှေ့နေ(စဉ်-၄၄၀၀၃)
Ph-09-450023651	Ph-09-254508917	Ph-09-421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်အေးအေးသင်းထွန်း(ဦးကျော်စိန်ထံမှGPရရှိသူ)	၁၂/ပဘတ(နိုင်)၀၁၅၂၆၇	မင်္ဂလာတောင်ညွန့်	၄၁၆/?	၁၁၆/၃၇	ဦးကျော်စိန်	၁၁၆/၃၇၊ ဂန္ဓမာ(၄)လမ်း သာယာကုန်းရပ်ကွက်	မြေပုံကူး(အရောင်း)
၂။	ဦးခင်ဇော်	၁၂/မရက(နိုင်)၁၃၁၉၉၉	ဒဂုံဆိပ်ကမ်း	၁၀၃၁/ဂုန်(၂)	၅၅၈	ဦးစိုးမြင့်	၅၅၈၊ ၁၀၃၁/ဂုန်(၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	ဦးခင်ဇော်	၁၂/မရက(နိုင်)၁၃၁၉၉၉	ဒဂုံဆိပ်ကမ်း	၁၀၃၁/ဂုန်-၂	၅၅၇	ဦးစိုးမြင့်	၅၅၇၊ (၁၀၃၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၄။	ဒေါ်ခင်အေးသန်း	၁၂/ဥကတ(နိုင်)၀၀၁၃၂၈	ဒဂုံအရှေ့	၁၅	၃၂၉	ဒေါ်ယဉ်ရီယယ်(ခ)မနွယ်	၃၂၉၊ (၁၅)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၅။	ဦးအေးမင်းစိုး+၂	၁၂/လသယ(နိုင်)၀၁၄၂၂၈	လှိုင်သာယာ	၁၄-ရွှေသံလွင်	၆၅	ရွှေသံလွင်ထရေးဒင်းကုမ္ပဏီ လီမိတက်	၆၅၊ မင်းရဲကျော်စွာလမ်း ရွှေလွှံ့ကျေးရွာအုပ်စု၊ လှိုင်သာယာ	ဂရန်သစ်
၆။	ဒေါ်စိုးစိုး(ခ)ဒေါ်အောင်ကျော်ထွေး	၁၂/ကမတ(နိုင်)၀၀၄၃၀၇	တောင်ဥက္ကလာ	၃	၃၀၃	ဦးတင်အောင်	၃၀၃၊ (၁၀)လမ်း (၃)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၇။	ဒေါ်ခင်မာဦး+၁	၁၂/ဥကတ(နိုင်)၀၃၅၇၃၀	တောင်ဥက္ကလာ	၄	၁၀၁၀/က	ဦးသန်းဌေး	၁၀၁၀/က၊ ပညာလမ်း (၄)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၈။	ဓမ္မတျူးဖောင်ဒေးရှင်း(ဇော်)ကိုယ်စားအရှင်ဥက္ကဋ္ဌ		မင်္ဂလာဒုံ	၅၃၂/B	၆၄၄	ဦးမျိုးသော်	၆၄၄၊ ပုလဲရေးလမ်းနှင့်လမ်းသွယ်တောင် ပုလဲ(၁)ရပ်ကွက်	အမည်ပြောင်း
၉။	ဓမ္မတျူးဖောင်ဒေးရှင်း(ဇော်)ကိုယ်စားအရှင်ဥက္ကဋ္ဌ		မင်္ဂလာဒုံ	၅၃၂/B	၆၄၃	ဦးမျိုးသော်	၆၄၃၊ ပုလဲရေးလမ်းနှင့်လမ်းသွယ်တောင် ပုလဲ(၁)ရပ်ကွက်	အမည်ပြောင်း
၁၀။	ဦးခင်ဇော်	၁၂/ဥကမ(နိုင်)၁၅၁၆၆၀	ဒဂုံမြောက်	၅၄	၅၂၆	ဒေါ်အေးရီ	၅၂၆၊ ရွှေစင်(၇)လမ်း (၅၄)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၁။	ဒေါ်စီစီသန်း	၁၁/ကတန(နိုင်)၀၄၃၃၅၀	ဒဂုံတောင်	၁၅၃	၁၇၇၇	ဒေါ်သိန်းသိန်းမြင့်	၁၇၇၇၊ (၁၅၃)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၂။	ဦးအောင်ပျာဘာလု	၉/မမန(နိုင်)၀၇၆၇၂၈	ဒဂုံမြောက်	၄၄	၂၂၉	ဦးဝင်းမောင်	၂၂၉၊ ရွှေစင်(၁)လမ်း (၄၄)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၃။	ဦးခင်မောင်ဝင်း(ခ)ဦးတောင်မင်း+၂	H/RGN-၀၁၅၆၆၀ ၁၂/လမတ(နိုင်)၀၂၀၇၅	မရမ်းကုန်း	၁၇နောင်	၈၁/၅၃	ဦးခင်မောင်ဝင်း+၂	၈၁/၅၃၊ ရေတာမလမ်း (၁)ရပ်ကွက်၊ မရမ်းကုန်း	ဂရန်သက်တမ်းတိုး
၁၄။	ဦးမြတ်ထွဋ်လွင်	၉/မရမ(နိုင်)၀၄၃၀၂၇	ဒဂုံဆိပ်ကမ်း	၁၅၀	၄၀	ဦးလှမျိုးအောင်အောင်(ဦး)	၄၀၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၅။	ဦးညည်မြင့်ဝင်း	၁၂/အလမ(နိုင်)၀၁၉၆၄၂	ဒဂုံမြောက်	၄၇	၄၁၀/ခ	ဦးညည်မြင့်ဝင်း+ဒေါ်ခင်လှကြည်	၄၁၀/ခ၊ မျော်ရုံလမ်း (၄၇)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်ခွဲ
၁၆။	ဦးသောသန်း(ခ)မောင်မောင်သန်း	၁၂/ရကန(နိုင်)၀၄၄၅၃၅	ဒဂုံမြောက်	၄၇	၄၁၀/က	ဦးညည်မြင့်ဝင်း+ဒေါ်ခင်လှကြည်	၄၁၀/က၊ မျော်ရုံလမ်း (၄၇)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်ခွဲ
၁၇။	ဦးစံမြင့်(ခ)ဦးလင်းကြွယ်ကို(ခ)ဦးကျော်ဝင်း (ဒေါ်ခင်နုထံမှ GP ရရှိသူ)	၁၂/လသန(နိုင်)၀၀၈၈၁၂	အလုံ	၃	၁၂၇	ဒေါ်ခင်နုဝင်း	၁/၁၂၇၊ ဗိုလ်တထောင်လမ်း မျော်စက်ရပ်ကွက်	မြေပုံကူး(အရောင်း)

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဆရာတော်ပေလ်ဂရောင်	ISN-၂၀၀၀၀၂ ၁/မကန(နိုင်)၀၇၆၇၆၅	လှိုင်	၂၉	၁၄/စ-၁	မောင်ကျော်ဝင်း(ခ)မိုက်ကယ်အုံးသင်	၄၁/A၊ အမှတ်(၁၀)ကျောင်းလမ်း(၁၁)ရပ်ကွက်	အမည်ပြောင်း
၂။	ဒေါ်အေးအေးမြင့်+၃	၁၂/လသတ(နိုင်)၀၂၈၉၃၅	ဗဟန်း	၅၂	၃-၁၆	ဦးစိုးမြင့်	၁၀၇/၁၆ အုတ်လမ်းအနောက်ရွှေဂုံတိုင်ရပ်ကွက်	အမည်ပြောင်း
၃။	ဦးထက်လင်းစိုး+ဒေါ်ထက်ထားရွှန်(ခ)ဒေါ်ရတီစိုး	၁၁/မဥန(နိုင်)၀၄၀၈၀၃	တောင်ဥက္ကလာ	၁၁	၅၀၉/ခ	ကိုတင်ဆွေ	၅၀၉/ခ(၃)လမ်း(၁၁)ရပ်ကွက်တောင်ဥက္ကလာ	အမည်ပြောင်း
၄။	ဒေါ်ခင်မာဝင်း(GPအစီအမံသည်ရှေ့)	၁၂/အမန(နိုင်)၀၁၃၂၅၀	ဒဂုံမြောက်	၄၂	၄၆၃	ဒေါ်ခင်မာဝင်း	၄၆၃၊ စိုလ်လမ်းရောင်လမ်း(၄၂)ရပ်ကွက်ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၅။	ဒေါ်မေစိုးဦး	၃/ပဝတ(နိုင်)၀၂၂၅၅၀	တောင်ဥက္ကလာ	၅	၃၅/က	ဒေါ်အေးအေးဖိုင်	၃၅/က၊ တောင်လမ်း(၅)ရပ်ကွက်တောင်ဥက္ကလာ	မြေပုံကူး(အရောင်း)
၆။	ဒေါ်မေစိုးဦး	၃/ပဝတ(နိုင်)၀၂၂၅၅၀	တောင်ဥက္ကလာ	၅	၃၄/ခ	ဒေါ်နော်ကူဖေ	၃၄/ခ၊ တောင်လမ်း(၅)ရပ်ကွက်တောင်ဥက္ကလာ	မြေပုံကူး(အရောင်း)
၇။	ဒေါ်မြို့ရွှေမယ်(ခ)ခင်ခင်မယ်(SP)ဒေါ်ရုတနာငွေ	၁၃/တာစလ(နိုင်)၀၆၁၁၅၀	မင်္ဂလာဒုံ	၅၃၂B/၅	၂၇၀	ဒေါ်မြို့ရွှေမယ်(ခ)ခင်ခင်မယ်	၂၇၀၊ မေပင်ရွာ၊ ရပ်ကွက်မင်္ဂလာဒုံ	မြေပုံကူး(အရောင်း)
၈။	ဒေါ်လှလှတင်	၁၂/တာမန(နိုင်)၀၇၆၆၂၀	ရွှေပြည်သာ	၆	၂၉၀/က	ဦးသိန်းကို	၂၉၀/က၊ မင်းရဲကျော်စွာလမ်း(၆)ရပ်ကွက်ရွှေပြည်သာ	အမည်ပြောင်း
၉။	ဦးစိုးအောင်ဦးအောင်ဝင်း	၁၂/မကတ(နိုင်)၀၀၀၂၈၅	ဒဂုံတောင်	၆၄/စီးပွားရေးဇုန်	၇	ဦးစိုးမြင့်	၇၊ ရတနာသီရိလမ်း(၆၄)စီးပွားရေးဇုန်ဒဂုံတောင်	အမည်ပြောင်း
၁၀။	ဒေါ်ခင်ဝင်းမော်(ခ)ဒေါ်ခင်ဝင်းကြည်	၁၂/အစန(နိုင်)၀၄၄၁၁၀	အင်းစိန်	၉/Dတောင်သုကုန်း	၂၄/က	ဦးကိုကိုမြင့်	၂၄၊ အမှတ်(၅၃)ကျောင်းလမ်းတောင်သုကုန်းရပ်ကွက်အင်းစိန်	အမည်ပြောင်း
၁၁။	ဒေါ်ခင်မြင့်မြင့်လင်း	၁၂/တာတန(နိုင်)၀၂၈၆၇	လှိုင်သာယာ	၁၁ကမ-၁၄	၅၁၀/က	ဦးအောင်ဆိုင်	၅၁၀/က၊ တောင်လမ်း(၁၅)ရပ်ကွက်လှိုင်သာယာ	ဂရန်သစ်
၁၂။	ဒေါ်ခင်မေမြ	၁၂/ဥကတ(နိုင်)၀၄၈၅၃၁	တောင်ဥက္ကလာ	၃	၂၉၀/က	ဒေါ်ခင်မေမြဦးရဲထွန်း	၁၇၇(၉)လမ်း(၃)ရပ်ကွက်	ဂရန်ခွဲ
၁၃။	ဦးရဲထွန်း	၁၂/ဥကတ(နိုင်)၀၄၈၀၄၀	တောင်ဥက္ကလာ	၃	၂၉၀/ခ	ဒေါ်ခင်မေမြဦးရဲထွန်း	၁၇၇(၉)လမ်း(၃)ရပ်ကွက်	ဂရန်ခွဲ
၁၄။	ဦးတောက်ထွန်းဦး	၁၂/ဥကမ(နိုင်)၁၆၁၂၆၇	မြောက်ဥက္ကလာ	၈	၁၉၇/ခ	ဦးခင်စိုးနိုင်	၁၉၇/ခ၊ သရဖူလမ်း(၈)ရပ်ကွက်မြောက်ဥက္ကလာ	အမည်ပြောင်း
၁၅။	ဦးထွန်းကြည်(SPဦးတင်ဦး)	၁၂/အလန(နိုင်)၀၂၆၁၃၇	ဒဂုံမြောက်	၄၅	၄၃၀	ဦးထွန်းကြည်	၄၃၀၊ ရွှေညီလမ်း(၄၅)ရပ်ကွက်ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၆။	ဦးစိုးမြင့်+၁	၁၂/ဥကတ(နိုင်)၀၈၆၉၆၂	တောင်ဥက္ကလာ	၁၀	၈၉/က	ဒေါ်ခင်မြတ်နိုင်+၃	၈၉/က(၃)လမ်း(၁၀)ရပ်ကွက်	ဂရန်ခွဲ
၁၇။	ဒေါ်ခင်မြတ်နိုင်+၁	၁၂/ဥကတ(နိုင်)၀၈၉၈၀၈	တောင်ဥက္ကလာ	၁၀	၈၉/ခ	ဦးစိုးမြင့်+၃	၈၉/ခ(၃)လမ်း(၁၀)ရပ်ကွက်	ဂရန်ခွဲ
၁၈။	ဒေါ်မြို့စာဖြည့်လဲ့သောင်	၅/ကသန(နိုင်)၀၅၆၇၉၃	ဒဂုံမြောက်	၄၀	၁၆၇/ခ	ဒေါ်နုနုဝင်း	၁၆၇/ခ၊ အောင်သာဝတီလမ်း(၄၀)ရပ်ကွက်ဒဂုံမြောက်	ဂရန်ခွဲ
၁၉။	ဦးဝင်းနိုင်	၁၂/လသမ(နိုင်)၁၀၀၂၈၅	လှိုင်	၂၀/က+ခ	၉၅၀	ဒေါ်ကြွယ်	၂၉(၅)လမ်း(၁၆)ရပ်ကွက်	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်
ရေကြည်မြို့နယ်၊ အထက-ငါးသိုင်းချောင်းကျောင်း၊ ဒသမတန်း(သရဖီ)မှ မသဇင်မိုးမြင့်၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းထွန်း[၁၄/ရကန(နိုင်)၁၁၂၁၄၀]ဖြစ်ပါသည်။

ဦးရဲဝင်းထွန်း[၁၄/ရကန(နိုင်)၁၁၂၁၄၀]

ဖခင်အမည်မှန်
ရေကြည်မြို့နယ်၊ အထက-ငါးသိုင်းချောင်းကျောင်း၊ ဒသမတန်း(သရဖီ)မှ မဝင်းဝင်းသန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဝင်း[၁၄/ရကန(နိုင်)၀၇၃၃၃၆၅] ဖြစ်ပါသည်။

ဦးအောင်မျိုးဝင်း [၁၄/ရကန(နိုင်)၀၇၃၃၃၆၅]

ဖခင်အမည်မှန်
ရေကြည်မြို့နယ်၊ အထက-ငါးသိုင်းချောင်းကျောင်း၊ ဒသမတန်း(သရဖီ)မှ မနန်းယုထွေး၏ ဖခင်အမည်မှန်မှာ ဦးတင်ငွေး[၁၄/သေခ(နိုင်)၀၂၉၂၅၉]ဖြစ်ပါသည်။

ဦးတင်ငွေး[၁၄/သေခ(နိုင်)၀၂၉၂၅၉]

ဖခင်အမည်မှန်
နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၂)၊ ဒသမတန်းမှ မရွှေယမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး[၉/ပမန(နိုင်)၁၂၃၁၀၅]ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်မြို့၊ အရှေ့ဒဂုံ၊ ၄/၁၀၆၅ ဗိုလ်ပျိုလမ်းနေ ဦးပါခိုမန်နှင့် ဦးရန်းခိုလှိုင်မှာ လူတစ်ဦးတည်းဖြစ်သလို လှိုင်သာယာ၊ အထက(၅)မှ ကျောင်းဝင်အမှတ်(၄၂၀/၁၅)၊ ဒသမတန်းကျောင်းသူ မကျင်နေငွေးမ်နှင့် အိမ်ထောင်စုကတ်ပြား ၆၆/၆ ပေါ်ရှိ မတင်နေငွေးသည်လည်း ပုဂ္ဂိုလ်(တစ်)ဦးတည်း ဖြစ်ပါကြောင်း။

ဦးပါခိုမန်(ခ)ဦးရန်းခိုလှိုင်
မကျင်နေငွေးမ်(ခ)မတင်နေငွေး

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကမ်းနားအလှချွန်းရိပ်မြိုင်

အမျိုးသမီးဝတ် အမျိုးမျိုးသတို့သမီး
ဝတ်စုံပွဲထိုင်ပုံဆန်းယူနီဖောင်းများကို
စိတ်တိုင်းကျချုပ်ပေးပါသည်။
(၂၀၁) လှည်းတန်းဈေး၊ ပထမထပ်၊
ကမာရွတ်မြို့နယ်၊ Ph-095070472

အမည်ပြောင်း

တိုက်ကြီးမြို့၊ ပညာရတနာကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ အဖ ဦးမျိုးခိုင်[၇/ပတန(နိုင်)၀၄၄၇၀၀]၏ သမီး မမြတ်မွန်သက်[၁၂/တကန(နိုင်) ၂၃၂၇၇၆] အား မမြတ်သော်တာစံဟု ပြောင်းလဲခေါ်ပါရန်။

သာစည်မြို့နယ်အသင်း(ရန်ကုန်)၏

(၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သာစည်မြို့နယ်သူ မြို့နယ်သားတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၉-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)
အချိန်။ ။ နံနက် ၉း၀၀ နာရီ
နေရာ။ ။ အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်၊ ကံပွဲ့ဘူတာရုံလမ်း။

ဦးညွန့်ဦး (ဥက္ကဋ္ဌ) ၀၉၅၀၄၂၀၂၉
ဦးခင်မောင်ဌေး (အတွင်းရေးမှူး) ၀၉၅၄၀၅၇၉၂

Lucky Smile Travels & Tours

သီဒိုအောင် အဆင့်မြင့်မြည်တွင်းဘုရားဖူးခရီးဆောင်ရေး

(၆၆)ကြိမ်မြောက် အာဘာအောင်မင်းခေါင်ထွက်ရပ်မြန်းအောင်ပွဲ

25-9-2018

'ပ' ကိုးလုံးနဝင်း (၃/၄) ညအိပ်

အဆင့်မြင့်စရိတ်ငြိမ်းအရူးခရီးစဉ်

- Air-con Express
- 4Star Hotel
- Special Dinner 1Night
- Boat
- Special Lucky Draw & Game Program

09-264671992, 09-450531676, 09-443048796

"TODAY PUBLISHING HOUSE LIMITED" နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

TODAY PUBLISHING HOUSE LIMITED ကိုကုမ္ပဏီမှတ်ပုံတင်အမှတ် ၇၄၅/၉၄-၉၅ ဖြင့် (၁၃-၁၀-၁၉၉၄)နေ့တွင် မှတ်ပုံတင်ထားခဲ့ပါသည်။

အဆိုပါ TODAY PUBLISHING HOUSE LIMITED သင်းဖွဲ့မှတ်တမ်းအပိုဒ်(၃)၊ အပိုဒ်ခွဲ(၁)တွင် TODAY PUBLISHING HOUSE LIMITED အနေဖြင့် မိမိတစ်ဦးတည်းဖြစ်စေ၊ အခြားမည်သည့်နိုင်ငံခြား(သို့မဟုတ်)ပြည်တွင်းလုပ်ငန်းများဖြင့်ဖြစ်စေ ဖက်စပ်လုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ အစုစပ်လုပ်ငန်းများ လုပ်ကိုင်ရန် ဖော်ပြသတ်မှတ်ထားခဲ့ပြီး သင်းဖွဲ့မှတ်တမ်းအပိုဒ်(၃)၊ အပိုဒ်ခွဲ(၁)၊ အပိုဒ်ခွဲငယ်(၄)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ မည်သည့် စာအုပ်၊ ဂျာနယ်၊ သတင်းစာနှင့် မဂ္ဂဇင်းများကိုမဆို ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းများနှင့် ကြော်ငြာခြင်းနှင့် ကြော်ငြာကိုယ်စားလှယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားရှိပြီး "TODAY" ကုန်အမှတ်တံဆိပ်ဖြင့်လည်းကောင်း "LIFESTYLE" ကုန်အမှတ်တံဆိပ်ဖြင့်လည်းကောင်း မီဒီယာလုပ်ငန်းများ၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များ ကြော်ငြာလုပ်ငန်းများကို ထုတ်လုပ်ဖြန့်ချိရောင်းချ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

TODAY PUBLISHING HOUSE LIMITED သည် "TODAY" ကုန်အမှတ်တံဆိပ် နှင့် "LIFESTYLE TODAY" ကုန်အမှတ်တံဆိပ်အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားများကို အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပကို တိုက်ရိုက်ဖြစ်စေ သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရန်နှင့် လုပ်ကိုင်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း (၁၅-၈-၂၀၁၈)ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာ စာမျက်နှာအမှတ်(၂၂)တွင်ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

TODAY PUBLISHING HOUSE LIMITED သည် လွန်ခဲ့သော နှစ်ပေါင်း (၂၅)နှစ်ကျော်ကပင် မီဒီယာလုပ်ငန်းများ၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များ၊ ကြော်ငြာလုပ်ငန်းများနှင့် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၃)၊ အပိုဒ်ခွဲ(၁)ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ဝယ်ယူဖတ်ရှု သုံးစွဲသူများအကြားတွင် ကောင်းမွန်သောဂုဏ်သတင်း၊ ထင်ရှားသောဂုဏ်သတင်းများဖြင့် အောင်မြင်မှုပုံရိပ်များ အစဉ်မပြတ် ရရှိလျက် ရှိနေပါသည်။

သို့ဖြစ်ပါ၍ TODAY PUBLISHING HOUSE LIMITED မှ ထုတ်ဝေသော TODAY MAGAZINE နှင့် LIFESTYLE MAGAZINE တို့၏ ကောင်းမွန်သောဂုဏ်သတင်း၊ ထင်ရှားသောဂုဏ်သတင်း၊ အောင်မြင်မှုပုံရိပ်များကို ကျဆင်းစေရန်နှင့် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ "TODAY" နှင့် "LIFESTYLE" အမည်ကို အသုံးပြု၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ စာအုပ်စာစောင်၊ သတင်းစာများတွင် ထည့်သွင်းခြင်း၊ လူမှုကွန်ရက်(Facebook) ပေါ်တွင် အသုံးပြုခြင်းများကို ပြုလုပ်ခြင်းမပြုပါရန်နှင့် လူမှုကွန်ရက် (Facebook) ပေါ်တွင် TODAY PUBLISHING HOUSE LIMITED မှထုတ်ဝေဖြန့်ချိလျက်ရှိသော "TODAY" နှင့် "LIFESTYLE" ဟူသော အမည်ကို အသုံးပြုထားသည့် စာမျက်နှာများအပါအဝင် ထိုကဲ့သို့ ပြုလုပ်ထားခြင်းများကို တွေ့ရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အလေးအနက် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရဲလွင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်(၇၇၇၄)
အခန်းအမှတ် - ၃(E)၊ အမှတ်(၂၂/၂၄)၊ နဝရတ်ကွန်ဒို၊ စမ်းလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း - ၀၉ ၅၀ ၁၇၉၁၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ပိုလ်ဇင်ယော်(၂)လမ်း၊ အမှတ်(၄၉၃)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ မြေညီထပ် (မြေညီ RC ထပ်ခိုး Level-2+ ထပ်တိုးချဲ့ Ibam ဆင့် Smart board ခင်း ထပ်ခိုးပါ) (ညာ)အခန်း၊ ဧရိယာ (မြေညီထပ် (၉၅၀) စတုရန်းပေ+မြေညီ RC ထပ်ခိုး Level-2- (၉၅၀) စတုရန်းပေ+ထပ်တိုးချဲ့ Ibam ဆင့် Smart board ခင်းထပ်ခိုး (၁၉၀) စတုရန်းပေ)၊ နှစ် (၆၀) မြေငှားဂရန် မြေပေါ်ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော (Lucky June Nine Construction Co,Ltd) ဦးကျော်သူစိုး[၈/မကန(နိုင်)၁၉၁၄၁၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးအောင်ဇော်အေး [၁၂/မဘန(နိုင်)၀၉၁၇၇၁၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဇော်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO (Switzerland)	LL.B,D.B.L,D.I.L, WIPO (Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)	အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)	အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃)
Ph-01-246869, 09- 450023651	Ph-09 254508917	Ph-09- 421157856

Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ (၂) HAGL Myanmar Center Tower အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

"TODAY MEDIA & INFORMATION LIMITED" နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

TODAY MEDIA & INFORMATION LIMITED ကိုကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၅၉/၉၃-၉၄ ဖြင့် (၄-၁၀-၁၉၉၃)နေ့တွင် မှတ်ပုံတင်ထားခဲ့ပါသည်။

အဆိုပါ TODAY MEDIA & INFORMATION LIMITED သင်းဖွဲ့မှတ်တမ်း အပိုဒ်(၃)၊ အပိုဒ်ခွဲ(၁)တွင် TODAY MEDIA & INFORMATION LIMITED အနေဖြင့် မိမိတစ်ဦးတည်းဖြစ်စေ၊ အခြားမည်သည့်နိုင်ငံခြား(သို့မဟုတ်)ပြည်တွင်းလုပ်ငန်းများဖြင့်ဖြစ်စေ ဖက်စပ်လုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ အစုစပ်လုပ်ငန်းများ လုပ်ကိုင်ရန် ဖော်ပြသတ်မှတ်ထားခဲ့ပြီး သင်းဖွဲ့မှတ်တမ်းအပိုဒ်(၃)၊ အပိုဒ်ခွဲ(၁)၊ အပိုဒ်ခွဲငယ်(၄)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ မည်သည့် စာအုပ်၊ ဂျာနယ်၊ သတင်းစာနှင့် မဂ္ဂဇင်းများကိုမဆို ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းများနှင့် ကြော်ငြာခြင်းနှင့် ကြော်ငြာကိုယ်စားလှယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားရှိပြီး "TODAY" ကုန်အမှတ်တံဆိပ်ဖြင့် မီဒီယာလုပ်ငန်းများ၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များ၊ ကြော်ငြာလုပ်ငန်းများကို ထုတ်လုပ်ဖြန့်ချိရောင်းချ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

TODAY MEDIA & INFORMATION LIMITED သည် "TODAY" ကုန်အမှတ်တံဆိပ်အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားများကို အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရန်နှင့် လုပ်ကိုင်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း (၁၅-၈-၂၀၁၈)ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာ စာမျက်နှာအမှတ်(၂၂)တွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

TODAY MEDIA & INFORMATION LIMITED သည် လွန်ခဲ့သော နှစ်ပေါင်း (၂၅)နှစ်ကျော်ကပင် မီဒီယာလုပ်ငန်းများ၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များ၊ ကြော်ငြာလုပ်ငန်းများနှင့် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၃)၊ အပိုဒ်ခွဲ(၁)ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ဝယ်ယူဖတ်ရှု သုံးစွဲသူများအကြားတွင် ကောင်းမွန်သောဂုဏ်သတင်း၊ ထင်ရှားသောဂုဏ်သတင်းများဖြင့် အောင်မြင်မှုပုံရိပ်များ အစဉ်မပြတ် ရရှိလျက် ရှိနေပါသည်။

ယခုအခါတွင် အသုံးတွင်ကျယ်လာသည့် လူမှုကွန်ရက်(Facebook) ပေါ်တွင် TODAY MEDIA ဟူသောအမည်ကို အသုံးပြုထားသည့် စာမျက်နှာများကို တွေ့ရှိနေရပါသည်။ ဤသို့ တုပရေးသားထုတ်လွှင့်ခြင်းသည် TODAY MEDIA & INFORMATION LIMITED ၏ပုံရိပ်ကို ကျဆင်းစေ၍ နာမည်ဂုဏ်သတင်းကိုလည်း ထိခိုက်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ TODAY MEDIA & INFORMATION LIMITED ၏ ကောင်းမွန်သောဂုဏ်သတင်း၊ ထင်ရှားသောဂုဏ်သတင်း၊ အောင်မြင်မှုပုံရိပ်များကို ကျဆင်းစေရန်နှင့် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ TODAY MEDIA & INFORMATION LIMITED အမည်ကို အသုံးပြု၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ စာအုပ်စာစောင်၊ သတင်းစာများတွင် ထည့်သွင်းခြင်း၊ လူမှုကွန်ရက်(Facebook) ပေါ်တွင် အသုံးပြုခြင်းများကို ပြုလုပ်ခြင်းမပြုပါရန်နှင့် လူမှုကွန်ရက် (Facebook) ပေါ်တွင် TODAY MEDIA ဟူသော အမည်ကို အသုံးပြုထားသည့် စာမျက်နှာများအပါအဝင် ထိုကဲ့သို့ ပြုလုပ်ထားခြင်းများကို တွေ့ရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အလေးအနက် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရဲလွင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်(၇၇၇၄)
အခန်းအမှတ် - ၃(E)၊ အမှတ်(၂၂/၂၄)၊ နဝရတ်ကွန်ဒို၊ စမ်းလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း - ၀၉ ၅၀ ၁၇၉၁၇

English Language Centre

RESEARCHERS

Foundation & Speaking Course

Start Date	Class	Time	Duration
2.10.2018	Evening Tue, Wed, Thur	(6:00 to 8:00)PM	4 months

အမှတ်(၅၆)၊ ၅-လွှာ၊ အုတ်ကျင်းလမ်း၊ ကျောက်မြောင်း(သိတာမှတ်တိုင်)၊ တာမွေ
ဖုန်း-၀၉ ၂၅၀၁၆ ၂၀၃၉၊ ၀၁ ၂၀၉၃၀၂၊ ၀၉ ၅၆၀၀၂၃၇

စိုင်းနော်မိန်းအိမ်ခြံမြေအကျိုးဆောင်
အမြန်ရောင်း/ငှားပါမည်။ (01-555937/09-951977824)

၁။	ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)အထက်၊ ရတနာမြိုင်ကွန်ဒို(၁၀)လွှာ၊ ငှား	၁၈၀၀၀၀၀/-
၂။	မရမ်းကုန်းမြို့နယ်၊ ဝါယာလက်(၃)လမ်း၊ ကွန်ဒို(၈)လွှာ၊ ငှား/ရောင်း	1300L
၃။	ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)အထက်၊ ၅-လွှာ၊ ပေ(၂၅×၅၀)	990L
၄။	ပုဇွန်တောင်၊ ဦးဝိဇ္ဇာလမ်း၊ မြေညီနှင့်ပလွှာ ပေ(၅၀×၅၀)	1000L
၅။	ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမ၊ ဆင်ရေတွင်း ၅-လွှာ ပေ(၁၂×၅၀)	550L
၆။	လှိုင်၊ စံပယ်ခြံ(၁)လမ်း၊ ၅-လွှာ၊ ပေ(၁၂×၄၅)	200L
၇။	ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ ဒဂုံ-၁အနီး၊ ၄-လွှာ ပေ(၁၅×၅၀)	750L
၈။	မန္တလေး၊ ပြည်ကြီးတံခွန်၊ တမာတန်းထိပ်၊ မြေပိုင်မြေ၊ ပေ(၂၅×၈၀)	500L

မှတ်ပုံတင်ပိုးသတ်ဆေး ထုတ်လုပ်သူလွှဲပြောင်းခြင်း

Bayer AG မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပေါင်းသတ်ဆေးကို မူလထုတ်လုပ်သူ Bayer AG, Germany မှ BASF SE, Germany သို့ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက ဖွဲ့ဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

Trade Name	A.I	Reg. Type	Reg. No.
Basta 15 SL	Glufosinate-ammonium 150g/L	Full	F2014-402

Bayer Thai Co., Ltd. (Myanmar Branch), Phone-01-382710

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအပေါ် ကုမ္ပဏီ၏ တစ်ဦးတည်းပိုင်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်-၂၁၅/၂၁၇၊ မြေညီထပ်တွင် "မောင်မောင်နှင့်သားများကုမ္ပဏီ" အမည်ဖြင့် တိုင်ခန်းဖွင့်လှစ်ထားသော ဦးမောင်ငယ် (၁၂/ကတတ(နိုင်)၀၀၀၆၅၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

Enterprise

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး
ကုန်အမှတ်တံဆိပ်စာချုပ်အမှတ် - ၁၃၈၉၅/၂၀၁၈

ဦးမောင်ငယ်သည် အထက်ဖော်ပြပါ Enterprise တံဆိပ်အမည် အမှတ်အသားကို မိမိ၏ပိုင်ဆိုင်ကုန်အမှတ်တံဆိပ်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၃၈၉၅/၂၀၁၈ အရ တရားဝင် မှတ်ပုံတင်သွင်းထားပြီး ယင်း Enterprise ဟူသော အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့်ပင် ... [illegible] ... အဆိုပါ Enterprise တံဆိပ်အမည်အမှတ်အသားကို ... [illegible] ... ဖြန့်ဖြူးရောင်းချနေပြီဖြစ်ပါသည်။

သို့ပါ၍ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ အသုံးပြုလျက်ရှိသော အဆိုပါ Enterprise တံဆိပ်အမည်အမှတ်အသားကို ... [illegible] ... အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသီတာမော် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉/၂-၁၀-၂၀၁၂)
အမှတ်-၉၉/၁၁၁၊ ကျောက်မြောင်းလမ်းနှင့် မင်းကြီးလမ်းထောင့်၊ ... [illegible] ...
ဖုန်း-၀၉-... [illegible]

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၆

ဦးမြင့်စိုး	နှင့်	၁။ ဦးထွန်းထွန်းလင်း ၂။ ဦးဇော်ထက်တင်
(တရားလို)		(တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့နယ်၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၃၈)၊ အခန်း(၁)နေ ဦးထွန်းထွန်းလင်း(ကန်ထရိုက်တာ) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တိုက်ခန်းတန်ဖိုးကျန်ငွေလက်ခံ၍ တိုက်ခန်းအား အချောပြင်ဆင်ပြီး တရားလိုထံ လက်ရောက်ပေးအပ်ရန်(သို့) တိုက်ခန်းအရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ပေးအပ်ထားသည့် စရန်ငွေ၏ (၂)ဆ (၂၄၂)သိန်းနှင့် နစ်နာကြေးငွေ (၅၈)သိန်း စုစုပေါင်းငွေကျပ်သိန်း(၃၀၀)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ(၈)ရက်၊ (၁၃၈၀ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ(၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၅ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်နီဦး)
ဒုတိယခရိုင်တရားသူကြီး(၉)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

Penthouse ထပ် A နှင့် B ကွန်ဒိုတိုက်ခန်း (၂)ခန်း ဝယ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၉)လမ်း၊ အမှတ် (၁၂၂-၁၂၄) တွင် ဆောက်လုပ်ထားသော (၄)ခန်းတွဲ Penthouse ပါ (၈)ထပ်တိုက်မှ Penthouse ထပ် A နှင့် Penthouse ထပ် B ဟု ခေါ်တွင်သော အကျယ်အဝန်း (၁)ခန်းလျှင် (၂၄' x ၆၀') ကွန်ဒိုတိုက်ခန်း (၂)ခန်း၊ စုစုပေါင်း အကျယ်အဝန်း (၄၈' x ၆၀')ရှိသော ကွန်ဒိုတိုက်ခန်းဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် အဆိုပြုသူ ပိုင်ရှင် ဦးစည်သူထွန်း၊ (၁) ဦးဇေယျ (၁၂/ပဇတ (နိုင်) ၀၂၈၇၁)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေအချို့တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်တင်တင်မြ (LL.B., LL.M., D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၀၁၄)
အမှတ် (၅၀)၊ မ-ထပ်၊ အခန်း (A-7)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။
Ph : 09 5047383, 09 261128223

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊(၁)ရပ်ကွက်၊နတ်သျှင်နောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၃)၊လူနေရပ်ကွက်အမှတ်(၁)ရပ်ကွက်(စီမံ)၊ မြေကွက်အမှတ်(၄၃)၊အကျယ်(၂၅'×၅၀')ပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ မြေနှင့်အဆောက်အဦးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် (၁)ဦးထက်ပိုင်ထွန်း(၁၂/မရက(နိုင်)၁၃၅၉၁၄)၊ (၂) ဒေါ်ယဉ်သူထွန်း(၁၂/မရက(နိုင်)၁၃၅၉၁၅)တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်နိုင်ဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၂၄)
တိုက်(၁၁)၊တာပင်ရွှေထီးလမ်း၊(၁)ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉၇၈၀၀၀၃၄၉၀၀၉၄၂၀၁၅၃၄၆

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာသိမှတ်ဖွယ်

❖ **အကျုံးဝင်သည့် ဝင်ငွေများ**

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ - ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့် ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သောဝန်ဆောင်ခအဖြစ် ရရှိသည့် ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ် (သို့မဟုတ်) လစဉ် ပုံသေလုပ်ခ သို့မဟုတ် လစာ ရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ မဟုတ်ဘဲ "လစာ" မှ ဝင်ငွေသာဖြစ်သည်။

❖ **အခွန်နှုန်း။** ၁-၄-၂၀၁၈ ရက်မှစတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည် -

အမှတ်စဉ်	ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ		စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
(က)	၁	၂၀၀၀၀၀၀	၀ ရာခိုင်နှုန်း
(ခ)	၂၀၀၀၀၀၁	၅၀၀၀၀၀၀	၅ ရာခိုင်နှုန်း
(ဂ)	၅၀၀၀၀၀၁	၁၀၀၀၀၀၀၀	၁၀ ရာခိုင်နှုန်း
(ဃ)	၁၀၀၀၀၀၀၁	၂၀၀၀၀၀၀၀	၁၅ ရာခိုင်နှုန်း
(င)	၂၀၀၀၀၀၀၁	၃၀၀၀၀၀၀၀	၂၀ ရာခိုင်နှုန်း
(စ)	၃၀၀၀၀၀၀၁နှင့်အထက်		၂၅ ရာခိုင်နှုန်း

❖ **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

❖ **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကိုတွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးရ-

- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကိုအရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့် ရှေ့နေတစ်ဦး၏စရိတ် တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

❖ **အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည် -
ဦးကျော်သည် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ် ၅သိန်းရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅သိန်းရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅သိန်း၊ အလှပြင်စရိတ် ကျပ် ၁၅သိန်း၊ သရုပ်ဆောင်ဆိုင်ရာအဝတ်အထည်စရိတ် ကျပ် ၁၀သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန် မန်နေဂျာတစ်ဦး တစ်လ ကျပ် ၄သိန်းဖြင့် ၄၈သိန်း၊ အထွေထွေစရိတ် ၁သိန်း၊ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁၀၉သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅သိန်းရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆သိန်းရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မိခိုသူဇနီးရှိပြီး သားသမီး ၂ ဦး အနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်းကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည် -

				(ကျပ်)
သရုပ်ဆောင်ခဝင်ငွေစုစုပေါင်း			=	၅၄၅၀၀၀၀၀
(နုတ်) ကုန်ကျစရိတ်				
ခရီးသွားလာစရိတ်	=	၃၅၀၀၀၀၀		
အလှပြင်စရိတ်	=	၁၅၀၀၀၀၀		
အဝတ်အထည်စရိတ်	=	၁၀၀၀၀၀၀		
အထွေထွေစရိတ်	=	၁၀၀၀၀၀		
မန်နေဂျာလစာ	=	၄၈၀၀၀၀၀		
စုစုပေါင်းလုပ်ငန်းအတွက်ကုန်ကျစရိတ်			=	(၁၀၉၀၀၀၀၀)
အသားတင်ဝင်ငွေ			=	၄၃၆၀၀၀၀၀
(နုတ်) သက်သာခွင့်များ				
(က) အခြေခံသက်သာခွင့် (အသားတင်ဝင်ငွေ၏ ၂၀%ဖြင့်)	=	၈၇၂၀၀၀၀		
(ခ) အိမ်ထောင်ဖက်အတွက်	=	၁၀၀၀၀၀၀		
(ဂ) အိမ်ထောင်သည်သားအတွက်	=	ခွင့်မပြု		
(ဃ) ကျောင်းသူသမီးအတွက်	=	၅၀၀၀၀၀		
စုစုပေါင်း သက်သာခွင့်များ			=	(၁၀၂၂၀၀၀၀)
အခွန်စည်းကြပ်ရန်ဝင်ငွေ			=	၃၃၃၈၀၀၀၀
စုစုပေါင်းကျသင့်အခွန်			=	၄၉၉၅၀၀၀

တွက်ချက်မှု-

ပထမကျပ်	၂၀၀၀၀၀၀/-	x	၀%	=	၀/-
ဒုတိယကျပ်	၃၀၀၀၀၀၀/-	x	၅ %	=	၁၅၀၀၀၀/-
တတိယကျပ်	၅၀၀၀၀၀၀/-	x	၁၀ %	=	၅၀၀၀၀၀/-
စတုတ္ထကျပ်	၁၀၀၀၀၀၀၀/-	x	၁၅ %	=	၁၅၀၀၀၀၀/-
ပဉ္စမကျပ်	၁၀၀၀၀၀၀၀/-	x	၂၀ %	=	၂၀၀၀၀၀၀/-
ကျန်ကျပ်	၃၃၈၀၀၀၀/-	x	၂၅ %	=	၈၄၅၀၀၀/-
ကျသင့်အခွန်					၄၉၉၅၀၀၀/-

❖ မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၄၃၀၅၂၂၊ ၀၆၇-၄၃၀၅၃၃ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)၊ အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂- ၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website လိပ်စာ www.irdmyanmar.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

